


မြန်မာနိုင်ငံသည် ပြီးပြည့်စုံသည့် အမျိုးသားမြေယာဥပဒေကို ပြဋ္ဌာန်းထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို ၂၀၁၆ ခုနှစ်တွင် ကောက်ယူမွေးစားခဲ့သည်။ အမျိုးသားမြေယာဥပဒေကိုပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် အခြားသောဥပဒေများအားလုံးသည် ၎င်း၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရပါမည်။ ၎င်းပြဋ္ဌာန်းလိုက်သည့် ဥပဒေအသစ်သည် မြေယာများနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအတွက် မှီခိုနေထိုင်ကြသည့် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ၏ အနာဂတ်အတွက် အလွန်ပင်အရေးပါသည်။

မြေယာများနှင့် အရင်းအမြစ်များအား စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏ အစိုးရနှင့် ဖက်ဒရယ်စနစ်ကို တောင်းခံလျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရာတွင် အဓိကသော့ချက်တစ်ခုလည်းဖြစ်နေပါသည်။ အကယ်၍ ဖက်ဒရယ်ပြည်ထောင်စုကြီး အမှန်တကယ် အကောင်အထည်ပေါ်လာပြီး ဖက်ဒရယ်ပြည်နယ်များ (မြန်မာဌာနေတိုင်းရင်းသားများအများစုနေထိုင်သော “တိုင်းရင်းသားပြည်နယ်များ”) မြေယာနှင့်သစ်တောများအပေါ် စီမံအုပ်ချုပ်ပိုင်ခွင့်ရရှိလာခဲ့လျှင် နိုင်ငံတောနှင့် ပြည်နယ်အဆင့်မူဝါဒများနှင့် ဥပဒေများသည်လည်း လိုက်လျောညီထွေဖြစ်နေရပါမည်။

မြန်မာနိုင်ငံလူထုအခြေပြုအဖွဲ့အစည်းများအတွက် အရေးတကြီး ပြင်ဆင်ထားရန်လိုအပ်ချက်များမှာ အမျိုးသားမြေယာဥပဒေအသစ်၊ ပြည်နယ်အဆင့်ဥပဒေများနှင့် နောင်လာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် ဓလေ့ထုံးတမ်းမြေယာများအား အသိအမှတ်ပြုရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ထားရန်ဖြစ်ပါသည်။
သို့ဖြစ်၍ ပွိုင့်အဖွဲ့မှအောက်ပါလေ့လာချက်များကို လုပ်ဆောင်ထားပါသည်-

- ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သည့် သက်ဆိုင်ရာ တည်ဆဲဥပဒေများအပေါ်တွင် ကြိုးကြောင်းဆီလျော်စွာ ပြန်လည်သုံးသပ်ရန်၊
- ဌာနေတိုင်းရင်းသားဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသောနေရာဒေသများဥပဒေနှင့် မြေလွတ်မြေလတ်မြေရိုင်းဥပဒေ နှစ်ခုတို့ကို အကောင်အထည်ဖော်ရာမှ ထိခိုက်နစ်နာမှုများအပေါ် ဖြစ်ရပ်မှန်လေ့လာမှု နှစ်ခုပြုလုပ်ရန်၊
- ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ ဌာနေတိုင်းရင်းသားတို့၏ အရင်းအမြစ်များနှင့် မြေယာအခွင့်အရေးများအပေါ် အသိအမှတ်ပြုသည့် တည်ဆဲဥပဒေများနှင့် အတွေ့အကြုံများအား ပြန်လည်သုံးသပ်ရန်၊
- အမျိုးသားမြေယာဥပဒေအသစ်ပြဋ္ဌာန်းရန် ဖော်ထုတ်ရာတွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုအခွင့်အရေးများအား အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးမှုအတွက် တိကျသေချာသောအချက်အလက်များဖြင့် ထောက်ပံ့နိုင်ရန်၊


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း - ၀၉/ ၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ - **https://www.facebook.com/PromotionOfIndigenousandNatureTogether**

အင်တာနက်လိပ်စာ - **www.pointmyanmar.org**

အီးမေးလ် - **point.org.mm@gmail.com**



IWGIA

NICFI
Norway's International Climate and Forest Initiative

RAINFOREST FOUNDATION NORWAY

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့




# မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာရပိုင်ခွင့်များ

## လက်ရှိအခြေအနေများနှင့် ရှေ့ဆက်ရမည့် ခရီး။

# မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏
# ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာရပိုင်ခွင့်များ

လက်ရှိ အခြေအနေများနှင့် ရှေ့ဆက်ရမည့် ခရီး။

ပုံနှိပ် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့
၂၀၁၉

# မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာရပိုင်ခွင့်များ။
# လက်ရှိ အခြေအနေများနှင့် ရှေ့ဆက်ရမည့် ခရီး။


မျှဝေရန် ခွင့်ပြုချက်

ဤစာတမ်းအား နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းဖြစ်သော Creative Commons ၏
လိုင်စင် Attribution–NonCommercial–NoDerivs 2.0 UK ဖြင့် ထုတ်ဝေခြင်းဖြစ်သည်။

အင်တာနက်စာမျက်နှာ လိပ်စာ

http://creativecommons.org/licenses/by–nc–nd/2.0/uk တွင် ဆက်လက်လေ့လာနိုင်ပါသည်။



ထုတ်ဝေသူ

ပွိုင့် – ရိုးရာဝန်းကျင် မြှင့်တင်ရေးအဖွဲ့

အင်တာနက်စာမျက်နှာလိပ်စာ

https://www.pointmyanmar.org



ရေးသားပြုစုသူ

Christian Erni, Stony Siang Awr Cung and Nu Ra Maru



အပြင်အဆင် နှင့် မျက်နှာဖုံး ဒီဇိုင်း

Saw Benhur

မှတ်တမ်း ဓါတ်ပုံ ရိုက်ကူးသူများ

ပုံအမှတ် ၁ မှ ၆၊ ၈ နှင့် ၁၀ – Stony Siang Awr Cung
ပုံအမှတ် ၇ နှင့် ၉ – Nu Ra Maru
ကျန်မှတ်တမ်းပုံများ – Christian Erni
စာမျက်နှာ ၈ တွင်ရှိသော ဓါတ်ပုံ – စစ်ကိုင်းတိုင်းအတွင်းရှိ နာဂရွာတစ်ရွာ
စာမျက်နှာ ၂၈ တွင်ရှိသော ဓါတ်ပုံ – ဖာလာစိုက်ပျိုးမြေတော တစ်ခုတွင်ရှိသော ကရင်အမျိုးသမီးတစ်ဦး
စာမျက်နှာ ၄၄ တွင်ရှိသော ဓါတ်ပုံ – ကယန်း ရွာသူ၊ ရွာသားများ စပါးရိတ်သိမ်းနေပုံ
ရန်ကုန်မြို့ရှိ "မြင့်" ရောင်စုံပုံနှိပ်တိုက်တွင် ပုံနှိပ်သည်။

ဤစာအုပ် ထုတ်ဝေခြင်းအား နော်ဝေမိုးသစ်တောဖောင်ဒေးရှင်း(Rainforest Foundation Norway)နှင့် နိုင်ငံတကာ ဌာနေတိုင်းရင်းသားများရေးရာ အလုပ်အဖွဲ့ (International Work Group for Indigenous Affairs) ၏ အထောက်အပံ့များနှင့်အတူ နော်ဝေးနိုင်ငံ၏ နိုင်ငံတကာရာသီဥတုနှင့် သစ်တောရေးရာလုပ်ဆောင်သူများအဖွဲ့ (Norway's International Climate and Forest Initiative) ၏ ငွေကြေးထောက်ပံ့မှုများဖြင့် ထုတ်ဝေခြင်းဖြစ်သည်။

# မာတိကာ


**အတိုကောက်စကားလုံးများ** ၅

**နိဒါန်း** ၆

**အခန်း (၁)**

**မြန်မာနိုင်ငံ၏ ဥပဒေများနှင့် မူဝါဒများတွင်ပါရှိသော ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများ** ၉

- ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ၁၀
- ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေဆိုင်ရာ ပြင်ဆင်ချက် ၁၂
- သစ်တောဥပဒေပြုခြင်း ၁၆
- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ၂၁
- ၂၀၁၉ ခုနှစ် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ ၂၂
- မြေတိုင်းဥပဒေ ၂၅
- ခြုံငုံ၍ နိဂုံးချုပ်ခြင်း ၂၆

**အခန်း (၂)**

**ဌာနေတိုင်းရင်းသားများပေါ် တည်ဆဲဥပဒေများ၏ ရိုက်ခတ်မှုများ** ၂၉

- ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြေယာသိမ်းခြင်း – တောင်ခေါင်းပွာရွာ ၂၉
- ပြည်သူထိန်းသိမ်းသစ်တော တစ်ခု တည်ထောင်ခြင်း (လိပ်သိုမြို့နယ်ခွဲ၊ ကရင်ပြည်နယ်) ၃၇

**အခန်း (၃)**

**မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား ကာကွယ်ပေးခြင်း (တွေ့ကြုံခဲ့ရသော သင်ခန်းစာများ နှင့် အမျိုးသား မြေအသုံးချမှု မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုလွှာများ)** ၄၅

- အမျိုးသား မြေဥပဒေနှင့်   မြန်မာနိုင်ငံမှ တရားဝင်လုပ်ဆောင်ရမည့် နိုင်ငံတကာဝတ္တရားများ ၄၅
- မြေဥပဒေသစ်တစ်ခု ပြဋ္ဌာန်းခြင်း – အမျိုးသား မြေအသုံးချမှု မူဝါဒ ၄၇

ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများအား ကာကွယ်ခြင်း
(ကမ္ဘောဒီယားနိုင်ငံ နှင့် ဖိလစ်ပိုင်နိုင်ငံမှ သင်ယူခဲ့ရသော သင်ခန်းစာများ) ၄၈

ကမ္ဘောဒီယားနိုင်ငံ ၄၈

ဖိလစ်ပိုင်နိုင်ငံ ၆၀

ရှေ့ဆက်ခရီး – မြန်မာနိုင်ငံ၏ အမျိုးသားမြေဥပဒေတွင် အဓိက ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများ ၇၀

မှတ်စုများနှင့် ကိုးကားချက်များ ၇၉

# အတိုကောက် စကားလုံးများ

| | |
|---|---|
| BCPA Law | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ |
| CADT | ဘိုးဘွားပိုင်နယ်မြေ လက်မှတ်ဟု ခေါ်ဆိုနိုင်သည်။ ဌာနေတိုင်းရင်းသားများ၏ စုပေါင်းမြေယာအခွင့်အရေးများ ဖိလစ်ပိုင်အစိုးရမှ အသိအမှတ်ပြု၍ ထုတ်ပေးထားသော လက်မှတ်ဖြစ်သည်။ |
| CALT | ဘိုးဘွားပိုင်မြေ လက်မှတ်ဟု ခေါ်ဆိုနိုင်သည်။ ဌာနေတိုင်းရင်းသားများ၏ တစ်ဦးချင်းစီသော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း(သို့မဟုတ်) မျိုးနွယ်စုအလိုက်သော်လည်းကောင်း မြေအခွင့်အရေးအား ဖိလစ်ပိုင်အစိုးရမှ အသိအမှတ်ပြု၍ ထုတ်ပေးထားသောလက်မှတ်ဖြစ်သည်။ |
| CF | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း |
| CFI | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် |
| CSO | အရပ်ဘက်လူ့အဖွဲ့အစည်း |
| FPIC | လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီချက် |
| FUG | သစ်တောအသုံးပြုသူများ အုပ်စု |
| GPS | ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ် |
| ICCA | ဌာနေတိုင်းရင်းသားများ ထိန်းသိမ်းစောင့်ရှောက်သည့်နယ်မြေ |
| ICCs/IPs | ဌာနေတိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့အစည်းများ (သို့) ဌာနေတိုင်းရင်းသားများ |
| ICESCR | စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာသူများ/စစ်ဘေးရှောင်များ/စစ်ဘေးရှောင် ဒုက္ခသည်များ |
| IPRA | ဌာနေတိုင်းရင်းသားများအခွင့်အရေး အက်ဥပဒေ –<br>နိုင်ငံတော် အက်ဥပဒေ ပုဒ်မ ၈၃၇၁၊ ပြည်သူ့သမ္မတ ဖိလစ်ပိုင်နိုင်ငံ |
| IUCN | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နိုင်ငံတကာသမဂ္ဂ |
| MONREC | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| NCIP | ဌာနေတိုင်းရင်းသားများဆိုင်ရာ အမျိုးသားကော်မရှင် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| NLUP | အမျိုးသား မြေအသုံးချမှု မူဝါဒ |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ကောင်စီ |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ |
| UNDRIP | ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း |
| VFV Land | မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ |

# နိဒါန်း

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲများအတွက် စတင်ဆောင်ရွက်ချိန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား စတင်ဝင်ခွင့်ပေးလိုက်သည့်အချိန်မှစ၍ နိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်းများစွာလုပ်ဆောင်ခဲ့ပြီး မြေယာနှင့် သဘာဝသယံဇာတအရင်းအမြစ်များဆိုင်ရာဥပဒေသစ်များကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများအကြား လယ်ယာမြေဥပဒေသစ်တစ်ခုနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများအား ၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ယင်းဥပဒေများအား ၂၀၁၈ ခုနှစ်တွင် ပြန်လည်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် အမျိုးသားမြေအသုံးပြုမှုမူဝါဒ(NLUP)တစ်ခုကို ပြဋ္ဌာန်းခဲ့ပြီး ယင်းကာလအတွင်းတွင်ပင် ပြန်လည်မွမ်းမံခဲ့ပြီးသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကိုပါ ပြဌာန်းခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အား ထပ်မံ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင်သာမက သစ်တောဥပဒေအသစ်တစ်ခု၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာဥပဒေများအား ၂၀၁၈ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သည်။ ဆက်လက်၍ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေအား ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

တစ်ချို့သော ပြန်လည်စိစစ်မှုများအတွက် အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး နောက်ထပ် ဥပဒေအသစ်များကို အကြမ်းပြုစုနေစဉ်ကာလအတွင်းတွင်လည်း ယင်းဥပဒေများအား ပိုမိုပြည့်စုံစေရန်ရည်ရွယ်ချက်ဖြင့် အရပ်ဘက်လူမှုဖွဲ့အစည်း(CSOs)များမှလည်း ဝေဖန်မှတ်ချက်ပေးခြင်းများနှင့် အကြံပြုချက်များပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ အမျိုးသားမြေအသုံးပြုမှုမူဝါဒမှအပ လက်ရှိတည်ဆဲဥပဒေများအတွင်းတွင် ပြဿနာအများဆုံး ဖြစ်ပေါ်စေနိုင်သောအကြောင်းအရာမှာ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုထားခြင်း တစ်စိုးတစ်စိမျှ မရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လက်ရှိကာလတွင် ဌာနေတိုင်းရင်းသားများ အသိုက်အဝန်းများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာနှင့်ပတ်သက်သော အခွင့်အရေးများအား အသိအမှတ်ပြုထားခြင်းမရှိပါဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။

၂၀၁၆ခုနှစ် မြေအသုံးပြုမှုမူဝါဒတွင်ပြဋ္ဌာန်းခဲ့သည့်အတိုင်း ပြည့်စုံပြီး အားလုံးခြုံငုံမိသော မြေဥပဒေအသစ်တစ်ခုအား လက်ရှိတွင် ပြုစုရေးသားနေပြီး များမကြာမီအချိန်တွင် အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်မည်ဟု မျှော်လင့်ရပါသည်။ ယခုအချိန်အထိတွင်မူ ယင်းဥပဒေအား ထုတ်ပြန်ဖြန့်ဝေနိုင်ခြင်းမရှိသေးဘဲ ယင်းဥပဒေကြမ်းသည် အမျိုးသားမြေအသုံးပြုမှုမူဝါဒ၏ ထုတ်ပြန်ချက်များအား မည့်သည့်အတိုင်းအတာအထိ လိုက်နာဆောင်ရွက်ထားသည်ကို ရှင်းလင်းစွာမသိရှိရသေးပါ။ ထို့အပြင် ယင်းဥပဒေသည် တိုင်းရင်းသားလူမျိုးများ(ဌာနေတိုင်းရင်းသားများ)၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအခွင့်အရေးများအား အသိအမှတ်ပြု၍ ကာကွယ်ပေးနိုင်ခြင်း ရှိသည်၊ မရှိသည်ကိုလည်း ရှင်းလင်းစွာမသိရသေးပါ။

အမျိုးသား မြေအသုံးပြုမှုဥပဒေအား ပြဋ္ဌာန်းခဲ့ပြီးပြီဆိုပါလျှင် အခြားဥပဒေများသည် ယင်းဥပဒေအတွင်း၌ ပါရှိပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ လိုက်လျောညီထွေမှုရှိရမည်ဖြစ်သည်။ မြန်မာအစိုးရနှင့် ဖက်ဒရယ်အစိုးရစနစ်အား ဖန်တီးရန် တောင်းဆိုနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAG)အကြားတွင်းရှိသော အဓိကပြဿနာမှာအရင်းအမြစ်များနှင့် နယ်မြေများအပေါ် ထိန်းချုပ်ခွင့်ရရှိရန်ဖြစ်သည်။ အကယ်၍ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာခဲ့ပါလျှင် ဖက်ဒရယ်ပြည်နယ်အုပ်ချုပ်သူများသည် (တိုင်းရင်းသားပြည်နယ်များဟုခေါ်ဆိုသော မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ နေထိုင်ကြသော နေရာဒေသများ။) ၎င်းတို့၏ နယ်မြေအတွင်းရှိ မြေနှင့် သစ်တောများအပေါ်တွင် အာဏာသက်ရောက်မှု ရှိလာမည်ဖြစ်သည်။ သို့သော် အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်ဥပဒေများနှင့် မူဝါဒများသည် လိုက်လျောညီထွေမှုရှိရမည်ဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံးကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အချို့သည် ၎င်းတို့၏ ကိုယ်ပိုင်မြေယာမူဝါဒ ရှိနေပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အမျိုးသားမြေဥပဒေတွင်သာမက အနာဂတ်တွင်ပေါ်ပေါက်လာမည့် ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်နယ်အဆင့်ဥပဒေနှင့် မူဝါဒများတွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာများအား အသိအမှတ်ပြုစေရေးနှင့် ကာကွယ်ပေးရေးအတွက် ညှိနှိုင်းခြင်းများနှင့် စည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်ရန် အရပ်ဘက်ဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်း

များတွင် အရေးတကြီးလိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် ပွိုင့်အနေဖြင့် အောက်ပါအကြောင်းအရာများပါဝင်သော လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။

- မြန်မာနိုင်ငံ၏ လက်ရှိဥပဒေများနှင့် မူဝါဒများအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သော အခြေအနေအမှန်များနှင့်စပ်လျဉ်း၍ မှန်ကန်သော သတင်းအချက်အလက်များအား အောက်ဖော်ပြပါနည်းလမ်းများဖြင့် စုဆောင်းရန်
  - ထုတ်ပြန်ထားသော ဥပဒေများအနက် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးနှင့်ပတ်သက်သော ဥပဒေများအား စိစစ်ခြုံငုံသုံးသပ်ခြင်း။
  - ဥပဒေနှစ်ရပ်ပြဋ္ဌာန်းခြင်း၏ သက်ရောက်မှုများအား စာရွက်စာတမ်းများ၊ ရုပ်သံများဖြင့် စနစ်တကျမှတ်တမ်းတင်ခြင်း။ ဆိုလိုသည်မှာ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အသီးသီးရှိကြသော ဌာနေတိုင်းရင်းသားများနေထိုင်ရာဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ရေးနှင့် ကာကွယ်ရေးမြေနေရာဥပဒေအား ပြဋ္ဌာန်းခြင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေများပြဋ္ဌာန်းခြင်း အစရှိသည်တို့နှင့် ပတ်သက်၍ မှတ်တမ်းတင်ခြင်း။

- အမျိုးသားမြေအသုံးပြုမှုဥပဒေအား အကောင်အထည်ဖော်ရေးဆွဲရာတွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးခြင်းများအတွက်ပါ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အောက်ပါအချက်အလက်များပေါ်တွင်မူတည်၍ ခိုင်မာတိကျသောအချက်အလက်များအား တင်သွင်းနိုင်ရန်

- မိမိတို့နှင့် ယဉ်ကျေးမှုနီးစပ်သည့် ကမ္ဘာ့အပိုင်းတွင်ရှိသော(အရှေ့တောင်အာရှတွင်ရှိသော) အခြားနိုင်ငံများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေအား အသိအမှတ်ပြုခြင်းဆိုင်ရာ တည်ဆဲဥပဒေယန္တရားများအား စိစစ်ခြုံငုံသုံးသပ်ခြင်း။ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများအား ဆိုလိုခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသို့ အပြန်အလှန် ခရီးစဉ်တစ်ခုလည်း ပါဝင်မည်ဖြစ်သည်။
  - ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအခွင့်အရေးများအတွက်အလုပ်ရုံ ဆွေးနွေးပွဲများ၊ ရှေ့နေများ၊ အခြားကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း။

ယင်းကဲ့သို့ ကြိုးစားအားထုတ်မှု၏ ရလဒ်အား ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။ အခန်း(၁)တွင် လက်ရှိ တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ထားခြင်းကို အနှစ်ချုပ်တင်ပြထားပါသည်။ အခန်း(၂)တွင်မူ ဌာနေတိုင်းရင်းသားများ နေထိုင်ရာဒေသများအပေါ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ရေးနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေဥပဒေများ၏ သက်ရောက်မှုများနှင့်ဆိုင်သော ဖြစ်စဉ်နှစ်ခုအား တင်ပြထားပါသည်။ အခန်း(၃) ကုလသမဂ္ဂအထွေထွေညီလာခံတွင်ပြုလုပ်သော ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း(UNDRIP) အား မြန်မာနိုင်ငံအနေဖြင့် လက်ခံကျင့်သုံးရန်မဲပေးလက်ခံခဲ့ပြီး ဆက်လက်၍ အသိအမှတ်ပြုလက်မှတ်ရေးထိုး လက်ခံခဲ့သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(ICESCR)အရ ဌာနေတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်ရေးဆိုင်ရာနှင့်ပတ်သက်၍ ဥပဒေရေးရာတာဝန်ဝတ္တရားများအား အကျဉ်းချုပ်ဆွေးနွေးထားသည်။

ဆက်လက်၍ မြန်မာအစိုးရအား အမျိုးသားမြေအသုံးပြုမှုဥပဒေကို ဥပဒေပြုရေးအတွက် ညွှန်ကြားချက်ပေးထားသော အမျိုးသားမြေအသုံးပြုမှုမူဝါဒ၏ အပိုင်း(၈)တွင် အဓိကပြဋ္ဌာန်းထားသော တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးပြုမှု အခွင့်အရေးများအား စိစစ်ခြုံငုံသုံးသပ်ထားပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်ခွင့်များအား ကာကွယ်ထားပေးသောဥပဒေများအား ဖော်ဆောင်ခြင်းနှင့် ဥပဒေပြုပြဋ္ဌာန်းခြင်းမှ ရရှိခဲ့သော အတွေ့အကြုံများအား ခွဲခြမ်းသုံးသပ်ခြင်းဖြင့် တွေ့ရှိချက်များကို နောက်ဆက်တွဲအခန်းခွဲတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဤအရာများပေါ်တွင်မူတည်၍ အခန်းခွဲများ၏ နိဂုံးချုပ်များတွင် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား အသိအမှတ်ပြုခြင်း နှင့် ကာကွယ်ခြင်းဆိုင်ရာဥပဒေများကိုလည်း မြန်မာနိုင်ငံ၏ အနာဂတ် အမျိုးသားမြေအသုံးပြုမှုဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် အဆိုပြုချက် များအား တင်ပြထားပါသည်။



# အခန်း (၁)

# မြန်မာနိုင်ငံ၏ ဥပဒေများနှင့် မူဝါဒများတွင်ပါရှိသော ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများ

ကမ္ဘာပေါ်ရှိ အခြားဒေသများကဲ့သို့ပင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများသည်လည်း ရာစုနှစ်ပေါင်းများစွာ ကတည်းကပင် ၎င်းတို့၏ ကိုယ်ပိုင်ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေများနှင့် သစ်တော၊ သဘာဝ သယံဇာတအရင်းအမြစ်များ၊ မြေအသုံးပြုခြင်း နှင့် စီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းများအား ရေးဆွဲသောအဖွဲ့အစည်းများ ရှိထားပြီးဖြစ်သည်။ ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်ကာလတွင် ဝေးလံခေါင်ဖျား၍ နယ်စပ်နှင့်နီးသော တောင်ပေါ်ဒေသများအား သွယ်ဝိုက်အုပ်ချုပ်ခြင်းနည်းဗျူဟာကို အသုံးပြုခြင်း၏ရလဒ်များအနေဖြင့် ထိုဒေသများတွင် ရိုးရာဒေသန္တရအုပ်ချုပ်မှုစနစ်များဖြင့်သာ အများဆုံး ဆက်လက်အုပ်ချုပ်ခဲ့ကြသည်။ ဤအရာကို ကြည့်ခြင်းအားဖြင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေးမတိုင်မီကာလနှင့် ယနေ့ခေတ်ကာလ၏ အတိုင်းအတာတစ်ခုအထိ မြန်မာနိုင်ငံမှ ဌာနေတိုင်းရင်းသားများ အဓိကနေထိုင်ရာကုန်းမြေမြင့်ဒေသများတွင် ၎င်းတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေများဖြင့်သာ စီမံခန့်ခွဲမှုများ ပြုလုပ်ခဲ့ကြသည်ကို သိနိုင်သည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီး ပြည်ထောင်စုအစိုးရသည်သာ နိုင်ငံအတွင်းရှိ နယ်မြေအားလုံးကို ပိုင်ဆိုင်သူဖြစ်သည်ဟူ၍ ဗမာ့ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ၁၉၅၃ခုနှစ်တွင် မြေများအား ပြည်သူပိုင်သတ်မှတ်ခြင်း အက်ဥပဒေအား လက်ခံကျင့်သုံးခဲ့ပြီး ယင်းဥပဒေအားဖြင့် ပုဂ္ဂလိကမြေပိုင်ဆိုင်မှုများအားဖယ်ရှားခဲ့ရာ မြေအသုံးပြုနေသူများနှင့် လယ်ယာအားဖြင့် အသက်မွေးကြသူများကိုမူ မြေအသုံးပြုခွင့် သို့မဟုတ် "ထွန်ယက်ခွင့်" များ ထုတ်ပေးခဲ့သည်။[၁] အကယ်၍ မြေပိုင်ရှင်များသည် မိမိတို့၏မြေများအား မိမိတို့ကိုယ်တိုင်စိုက်ပျိုးနေခဲ့ပြီး၊ ၁၉၄၈ခုနှစ်ကတည်းက မြေပိုင်ဆိုင်မှုများရှိထားရုံသာမက မိသားစုဝင်အများစုသည် ဗမာနိုင်ငံသားဖြစ်လျှင် ၎င်းတို့၏မြေများသည် ကင်းလွတ်ခွင့်ရကြသည်။ ထိုသူတို့သည် ၎င်းတို့၏ မြေနှင့်သက်ဆိုင်သည့် ချမှတ်ထားသော အစိုးရ၏ဥပဒေများအား ကျင့်သုံးလိုက်နာနေသ၍ ၎င်းတို့မြေ၏ ကန့်သတ်ဧရိယာတစ်ချို့အတွက် လုပ်ပိုင်ခွင့်များရရှိခဲ့သည်။[၂]

၁၉၆၂ခုနှစ်တွင် အာဏာသိမ်းပြီး စစ်အစိုးရအဖြစ် အာဏာရလာသောအခါ ဆိုရှယ်လစ်အတွေးအခေါ် သဘောတရားများအား လိုက်နာကျင့်သုံးသည်ဖြစ်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ပြည်သူပိုင်အဖြစ် တိုးချဲ့သတ်မှတ်ခဲ့ပြီး အရှေ့ဥရောပ တစ်ပါတီပြည်ထောင်စုစနစ်အား စံသတ်မှတ်၍ ၁၉၇၄ခုနှစ်တွင် အခြေခံဖွဲ့စည်းပုံ ဥပဒေမူကြမ်း အသစ်တစ်ခု ရေးဆွဲခဲ့ပါသည်။[၃] ၁၉၆၃ခုနှစ် ငှားရမ်းခြင်းအက်ဥပဒေနှင့် ၁၉၆၅ ငှားရမ်းခြင်းအက်ဥပဒေပြင်ဆင်ချက်အရ မြေယာများအား ပြည်သူပိုင်အဖြစ်သတ်မှတ်ခြင်းမှာ  အောင်မြင်ခဲ့သည်။ ပုဂ္ဂလိကအနေဖြင့် ငှားရမ်းခြင်းများအားပိတ်ပင်ခဲ့ပြီး လက်ရှိ တည်ဆဲပိုင်ဆိုင်မှုအခွင့်အရေးများဖြင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်ဆိုင်သည်ဖြစ်စေ အစိုးရနေဖြင့် မည်သည့်မြေ ငှားရမ်းခြင်းကို မဆို ခွင့်ပြုနိုင်သည်။[၄] သို့သော်လည်း အမှန်တစ်ကယ်အခြေအနေတွင်မူ "ယခုပြဌာန်းခဲ့သောဥပဒေသည် ဖြစ်ပေါ်လျက်ရှိသော တရားမဝင်မြေငှားရမ်းခြင်းများအတွက် အနည်းငယ်ပို၍ တွန်းအားပေးသကဲ့သို့ဖြစ်ပြီး" "တရားမဝင်ငှားရမ်းခြင်းများ သို့မဟုတ် မြေအသုံးပြုခွင့်များအား လွှဲပြောင်းပေးခြင်းများမှာ ပုံမှန်ဆောင်ရွက်နေသကဲ့သို့ ဖြစ်ပေါ်လာစေသည်။ တာဝန်ရှိ ပုဂ္ဂိုလ်များမှလည်း ယင်းအားမျက်ကွယ်ပြုခဲ့သည်။"[၅]

၁၉၈၀နှင့် ၁၉၉၀ခုနှစ်များတွင်ဖြစ်ပေါ်ခဲ့သော ကြီးမားသော စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများအား တုံ့ပြန်ရန် အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ပြန်လည်တည်ဆောက်ရေးကောင်စီ (နောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဟုခေါ်ပါသည်။)သည် စီးပွားရေးလုပ်ငန်းများအား လွတ်လပ်စွာလုပ်ဆောင်နိုင်ရန် ပြည်ပနိုင်ငံများနှင့်ဆက်သွယ်ကာ မြေအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိစေရန် စတင်ဆောင်ရွက်ခဲ့ပါသည်။[၆] ၁၉၉၁ခုနှစ်တွင် "ပလပ်မြေ" သို့မဟုတ် "စွန့်ပစ်မြေ" ဟုခေါ်လေ့ရှိသော မြေများတွင် နိုင်ငံပိုင်လုပ်ငန်းများမှ လုပ်ငန်းလုပ်ပိုင်ခွင့်ရရန်နှင့်

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် နှစ်ပေါင်း၃၀အထိ ငှားရမ်းခြင်းများ လုပ်ဆောင်နိုင်ရန် အထူးရည်ရွယ်၍ လုပ်ငန်းတစ်ခုကို ဟတ်တာ၅၀၀၀၀အထိဟု ၁၉၉၈ပြဋ္ဌာန်းချက်အား ပြင်ဆင်ခြင်းဖြင့် "ပထမဦးဆုံး ဥပဒေ"[7] ကို ပြဋ္ဌာန်းခဲ့ပါသည်။[8] ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းခြင်းကိုလည်း ၂၀၁၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပြဋ္ဌာန်းထားသည်။

ဥပဒေတွင် ပြည်သူပိုင်ပြုလုပ်ခြင်းအား အတိအလင်းတားမြစ်ထားသော်လည်း ပုဒ်မ-၃၇(က)အရ "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည်။"ဟု ဖော်ပြထားပြီး ပုဒ်မ-၃၇(ဂ)တွင်မူ "နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်ဥပဒေတို့ကို ပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။" ဟူ၍လည်း ဖော်ပြထားသည်။ သို့သော် နိုင်ငံသားများ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဟူသော ပြဋ္ဌာန်းချက်များရှိနေပါသော်လည်း နိုင်ငံအတွင်းရှိ လယ်သမားများအတွင်း၌ အနည်းငယ်သောသူများသာလျှင် မြေနှင့် သစ်တောများအပေါ်တွင် လုပ်ပိုင်ခွင့်အမျိုးအစားတစ်ချို့အတွက် တရားဝင်စာရွက်စာတမ်းများရှိနေကြပါသည်။ ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲသို့ဦးတည်သော နိုင်ငံရေးအပြောင်းအလဲများ ပြုလုပ်ပြီးချိန်တွင် လုံခြုံမှုမရှိသော လုပ်ပိုင်ခွင့်များအား ဖြေရှင်းရန်အတွက် ၂၀၁၂ခုနှစ်တွင် ဥပဒေနှစ်ရပ်အား ပြဋ္ဌာန်းခဲ့သည်။ ၎င်းတို့မှာ တစ်ဦးတစ်ယောက်စီသော်လည်းကောင်း၊ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း လယ်မြေများအား စာရင်းပြုလုပ်ရာတွင် အထောက်အကူပေးသော လယ်ယာမြေဥပဒေနှင့် ၁၉၉၁ခုနှစ် "စွန့်ပစ်မြေဥပဒေ" အောက်တွင်ရှိသော မူဝါဒအား ဆက်လက်အသုံးပြုခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများအပေါ် အခြေခံပြီး လိုက်လျောညီထွေမှုရှိသော အသုံးမပြုသည့်မြေများအား ထုတ်ပေးနိုင်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈ တွင် ထပ်မံပြင်ဆင်ထားသည်။) အစရှိသည်တို့ဖြစ်သည်။ ၎င်းဥပဒေနှစ်ရပ်သည် ပုဂ္ဂလိကပိုင်ဟူသောယူဆချက်အား ပိုမိုအားကောင်းလာစေသည်။ ဆိုလိုသည်မှာ မြေယာလုပ်ပိုင်ခွင့်များအား ရောင်းချနိုင်သည်၊ ကုန်သွယ်နိုင်သည် သို့မဟုတ် ပေါင်နှံထားနိုင်သည် ဟုဆိုလိုခြင်းဖြစ်သည်။[9] ယင်းဥပဒေနှစ်ရပ်စလုံးတွင် ဆိုးရွားသောချို့ယွင်းချက်များ ရှိနေသည့်အတွက် ဝေဖန်မှုများရှိနေပါသည်၊ အထူးသဖြင့် မိမိနိုင်ငံသားများထက် အခြားသူများအား အလေးပေးခြင်း၊ လယ်သမားများထက် ရင်းနှီးမြှုပ်နှံသူများအား(ပြည်ပ) ပိုမိုအကျိုးဖြစ်ထွန်းစေသောကြောင့် ဖြစ်သည်။[10] ထို့အပြင် ၎င်းဥပဒေနှစ်ရပ်စလုံးသည် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား ကာကွယ်ပေးသော ဥပဒေများမဟုတ်သောကြောင့် ဖြစ်သည်။

## ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ

၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေအရ လွှဲပြောင်းပေးခြင်း၊ အမွေပေးခြင်း၊ ပေါင်နှံထားခြင်းများ ပြုလုပ်နိုင်သည့် တရားဝင်မြေအသုံးပြုခွင့်လက်မှတ်များအား လယ်သမားများအတွက် ပိုင်ဆိုင်ခွင့်ရရန် ဖြစ်နိုင်ခြေရှိလာသည်။ ယင်းဥပဒေသည် မြေနိမ့်ဒေသရှိ တစ်ဦးပိုင်လယ်ယာမြေများအတွက်သာ ရည်ရွယ်သည်ကို ရှင်းရှင်းလင်းလင်း သိနိုင်သည်။ ကုန်းမြေမြင့်ဒေသများတွင်မူ လှေခါးထစ်စပါးစိုက်ခင်းများနှင့် အခြားအမြဲတမ်းစိုက်ပျိုးမြေကွက်များအတွက်သာ မြေအသုံးပြုခွင့်လက်မှတ်များကို ခွင့်ပြုချပေးခဲ့သည်။ ယင်းဥပဒေသည် ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဖော်ပြထားခြင်းမရှိပါ၊ ထို့အပြင် ကုန်းမြေမြင့်ဒေသများရှိ ဌာနေတိုင်းရင်းသားများ အများစုတွင် ရှိတတ်သော အများပိုင်မြေယာများအတွက် စုပေါင်းလုပ်ပိုင်ခွင့်ဆိုင်ရာ မြေအသုံးပြုခွင့်လက်မှတ်များ(LUC)ကို ပိုင်ဆိုင်ရန်လည်း မဖြစ်နိုင်ပါ။

ထို့အပင် မြေအသုံးပြုခြင်းများအတွက် အသုံးပြုရမည့်ပုံစံများနှင့် ကန့်သတ်ချက်များကိုလည်း ဥပဒေတွင် သတ်မှတ်ထားသည်။ လက်ရှိပြောရမည်ဆိုပါလျှင် မြေများအား ကြာရှည်စွာ ပလပ်ထား၍ မရခြင်းနှင့် ရာသီအလိုက် သီးနှံစိုက်ပျိုးခြင်းမှ နှစ်ရှည်သီးနှံများအား ပြန်ပြောင်းစိုက်လိုပါက ခွင့်ပြုမိန့် တောင်းခံရခြင်းဖြစ်သည်။[11]

စပါးစိုက်ပျိုးမြေ၊ ယာမြေနှင့် ကိုင်းမြေ (နှစ်မျိုးစလုံးသည် ရေသွင်းရန်မလိုအပ်သော သီးနှံများစိုက်ပျိုးမြေများအား ရည်ညွှန်းခြင်းဖြစ်သည်။ သို့သော် ယင်းအခေါ်ဝေါ်မှာမူ နိုင်ငံအနှံ့အပြားတွင် ကွဲပြားစွာ ခေါ်ဆိုကြသည်။) နှစ်ရှည်သီးနှံ စိုက်ပျိုးမြေ၊ ဓနိတောများ (ကမ်းခြေဒေသရှိ ဓနိပင်များ ပေါက်ရောက်ရာမြေများ)၊ ဥယျာဉ်မြေ၊ မီးဖိုချောင်သီးနှံများနှင့် ပန်းများ၊ စိုက်ပျိုးမြေနှင့် နုံးမြေ (ရေအောက်တွင် အချိန်ကာလတစ်ခုအထိမြှုပ်နေပြီးမှ ပြန်ပေါ်လာလေ့ရှိသောမြေ)ကဲ့သို့ အမျိုးမျိုးသော လယ်ယာ

မြေများအား ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေတွင် အသိအမှတ်ပြုဖော်ပြထားသည်။ သို့သော် ကုန်းမြေမြင့်ဒေသများတွင် စိုက်ပျိုးရေးအောက်တွင်ရှိသော လယ်ကွင်းများကိုသာ ဥပဒေမှ အသိအမှတ်ပြုပြီး ပလပ်မြေများမပါဝင်ခြင်းကြောင့် ဌာနေတိုင်းရင်းသားများ အဓိကကျောရိုးသဖွယ် မှီခို၍အသက်မွေးပြုနေကြသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းများသည် ချန်လှပ်ထားခြင်းခံခဲ့ရပါသည် (တောင်ယာဟု ခေါ်ပါသည်)။ ရှေ့တွင်ဖော်ပြထားသည့်အတိုင်း လယ်ယာမြေဥပဒေအရ လယ်သမားတစ်ယောက်သည် မြေအသုံးပြုမှုလက်မှတ်တစ်ခုကို လျှောက်ထားနိုင်ပါသည်။ များသောအားဖြင့် "ပုံစံ-၇" ဟူ၍လည်း လူအများသိကြသည်။ ပုံစံ-၇ ရရှိထားသော လယ်သမားတစ်ဦးသည် မြေကို အသုံးပြုခွင့်ရရှိပြီးဖြစ်သည်။ ထို့နောက် ယင်းမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူတမ်းခြင်းနှင့် အမွေဆက်ခံခြင်းများ အစရှိသဖြင့် ဆောင်ရွက်နိုင်သည်။ သို့သော် မြေယာဥပဒေသည် လယ်သမားများအား "ပုံမှန်သီးနှံ"များကိုသာ စိုက်ပျိုးစေလိုသောအားဖြင့် လယ်သမားများအား ၎င်းတို့စိတ်ကြိုက် သီးနှံများစိုက်ပျိုးခြင်းမှ ကန့်သတ်ထားသည်။ မြေအသုံးပြုမှု လက်မှတ် (LUC) လျှောက်ထားစဉ်တွင်လည်း စိုက်ပျိုးလိုသည့် သီးနှံများကိုဖော်ပြထားရသည်။ ဥပဒေနှင့် သွေဖီဆောင်ရွက်ခြင်းများအတွက် မြေအသုံးချမှုလက်မှတ်များအား (LUC) ပြန်လည်ရုပ်သိမ်းခြင်း ခံရနိုင်ပါသည်။[၁၂] နိုင်ငံတော်သည် မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ခြင်းအား ဆက်လက်ထိန်းသိမ်းထားပြီး အကယ်၍ မြေများသည် မြေလပ်များဖြစ်နေရခြင်း အကြောင်းပြချက်များ သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲအဆောက်အအုံများဆောက်ထားခြင်း စသည်တို့အား လယ်ယာမြေအုပ်ချုပ်ရေးအဖွဲ့များ(FABs)ထံသို့ အကြောင်းကြားမှုမရှိခြင်းဘဲ မြေအသုံးပြုမှုအခြေနေများသည်လည်း တင်ပြထားသည်များနှင့် ကိုက်ညီမှုမရှိပါက သို့မဟုတ် ချိုးဖောက်ထားပါက မြေသုံးပြုခွင့်များအား ပြန်လည်ရုပ်သိမ်းနိုင်သည်။[၁၃]

လယ်ယာမြေဥပဒေသည် ဓလေ့ထုံးတမ်းအသုံးပြုမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအား အသိအမှတ် ပြုထားခြင်းမရှိပါ။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် ဒေသများတွင် တွေ့ရတတ်သော စုပေါင်းမြေယာလုပ်ပိုင်ခွင့်လည်းမရှိပါ။ ဥပဒေသည် တောင်ယာများအား လယ်ယာမြေများဟူ၍ရည်ညွှန်းသော်လည်း ယင်းအခေါ်ဝေါ်အား အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိပါ။ ၎င်းအား အမြဲတမ်းမြေအသုံးပြုမှုအောက်တွင်ရှိသော ကုန်းမြေမြင့်ဒေသများရှိ လယ်ကွင်းများဟူ၍ ဘာသာပြန်ဆိုထားပါသည်။ ဆိုလိုသည်မှာ ယင်းတို့တွင် ပလပ်မြေများမပါဝင်ပါ ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် အများဆုံး ရွှေ့ပြောင်းခြင်းများရှိသော တောင်ယာမြေများအား ပလပ်မြေများဟု ခွဲခြားသတ်မှတ်ခြင်းခံရ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအောက်သို့ ကျရောက်သွားသည်။

လယ်ယာမြေဥပဒေသည် မြေအသုံးပြုခွင့်လက်မှတ်များကို အမျိုးသမီးများလည်း တန်းတူ ပိုင်ဆိုင်နိုင်ခွင့်ရှိရန်၊ စီမံခန့်ခွဲရန် သို့မဟုတ် လယ်ယာမြေများအား အမွေဆက်ခံရန် အစရှိသော အကြောင်းအရာများအား ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုဖော်ထားခြင်းမရှိပါ။ အမျိုးသားမြေအသုံးပြုမှုမူဝါဒ၏ အခြေခံဥပဒေအရ အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူဝင်ငွေရရှိရေးကို အသိအမှတ်ပြုထားသော်လည်း လယ်ယာမြေဥပဒေတွင် မြေယာများအား အိမ်ထောင်ဦးစီးများ၏ အမည်များဖြင့်သာ မှတ်ပုံတင်ရမည်ဟူ၍ ဖော်ပြထားခြင်းကြောင့် ယင်းဥပဒေတွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ပြဌာန်းချက်များ မပါရှိပါဟုဆိုနိုင်ပါသည်။ ထုံးစံအရ အမျိုးသားများသည်သာ အိမ်ထောင်ဦးစီးများ ဖြစ်ကြပြီး လယ်ယာမြေဥပဒေတွင် ထိုကဲ့သို့ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိစေရန်နှင့်ပတ်သက်၍ ရှင်းလင်းစွာထုတ်ပြန်ထားခြင်းမရှိသောကြောင့် ယင်းမှာ အမျိုးသမီးများအတွက် အားနည်းချက်ဖြစ်လာသည်။[၁၄]

## နိဂုံး

မြေအသုံးပြုမှုအခြေအနေများအပေါ်တွင် တင်းကြပ်သောပြဌာန်းမှုများနှင့် နိုင်ငံတော်သည်သာ မြေယာများအားလုံး၏ မူရင်းပိုင်ရှင်ဖြစ်ပြီး ခွင့်ပြုချက်ချပေးပြီးသော မည်သည့်အခွင့်အရေးကိုမဆို ပြန်လည်ရုပ်သိမ်းနိုင်သည်ဟူသော အချက်များကြောင့် လယ်ယာမြေဥပဒေသည် လယ်သမားများအတွက် လုံခြုံမှုနှင့် အမှန်တစ်ကယ် မြေလုပ်ပိုင်ခွင့်များရရှိရန် တတ်စွမ်းနိုင်ခြင်းမရှိပါ။ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များမှာလည်း ရှုပ်ထွေးပြီး တစ်ဦးခြင်းနှင့် စုပေါင်းလုပ်ပိုင်ခွင့်၊ အသုံးပြုပုံနှင့် အသုံးပြုခွင့်များမှာ ကွဲပြားလေ့ရှိသည်ကို တွေ့ရတတ်သည်။ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များအား အသိအမှတ်မပြုခြင်းနှင့် တစ်ဦးတစ်ယောက်ပိုင်သော မြေများအတွက်သာ မြေပိုင်ဆိုင်ခွင့် လက်မှတ်များအား ကန့်သတ်ချက်များဖြင့် ရရှိနိုင်သည့်အတွက် မည်သည့်ဥပဒေကမျှ ဌာနေတိုင်းရင်းသားများ၏ ကျယ်ဝန်းလှသော ဓလေ့ထုံး

တမ်းဆိုင်ရာမြေများအတွက် ကာကွယ်ပေးထားခြင်းမရှိပါ။ အစိုးရ၏ ရှုထောင့်မှ ကြည့်မည်ဆိုပါက ယင်းမြေများသည် အခြားပြဋ္ဌာန်းထားသောဥပဒေရှိသည့်အတိုင်း မြေလွတ်၊ မြေလပ် သို့မဟုတ် မြေရိုင်းများသာဖြစ်သည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများနေထိုင်ရာ ဒေသရှိ ဓလေ့ထုံးတမ်းဆိုင်ရာ မြေများ၏ အခြားအစိတ်အပိုင်းများမှာလည်း သစ်တောဥပဒေအောက်တွင် ကျရောက်နေပါသည်။ ထိုကြောင့် မည်သည့်မြေယာဥပဒေကိုမဆို ပြန်လည် စိစစ်ပြင်ဆင်ခြင်းသည်လည်း ယင်းစိုးရိမ်မှုများအား ဖြေရှင်းနိုင်ပါမည်လောဟူ၍ သံသယဖြစ်ဖွယ်ရှိသည်။ အကြောင်းမှာ မတူညီသည့် မြေများအား ခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းတို့အတွက် သီးခြားဥပဒေပြုခြင်းများရှိနေပြီး မြေအသုံးပြုမှုနှင့် လုပ်ပိုင်ခွင့်အခွင့်အရေးများ ကိုလည်း တရားဝင်အကန့်များခွဲခြားသတ်မှတ်ထားခြင်းကြောင့်ဖြစ်သည်။

လယ်ယာမြေဥပဒေတွင် ဥပမာအားဖြင့် တောင်ယာအတွက် မြေလပ်များပါဝင်နိုင်သည်။ သို့ပါသော်လည်း မြေလပ်များနှင့် ပလပ်မြေစနစ်ကျင့်သုံးမှုအောက်တွင်ရှိသော မြေများသည် သစ်ပင်ကြီးများဖြင့် ခေတ္တဖုံးလွှမ်းသွားခြင်း လည်းဖြစ်နိုင်သည် (အစိုးရ၏ ရှုထောင့်မှကြည့်မည်ဆိုပါက ယင်းတို့သည် သစ်တောမြေများဖြစ်သည်။) သို့မဟုတ် ဌာနေတိုင်းရင်းသားများမှာ ယင်းအား အချိန်အတိုင်းအတာတစ်ခုအထိ သစ်တောများအဖြစ် ထိန်းသိမ်းထားခြင်းလည်းဖြစ်နိုင်သည်။ (ယင်းသည် သစ်တောဥပဒေအောက်တွင် ကျရောက်သည်။) သို့မဟုတ် ယင်းမြေများသည် သီးနှံသစ်တောစိုက်ပျိုးမြေ တစ်ခုအဖြစ်သို့ ပြောင်းလဲထားပြီး (လယ်ယာမြေအဖြစ်သာ စာရင်းဝင်သည်။) သို့သော် နောက်ပိုင်းတွင် တောင်ယာအဖြစ် ပြန်လည်အသုံးပြုမည်ဖြစ်သည်။ (ဥပဒေအရ ပြောင်းလဲခြင်းမရှိပါက တရားဝင် လယ်ယာမြေများ မဟုတ်တော့ပါ။)

ထိုကြောင့် အမျိုးသား မြေအသုံးပြုမှု မူဝါဒတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေများအား အသိအမှတ်ပြု ကာကွယ်ပေးသည့် ပိုမိုပြည့်စုံသော အမျိုးသားမြေဥပဒေတစ်ခု လိုအပ်ပါသည်။ ယင်းဥပဒေသည် လယ်ယာမြေဥပဒေ နှင့် အငြင်းပွားမှုများသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေကဲ့သို့သော အခြားဥပဒေများအား အစားထိုးဝင် ရောက်လာမည်ဖြစ်သည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈ ခုနှစ် ပြင်ဆင်ချက်)

၂၀၁၈ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (VFV Law) သည် အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) အများအပြားမှ ဆန့်ကျင်ခဲ့သော ၂၀၁၂ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအား ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်သည်။ ယင်းဥပဒေသည် အသုံးမပြုရဟု သတ်မှတ်ထားခဲ့သော မြေများအတွက် မြေယာလုပ်ပိုင်ခွင့်များ ချပေးလိုက်သည် ဖြစ်သည်။ မြေလွတ်၊ မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကို ဆိုလိုသည်။[၁၅] “မြေလွတ်” သို့မဟုတ် “မြေလပ်" များဟူ၍ သတ်မှတ်ခြင်းခံရသော မြေအများစုသည် အမှန်တစ်ကယ်တွင် ရွှေ့ပြောင်းတောင်ယာအတွက် ထွန်ယက်ထားသောမြေများ/ယာယီပလပ်ထားသော မြေများနှင့် စားကျက်မြေများကဲ့သို့ပင် ဓလေ့ထုံးတမ်း အသုံးပြုမြေများဖြစ်ကြပြီး အများပြည်သူများက စီမံခန့်ခွဲကြသည်။ ထိုမြေများသည် လက်နက်ကိုင် ပဋိပက္ခများကြောင့် လူအများ ရွှေ့ပြောင်းရချိန်တွင် မဖြစ်မနေ စွန့်ပစ်ခဲ့ရသော မြေများလည်းဖြစ်နိုင်သည်။

မြေရိုင်းဆိုသည်မှာ “သစ်ပင်၊ ဝါးပင် သို့မဟုတ် ခြုံနွယ်များ ပေါက်ရောက်သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမှ လုပ်ကိုင်အသုံးပြုခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုလိုသည်။ ယင်းစကာရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင်သော အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်ပါသည်။”

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့သစ်တောမြေများ၏ တစ်စိတ်တစ်ပိုင်းအား ၎င်းတို့ အသိုက်အဝန်း၏ တစ်စိတ်တစ်ပိုင်း အဖြစ် ထိန်းသိမ်းထားလေ့ရှိပြီး သန့်ရှင်းသော/သာသနာရေး သို့မဟုတ် ထိန်းသိမ်းထားသော သစ်တောများ၊ စိုက်ပျိုးရေး အတွက် ဘယ်သောအခါမျှ အသုံးပြုခဲ့ခြင်းမရှိသော်လည်း အခြားသောဝင်ငွေရလုပ်ငန်းများ၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာ ရေး/သာသနာရေး ဆိုင်ရာများ အတွက် ရည်ရွယ်အသုံးပြုသည့် သစ်တောများမှာလည်း “မြေရိုင်း” များဟူ၍ အမျိုးအစားခွဲ သတ်မှတ်ခံနေရသည့် အန္တရာယ်ရှိနေပါသည်။ ဗဟိုကော်မတီတစ်ခုသည် VFV မြေများတွင် စိုက်ပျိုးခွင့် သို့မဟုတ် အခြားနည်း လမ်းများဖြင့် အသုံးပြုခွင့်ပေးရန် အာဏာရှိသည်။ ဆိုလိုသည်မှာ “သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးထားရမည်။ ထိုသို့ဖွဲ့စည်းရာတွင် ဒေသခံတိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်ဖြစ်သည်။”[၁၆] ပြည်တွင်း နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြေမရှိသော နိုင်ငံသားများနှင့် အသေးစား လယ်လုပ်သူများအား အများဆုံး နှစ် ပေါင်း ၃၀ အထိ အသုံးပြုခွင့်များအား ရရှိနိုင်သည်။ စီပွားရေးလုပ်ငန်းများအနေဖြင့် နှစ်ရှည်သီးနှံများနှင့် ရာသီပေါ်သီးနှံ သို့မဟုတ် သီးနှံလုပ်ငန်းအတွက် စိုက်ပျိုးရန်မြေ အများဆုံး ဧက ၃၀,၀၀၀ (တစ်ကြိမ်တွင် ဧက ၃၀,၀၀၀ အထိ ထပ်ဆင့်တ လဲလဲ ခွင့်ပြုချက်များမှတစ်ဆင့်) အထိ ခွင့်ပြုမိန့်ရှိနိုင်ပါသည်။[၁၇] ယင်းသည် ၂၀၁၂ ခုနှစ် ဥပဒေတွင်ပါရှိသော အများဆုံး ဧက ၅၀,၀၀၀ မှ လျှော့ချထားခြင်းဖြစ်သည်။ ကြက်မွေးမြူရေး၊ ငါးမွေးမြူရေး၊ သတ္တုတူးဖော်ခြင်း နှင့် အခြားလုပ်ငန်းများအတွက် ဧရိယာ အနည်းငယ်ကိုလည်း လုပ်ငန်းလုပ်ပိုင်ခွင့်များ ချထားပေးနိုင်သည်။

လယ်သမားများသည်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား အများဆုံး ဧက၅၀အထိအသုံးပြုခွင့်ကို လျှောက်ထား နိုင်သည်။[၁၈] သို့သော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေအောက်တွင် မှတ်ပုံတင်ခြင်းသည် မိမိဒေသပြည်နယ်မှ နောက်ဆုံးတွင် နိုင်ငံအဆင့် ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီအထိ အဆင့်ဆင့်ဆောင်ရွက်ရပြီး ရှုပ်ထွေးလွန်း၍ ကုန်ကျစရိတ် များကာ အချိန်အလွန်ပေးရသောကြောင့် ယင်းမှာဖြစ်တောင့်ဖြစ်ခဲသော အရာတစ်ခုပင်ဖြစ်ပါသည်။[၁၉] ဤကိစ္စရပ်သည် လူမှု အသိုင်းအဝိုင်းအများစုအတွက် ၎င်းတို့၏ တတ်နိုင်ခြင်းနှင့် စွမ်းရည်များထက် ကျော်လွန်နေပြီး အရင်းအမြစ်များအားပိုမို အသုံးချနိုင်သော ပုဂ္ဂလိကလုပ်ငန်းများအတွက်သာ မျက်နှာသာပေးထားသည်မှာ ထင်ရှားပါသည်။ ယင်းအခွင့်အရေးများအား ရယူခြင်းသည်လည်း အမှန်တွင် မြေယာများအား တန်ဖိုးရှိစွာ အသုံးပြုရန်ဆိုသည်ထက် မြေများအား မကြာခဏဆိုသလို သိမ်းယူခြင်းများဆောင်ရွက်ရန်အတွက် နည်းလမ်းတစ်ခုသာဖြစ်ပုံပေါ်ပါသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ခန့်မှန်း ခြေ ၃,၉၆၈,၁၃၄ ဧကသော VFV မြေများသည် ကုမ္ပဏီများ သို့မဟုတ် တစ်ဦးတစ်ယောက်စီအား ချပေးခဲ့သည်။ သို့ပေမဲ့ ၎င်း တို့၏ ၁၅% ရာခိုင်နှုန်းသည်သာ အမှန်တစ်ကယ် အသုံးပြုခြင်းရှိခဲ့သည်ဟု သိရှိရပါသည်။[၂၀]

၂၀၁၈ခုနှစ် အောက်တိုဘာလ၃၀ရက်နေ့တွင် အများပြည်သူများထံသို့ ဥပဒေ၏ ပုဒ်မ ၂၂ အရ ကြေညာချက်တစ်ရပ်အား ထုတ်ပြန်ခဲ့ပါသည်။ လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် VFV မြေများအား ဗဟိုကော်မတီ၏ ခွင့်ပြုမိန့် မရှိဘဲ အသုံးပြုနေပါက ဆက်လက်အသုံးပြုခွင့်ရရန်အတွက် ဗဟိုကော်မတီတွင် အသုံးပြုနေသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၏ အကျယ်အဝန်းအတိအကျနှင့် စာရွက်စာတမ်းများအပြည့်အစုံကို ပြင်ဆင်ချက်ထုတ်ထားပြီးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ၂၀၁၈ ဥပဒေ ပြဋ္ဌာန်းလိုက်သည့်အချိန်မှစ၍ (ဆိုလိုသည်မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍) ၆လအတွင်း တင်ပြလျှောက်ထားရမည်ဖြစ်သည်။ သတ်မှတ်အချိန်အတွင်း မြေပိုင်ဆိုင်ကြောင်း လျှောက် ထားခြင်းမပြုနိုင်သော မြေအသုံးပြုသူများသည် ဥပဒေ၏ ပုဒ်မ (၂၇)၊ အပိုဒ်ခွဲ (က) အရ ပြစ်မှုရင်ဆိုင်ရမည်ဖြစ်သည်။ ၎င်း သည် ပုဒ်မ ၂၂ အား ကျူးလွန်သူ မည်သူမဆိုနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မပါရှိဘဲ အသုံးပြုနေသူများရှိပါက ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊[၂၁] ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ထို့ကြောင့် ဒေသခံပြည်သူများနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် စိုးရိမ်ပူပန်စွာဖြင့် အကြောင်းပြန်ခဲ့ကြ ပါသည်။ နိုဝင်ဘာလ၁၆ရက်နေ့တွင် ၃၄၆ခုသော ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကြေညာချက်တစ်ရပ်အား လက် မှတ်ထိုးတင်ပြခဲ့ကြသည်။ ယင်းတွင် VFVဥပဒေအား ၎င်းတို့အနေဖြင့် ကန့်ကွက်ကြောင်းနှင့် ခြောက်လအတွင်း[၂၂] မှတ်ပုံတင် ရမည်ဆိုသော ပြင်ဆင်ချက်နှင့် ထုတ်ပြန်ချက်အား ကန့်ကွက်ခဲ့ကြသည်။ ထိုနေ့ရက်တွင်ပင် ဒေသခံ ၄၁ ဦး၏ အမည်များ၊

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အခြားသော မိမိတို့စိုးရိမ်မှုများအတွက် စာတစ်စောင်ကိုလည်း ပေးပို့ခဲ့သည်။ ထို့ကြောင့် မြေပြင်အခြေအနေလေ့လာခြင်းများအား ဆောင်ရွက်ခဲ့ပြီး ရလဒ်များကို ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တင်ပြခဲ့သည်။ မြေပြင်အနေအထားလေ့လာခြင်းအရ အဖြေမှာ လယ်သမားအများစုမှာ VFVဥပဒေနှင့် ပြင်ဆင်ချက်အသစ်များကို မသိရှိခြင်း၊ မှတ်ပုံတင်ခြင်းအား နောက်ဆုံးထားဆောင်ရွက်ရမည့် ရက်အား မသိရှိခြင်းနှင့် လုပ်ငန်းစဉ်များအား မသိခြင်းကြောင့်ဖြစ်သည်။[၂၃]

ထိုလအတွင်းပင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တရားဝင်အစည်းအဝေးတစ်ခုကို ပြုလုပ်ခဲ့ပြီး တာဝန်ရှိပုဂ္ဂိုလ်များမှ အသစ်ထုတ်ပြန်လိုက်သော မှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ ရည်ရွယ်ချက်မှာ လယ်သမားများ၏ မြေယာများအား လုံခြုံစေရန်နှင့် သိမ်းယူထားသော မြေများအား ပြန်လည်ရရှိစေရန်ဖြစ်သည်ဟူ၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်း ဇန်နဝါရီလအတွင်းတွင်ပင် ဥပဒေကြမ်းကော်မတီနှင့် အစည်းအဝေးပြုလုပ်ရန် ရှိခဲ့ပါသော်လည်း အချိန်ကပ်၍ ဖျက်သိမ်းခြင်းခံခဲ့ရသည်။ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းကော်မတီ၏ ဥက္ကဋ္ဌသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် အလွတ်သဘောတွေ့ဆုံခဲ့ပြီး ၎င်းက မှတ်ပုံတင်မပြုလုပ်ရသေးသော ဒေသခံများအား အရေးယူခြင်းပြုမည်မဟုတ်သောကြောင့် စိုးရိမ်ခြင်းမရှိရန် ပြောကြားခဲ့ပါသည်။ သို့သော် ဒေသခံလူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စိုးရိမ်လျက်ရှိသော ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ တရားဝင်ထုတ်ပြန်ကြေညာချက်များအား မပြုလုပ်ခဲ့ပါ။

ယခုအချိန်အထိ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပြင်ဆင်လိုက်သော VFV ဥပဒေသည် လယ်သမားများနှင့် ၎င်းတို့လယ်ယာမြေများပိုင်ဆိုင်ခွင့်ကို ကာကွယ်မှုပေးရန်သာဖြစ်သည်ဟု အစိုးရတာဝန်ရှိသူများပြောကြားသော်လည်း ယနေ့ထိအတွေ့အကြုံများအရ ထိုအချက်မှာ စိတ်ချရခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၂ခုနှစ် ဥပဒေအပေါ်တွင် အမြတ်ထွက်အကျိုးခံစားခွင့် ရရှိသူများမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအပါအဝင်နှင့် ပုဂ္ဂလိကပိုင် ကုမ္ပဏီများသာဖြစ်ကြပြီး မကြာခဏ မြေများဆုံးရှုံးရသော ဒေသခံလူမှုအသိုင်းအဝိုင်းများအတွက်မှာမူ အားနည်းချက်တစ်ခုသာဖြစ်သောကြောင့် ဖြစ်သည်။ ပြင်ဆင်ချက် ဥပဒေ၌ သတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုချက်မရှိပါက မြေအသုံးပြုမှုများအတွက် မှတ်ပုံတင်ရန် လိုအပ်သည်ဖြစ်၍ ထိုမျှသောအချိန်တိုအတွင်း လိုက်လံဆောင်ရွက်ရန်ဖော်ပြထားခြင်းမှာ လယ်သမားများ၏ မြေပိုင်ဆိုင်ခွင့်များအား လုံခြုံစေရန် ဖြစ်သည်ဟူသောအချက်မှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။

အခန်း(၁၀)အရ ဌာနေတိုင်းရင်းသားများ၏ မြေများသည် ဥပဒေကျင့်သုံးမှုတွင် ချန်လှပ်ခြင်းခံခဲ့ရပုံ ပေါ်ပါသည်။ အောက်ဖော်ပြပါ မြေအမျိုးအစားများအား စီမံခန့်ခွဲမှုသည် ဤဥပဒေ၏ အုပ်ချုပ်မှုအောင်တွင် မတည်ပါ။

(က) တောင်ယာစိုက်ပျိုးခြင်းအတွက် အသုံးပြုခွင့်မြေလက်မှတ်များသည် တည်ဆဲဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအောက်တွင်ရှိခြင်း။

(ခ) ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအောက်တွင်ရှိသော ဓလေ့ထုံးတမ်းဆိုင်ရာမြေများ။

(ဂ) အများပြည်သူနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် လက်ရှိတွင် အသုံးပြုနေသောမြေများ။

ယင်းပြဋ္ဌာန်းချက်များသည် ၂၀၁၂ခုနှစ် ဥပဒေမှ ပိုမိုကောင်းမွန်လာသော အချက်များဖြစ်သော်လည်း တိုင်းရင်းသား နိုင်ငံသားများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေများကိုမူ တစ်စိုးတစ်စိမျှ ဖော်ပြထားခြင်းမရှိပါ။ သို့သော် တိကျမှုမရှိသောကြောင့် ပြဿနာအချို့လည်း ရှိနေသေးပါသည်။ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်း၍ ပြဿနာမှာ တောင်ယာမြေများပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ် မြေဥပဒေတွင်သာ ပြတ်သားစွာခွင့်ပြုချက် ချပေးထားသည်။ သို့သော် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အမှန်တစ်ကယ် သို့မဟုတ် အမြဲ အသုံးပြုသော အကွက်များ နှင့် ရွှေ့ပြောင်းတောင်ယာအတွက် အလှည့်ကျ အသုံးပြုရန် လိုအပ်သော မြေလပ်များ/ ထွန်ချောင်းမြေများ ပါဝင်ခြင်းမရှိပါ။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများတွင် ကျင့်သုံးနိုင်သော မြေအသုံးပြုမှုပုံစံများမှ ရွှေ့ပြောင်းတောင်ယာ ဆောင်ရွက်ခြင်းအား ပြတ်သားစွာ ဖယ်ရှားလိုက်ခြင်းအား ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် ၂၀၁၆ နှင့် ၂၀၁၉ တွင် ပြန်လည်ပြင်ဆင်ဖော်ပြထားသည်။ သို့သော် တောင်ယာလုပ်ကိုင်ခွင့်များကိုမူ ပြတ်သားစွာ ဖော်ပြထားခြင်းမရှိဘဲ (ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အကောင်အထည် ဖော်ရာတွင်

ဒေသနှင့် သင့်လျော်သည့် သီးနှံ၊ သစ်တော ရောနှောစိုက်ပျိုးခြင်းစနစ် အမျိုးမျိုးကို ကျင့်သုံးနိုင်ခြင်း) ဟုသာ ဖော်ပြထားသည်။[၂၄] ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရန်အတွက် ခွင့်ပြုထားသည့် တစ်ခုတည်းသော ရှင်းရှင်းလင်းလင်း ကိုးကားနိုင်သည်မှာ အမျိုးသားမြေအသုံးပြုမှု မူဝါဒဖြစ်သည်။ သို့သော် ယင်းသည် ဥပဒေမဟုတ်ဘဲ မူဝါဒသာဖြစ်သည်။ ဌာနေတိုင်းရင်းသားအများအပြားသည် တောင်ယာစိုက်ပျိုးကြပြီး (တောင်စောင်းများတွင် စိုက်ပျိုးခြင်း) (ရွှေ့ပြောင်းတောင်ယာများအား ဆိုလိုခြင်းဖြစ်သည်။) ၎င်းအား မည့်သည့်ဥပဒေတွင်မျှ ခွင့်ပြုထားခြင်းမရှိပါ။ VFV ဥပဒေအရတွင်မူ မည့်သည့် တောင်ယာမြေများကိုမှ ချန်လှပ်ထားခဲ့ခြင်းမရှိပါဟု အငြင်းပွားစရာတော့ရှိနိုင်ပါသည်။ အမြဲတမ်းတောင်ယာမြေများသည် ၂၀၁၂ခုနှစ် မြေဥပဒေအောက်တွင်ရှိထားနှင့်ပြီးဖြစ်၍ ထို့ကြောင့် မည်သို့ပင်ဆိုစေကာမူ VFV ဥပဒေမှ ဖယ်ထုတ်ထားခြင်းဖြစ်သည်။

အပိုဒ်ခွဲ(ခ)နှင့် စပ်လျဉ်းသောပြဿနာမှာ ဓလေ့ထုံးတမ်းဆိုင်ရာမြေအား အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိခြင်းဖြစ်သည်။ အပိုဒ်ခွဲ ၃ ခုစလုံးတွင် ဓလေ့ထုံးတမ်းမြေနှင့် တောင်ယာမြေများအပေါ်တွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ မရှိခြင်း သို့မဟုတ် အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားချက်အရ မြေများအား VFVဥပဒေအတိုင်း ကျင့်သုံးရာတွင် သတ်မှတ်ဖော်ထုတ်ရန်နှင့် ဖယ်ရှားရန် ဖြစ်သည်။

အထက်ပါ CSOထုတ်ပြန်ချက်တွင် လက်မှတ်ရေးထိုးထားသူများသည် ပြင်ဆင်ချက် VFV မြေများ စီမံခန့်ခွဲမှုဥပဒေသည် NLUPတွင် ပြဋ္ဌာန်းထားသောအချက်များနှင့် ဆန့်ကျင်နေသည်ကို ထောက်ပြခဲ့ကြသည်။ NLUPတွင် ဖော်ပြထားသည်မှာ၊ အပိုဒ်၆၆(ခ)အပိုဒ်ခွဲ ၈ တိုင်းရင်းသား နိုင်ငံသားများ၏ မြေအသုံးချမှု ဥပဒေပေါ်တွင် လက်ရှိမြေအသုံးပြုခြင်းအား မှတ်ပုံတင်ထားခြင်း၊ မှတ်တမ်းတင်ထားခြင်း သို့မဟုတ် မြေပုံဆွဲထားခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တိုင်းရင်းသား နိုင်ငံသားများ၏ မည့်သည့် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များကိုမဆို အသိအမှတ်ပြု ကာကွယ်ရန်ဖြစ်သည်။ အပိုဒ် ၃ တွင် ဖော်ပြထားသောထုတ်ပြန်ချက်အရ VFVသည် ၂၁ရာစုပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားများမှ ဆန္ဒရှိသည့် ဖက်ဒရယ်ဒီမိုကရက်တစ် စံနှုန်းများနှင့် ဆန့်ကျင်ဖက်ဖြစ်နေပါသည်။ ဆက်လက်ပြီး ယင်းဥပဒေသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပြုလုပ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆိုးရွာစွာ အကျိုးသက်ရောက်မှုများရှိနိုင်သည်။ ၎င်းအား "ဖွံ့ဖြိုးတိုးတက်အရေးအား အမည်ခံ၍ ရင်းနှီးမြှုပ်နှံသူများအတွက် မြေယာဈေးကွက်များအား ဖော်ဆောင်ပေးရေးအတွက်သာ ရှေ့တန်းတင်ထားသော မျှတမှုမရှိသည့် ဥပဒေဖြစ်ပြီး" "သန်းပေါင်းများစွာသော လူများအား မြေယာမဲ့ ရာဇဝတ်သားများဖြစ်စေသော ဥပဒေဟု ခေါ်ဆိုကြသည်။" ထို့ကြောင့် ယင်းဥပဒေအား ဖျက်သိမ်းရန်နှင့် ဒေသရှိလူအများ၏ အသက်ရှင်ရပ်တည်ခြင်း၊ ရှင်သန်ရပ်တည်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ၎င်းတို့၏ဖြစ်တည်နေမှု အလုံးစုံအား အသိအမှတ်ပြုသော ဖက်ဒရယ်ဥပဒေ တစ်ခုဖြစ်ပေါ်လာရန်ဖြစ်သည်။"[၂၅] များစွာသော အခြားအဖွဲ့အစည်းများအကြားမှ စည်းလုံးညီညွတ်သော တိုင်းရင်းသားများမဟာမိတ်(UNA)နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့မှလည်း ယင်းဥပဒေအား ဖျက်သိမ်းပေးရန် တောင်းဆိုထားသည်။[၂၆]

၂၀၁၉ခုနှစ်တွင် မြန်မာစီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနမှ မြန်မာနိုင်ငံအစိုးရထံသို့ ပေးပို့ခဲ့သော စိုးရိမ်မှုစာလွှာတွင် VFV ဥပဒေအပါအဝင်၊ ယင်းဥပဒေအား ပြင်ဆင်ချက်များနှင့် အခြားသော မြန်မာ့မြေဥပဒေများသည် မြန်မာနိုင်ငံအစိုးရအနေဖြင့် ၂၀၁၇ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ကိုက်ညီမှု မရှိကြောင်းကို ထောက်ပြခဲ့သည်။[၂၇]

## နိဂုံး

၂၀၁၂ခုနှစ်တွင် VFVမြေများ စီမံခန့်ခွဲမှုဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့များ၏ အပြင်းအထန်ဝေဖန်ခြင်းကို ခံခဲ့ရသည်။ ပြင်ဆင်လိုက်သော ဥပဒေသည်လည်း တိုးတက်မှုမရှိဘဲ တိုင်းပြည်တွင် "မြေရိုင်း" သို့မဟုတ် "မြေလပ်" များပါမကျန် ဟူသောအချက်ကိုသာ ထပ်လောင်းပေးခဲ့သည်။ အမှန်တွင် ယင်းဥပဒေသည် ဌာနေတိုင်းရင်းသားများနှင့် အခြားဒေသခံလူမှုအဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေအောက်တွင် အမှန်တစ်ကယ်ပိုင်ဆိုင်၍ အသုံးပြုနေသောမြေများအပေါ်တွင် သက်ရောက်မှုမရှိစေရပါ။ (ဥပမာ – ရွှေ့

ပြောင်းတောင်ယာအတွက် မြေလပ်မြေများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ၊ သီးနှံသစ်တောစိုက်ပျိုးမြေများ၊ စားကျက်မြေများနှင့် သန့်ရှင်းသောမြေများ စသဖြင့်။) ယင်းဥပဒေသည် အမှန်တစ်ကယ်ပင် ပြဿနာများအား ဖြစ်ပွားစေသော ဥပဒေတစ်ရပ်ဖြစ်သည်။ ဥပဒေတွင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေများအား ရည်ရွယ်ချက်ရှိရှိဖြင့် ဖယ်ထုတ်လိုက်သောစာပိုဒ်အရ ဓလေ့ထုံးတမ်းဆိုင်ရာမြေများပိုင်ဆိုင်သော ဌာနေတိုင်းရင်းသားပိုင်ရှင်များအတွက် လိုအပ်သော အကာအကွယ်ပေးရန်ဖြစ်သည်ဟု ဆိုရန်အတွက်အလွန်ပင် ဝေဝါးလွန်းလှပါသည်။ အကယ်၍ ရည်ရွယ်ချက်ရှိသည့်အတိုင်း ဖယ်ရှားခြင်းအား တင်းကြပ်စွာပြဋ္ဌာန်းခဲ့ပါလျှင် "မြေလွတ်များ" အနေဖြင့် သတ်မှတ်ရန်အတွက် မြေများ အမှန်တစ်ကယ်ပင် ကျန်ရှိမည်မဟုတ်တော့ပါ။ ထို့ကြောင့် ဤနေရာတွင် နိဂုံးချုပ် တစ်ခုသာတင်ပြရလျှင် ဥပဒေသည် မျှတခြင်းမရှိယုံသာမက ၎င်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းချက်များအား တစ်ဖက်သက်အဓိပ္ပါယ်ဖွင့်ဆိုထားပြီး လက်ရှိအခြေအနေနှင့် လျော်ညီမှုမရှိသည့်အတွက် ယင်းဥပဒေတစ်ခုလုံးအား ဖျက်သိမ်းသင့်သည်။

သို့သော်လည်း ယင်းဥပဒေသည် အသက်ဝင်နေသ၍ ဥပဒေနှင့် မသက်ဆိုင်သော အခန်း(၁၀)၊ စာပိုဒ် ၃၀ တွင်ဖော်ပြထားသော မြေအမျိုးအစားများအား သတ်မှတ်ဖော်ထုတ်ခြင်းအတွက် အရေးပေါ်စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်လာရန် လိုအပ်နေဦးမည်ဖြစ်သည်။ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများအား ချန်လှပ်ထားခဲ့ခြင်းဖြင့် ဥပဒေသည် တိုင်ရင်းသားပြည်နယ် ၇ ခု (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားဇုံများ။) အပေါ်တွင် သက်ရောက်မှုမရှိပါ ဟူ၍ အငြင်းပွားဖွယ်ရာရှိသည်။ ဆိုလိုသည်မှာ ဌာနေတိုင်းရင်းသားများသည် ဥပဒေအပိုဒ် ၂၂ အား လိုက်နာရန်နှင့် ၎င်းတို့အသုံးပြုလျက်ရှိသော မြေများအတွက်လည်း အစိုးရထံ အသိပေးမှတ်ပုံတင်ရန် မလိုအပ်ပါ။ ယင်းမြေများ ချန်လှပ်ထားခြင်းဖြင့် ဌာနေတိုင်းရင်းသားများ နေထိုင်ရာဒေသများရှိမြေများအား အသုံးပြုရန် လျှောက်ထားချက်များအတွက် ဆောင်ရွက်ခြင်းမပြုမီ ယင်းမြေများအား သတ်မှတ်ဖော်ထုတ်ရန်မှာ အစိုးရ၏ တာဝန်သာ ဖြစ်သည်ဟူ၍လည်း အငြင်းပွားစရာရှိပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ တောင်ယာမြေများအား အခြားတည်ဆဲဥပဒေအောက်၌ ခွင့်ပြုနေပါက ဤဥပဒေအတွင်းမှ ဖယ်ထုတ်ရမည်ဖြစ်သည်။ သို့သော် လယ်ယာမြေဥပဒေသည်သာ တောင်ယာမြေများနှင့် ပတ်သက်၍ ဖော်ပြထားသော်လည်း အမြဲတမ်းမြေအဖြစ်မှ ကန့်သတ်ထားသည်။ ဆိုလိုသည်မှာ တောင်ယာမြေများအား ဖယ်ထုတ်ရန်ပြဋ္ဌာန်းချက်သည် ဖော်ပြထားသည့်အတိုင်း ကိုက်ညီမှုရှိမနေခြင်းဖြစ်သည်။ ယင်းအား ပြင်ဆင်သင့်ပါသည်။ အလှည့်ကျတောင်ယာစိုက်ပျိုးခြင်း(တောင်ယာမြေ)အား မြေအသုံးပြုမှုအောက်မှ ဖယ်ထုတ်လိုက်ကြောင်း ရိုးရှင်းစွာပြဋ္ဌာန်းခြင်းအားဖြင့် ပြင်ဆင်နိုင်သည်။

## သစ်တောဥပဒေပြုခြင်း

ယနေ့မြန်မာနိုင်ငံ၏ သစ်တောစီမံခန့်ခွဲမှုစနစ်မှာ ဗြိတိန်သည် ဥရောပတွင်ရှိသော ၎င်းတို့၏ နယ်ချဲ့ခံနိုင်ငံများတွင် သစ်တောစီမံခန့်ခွဲမှုဥပဒေအား မိတ်ဆက်ပေးချိန်မှစ၍ ၁၉ ရာစုနှစ်များကာလ ဗြိတိသျှကိုလိုနီလက်ထက်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဗြိတိသျှလက်အောက်ခံကာလများ၌ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတွင်ရှိသည့် ကျယ်ပြန့်လှသော သစ်တောဧရိယာများအား ဘုရင့်နယ်မြေအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ကိုလိုနီခေတ် သစ်တောဌာန၏ တရားစီရင်ရေးဌာနအောက်တွင် ထားရှိခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်များတွင်လည်း အစိုးရသည် ယင်းမူဝါဒများအား ဆက်လက်အသုံးပြုပြီး သစ်တောများအားလုံးသည် (အခြားမြေများအဖြစ်) ပြည်သူပိုင် သိမ်းခြင်းခံခဲ့ရသည်။

များစွာသော အခြားဥပဒေများအတွင်းမှ သစ်တောများနှင့် ကာကွယ်ရေးမြေနေရာများအား စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်ပတ်သက်၍ ထိန်းညှိပေးသော ဥပဒေများစွာ ရှိပါသည်။ ယင်းတို့မှာ သစ်တောဥပဒေ (၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်)၊ ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေ (လက်ရှိတွင် ပြင်ဆင်နေဆဲ)၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကာကွယ်ရေးနယ်မြေများ (BCPA) ဥပဒေ (၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအား အစားထိုးဥပဒေ)နှင့် ၂၀၀၂ ခုနှစ် သက်ဆိုင်သော နည်းဥပဒေများ၊ ၁၉၃၆ခုနှစ် သစ်ထုတ်လုပ်ရေး စည်းကမ်းများ၊ ၂၀၀၀ ခုနှစ်

အမျိုးသားသစ်တောရိတ်သိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် ၁၉၉၅ခုနှစ်နှင့် ၂၀၁၆ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ ဟူ၍ဖြစ်ကြပါသည်။

ထိန်းသိမ်းသစ်တောများ တည်ထောင်ခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ အကာအကွယ်ပေးသစ်တောများ အသီးသီးတို့အား တည်ထောင်လိုပါက လုပ်ငန်းစီစစ်ရေးအဖွဲ့ သို့မဟုတ် လုပ်ငန်းကော်မတီ တစ်ခုဖွဲ့စည်းရမည်ဟု သစ်တောဥပဒေမှ ထုတ်ပြန်ထားပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် ဒေသခံ(တိုင်ရင်းသား)အဖွဲ့များနှင့် သင့်တော်သော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများလည်း ပါဝင်ရမည်ဖြစ်သည်။ "အများပြည်သူများ၏အခွင့်အရေးများအား ထိခိုက်နစ်နာစေမှုများအတွက် သတ်မှတ်ဖော်ပြကာ စုံစမ်းစစ်ဆေးဆုံးဖြတ်ချက်ပြုလုပ်ခြင်းအား ယင်းအဖွဲ့အစည်း သို့မဟုတ် ကော်မတီသည် စံသတ်မှတ်ချက်များနှင့်အညီ"[၂၈] ဆောင်ရွက်ရမည်ဟု ထုတ်ပြန်ထားပါသည်။ ဌာနေတိုင်းရင်းသားများ၊ အခြား သစ်တောအားအသုံးပြုနေကြသူများ၏ မြေများနှင့် အခြားအခွင့်အရေးများမှာ သတ်မှတ်ဖော်ထုတ်ရန်ရှိသည်။ သစ်တောများအား မှီခိုနေထိုင်ကြသော ဒေသခံများအနေဖြင့် ၎င်းတို့မှ သဘောတူခြင်းမရှိကြောင်းကို တရားဝင်ငြင်းဆိုခွင့်မရှိသည်ဖြစ်၍ ၎င်းတို့၏မြေအချို့များအား ထိန်းသိမ်းသစ်တောများ သို့မဟုတ် ပြည်သူပိုင်ကာကွယ်ရေး သစ်တောများအဖြစ်သို့ ကြေညာထုတ်ပြန်ခြင်းအတွက် ငြင်းဆိုနိုင်ခြင်းမရှိပါ။ ၎င်းတို့အတွက် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC)များ ရပိုင်ခွင့်လည်းမရှိပါ။

ဆုံးဖြတ်ချက်ချခြင်းအား နေပြည်တော်ကောင်စီ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မှတ်ချက်များနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်သိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းတို့အတွင်းတွင် အပိုဒ်၇(ဃ)တွင်ရှိသော ဓလေ့ထုံးတမ်းသစ်တောများအား အသိအမှတ်ပြုခြင်းအတွက် ဆုံးဖြတ်ချက်ချခြင်းလည်းပါဝင်သည်။ ထိုပြဌာန်းချက်သည် ဓလေ့ထုံးတမ်း သစ်တောများစီမံခန့်ခွဲခြင်းနှင့်ဆိုင်သည့် ဝေဝါးနေသည့် ပြဌာန်းချက်ဖြစ်သည်။ ယင်းတွင် ဖော်ပြထားသည်မှာ "နေပြည်တော်ကောင်စီ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အတူ ဝန်ကြီးဌာနသည် (...) ဒေသခံများမှ ဓလေ့ထုံးတမ်းများအတိုင်း (ရိုးရာအတိုင်း) ထိန်းသိမ်းစောင့်ရှောက်ထားသော သဘာဝသစ်တောများနှင့် ဒီရေတောများအား သစ်တောများအား အသိအမှတ်ပြုပေးနိုင်သည်။" မည်ကဲ့သို့ "အသိအမှတ်ပြု" သည်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိပါ။ ဆိုလိုသည်မှာ ပြည်သူပိုင်သစ်တောဧရိယာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အခြား မြေနှင့် အရင်းအမြစ်များအပါအဝင် သစ်တောများအပေါ်ရှိ ဓလေ့ထုံးတမ်းအခွင့်အရေးများအား ခွင့်ပြု၍ ကာကွယ်ပေးသော ပြဌာန်းချက်မရှိပါ။

ထိန်းသိမ်းသစ်တောများနှင့်၊ ပြည်သူပိုင်ကာကွယ်ရေးသစ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသည် မြေပြင်အခြေအနေတွင်မူ နယ်နိမိတ်များ ရှင်းရှင်းလင်းလင်းမရှိခြင်းနှင့် နှစ်ဘက်ထပ်နေခြင်းများကြောင့် ရှုပ်ထွေးပွေလီကာ ပဋိပက္ခဖြစ်ခြင်းများရှိသည်။ ပြည်သူပိုင်ကာကွယ်ရေးသစ်တောများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးသစ်တောများ တည်ထောင်လိုက်သည်နှင့် ဌာနေတိုင်းရင်းသားများ၏ နေ့စဉ် အသက်မွေးလုပ်ငန်းစဉ်များနှင့် သစ်တောတွင်းနေထိုင်သော ရပ်ရွာဒေသခံပြည်သူများသည် သစ်တောဥပဒေစည်းမျဉ်းစည်းကမ်းများအရ  အောက်ပါဥပဒေများအား ချိုးဖောက်ခြင်းပြစ်မှုများအတွက် အပြစ်ပေးခံရနိုင်သည်။ ဥပဒေ အခန်း၁၂၊ ပုဒ်မ၄၀အရ မွေးမြူထားသောတိရစ္ဆာန်များအား သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်စေခြင်း၊ မွေးမြူထားခြင်းနှင့် အခွင့်မရှိဘဲ စားကျက်ချခြင်းများ၊ ခွင့်ပြုမိန့်မရရှိဘဲ သစ်တောနယ်မြေများအတွင် ပျက်စီးစေရန် တမင်ရည်ရွယ်၍ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်းများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားခြင်းမှအပ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ခွင့်ပြုမိန့်မရှိဘဲ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းများ အစရှိသဖြင့်။[၂၉] ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းအတွက် ခွင့်ပြုချက်တောင်းခံရန်မလိုအပ်ဘဲ  သစ်တောထွက်ကုန်ပစ္စည်းများကို အကန့်အသတ်ဖြင့် အသုံးပြုနိုင်သည် ဟူသောအချက်တစ်ချက်သာ ပြဌာန်းခဲ့သည်။ မြန်မာ့သစ်လုပ်ငန်း(MTE)သည် MONREC ၏ စီမံခန့်ခွဲမှုအောင်တွင်ရှိသောဧရိယအတွင်းရှိ သစ်များအား တရားဝင်ခုတ်သိမ်းခွင့်ရှိသည်။ ဌာနေတိုင်းရင်းသားများနှင့် အခြား အများပြည်သူ အစုအဖွဲ့ပိုင်သစ်လုပ်ကိုင်သူများ၏ ထုံးတမ်းအစဉ်အလာရပိုင်ခွင့်များအား အသိအမှတ်ပြုခြင်းမရှိသည့်အတွက် MTEသည် ထိုမြေများတွင်ရှိသော သစ်များကိုပါခုတ်သိမ်းနိုင်သည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများတွင် သစ်ထုတ်လုပ်ခြင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းများနှင့် စားနပ်ရိက္ခာဖူလုံမှုအား  ခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။

၂၀၁၉ခုနှစ် သစ်တောဥပဒေမူကြမ်းသည်လည်း ၁၉၉၅ခုနှစ် ပင်ရင်းဥပဒေထက် အမှန်တစ်ကယ်ပိုမို ကောင်းမွန်လာခြင်းမရှိပါ။ ယခင်အတိုင်းပင် အခန်း ၂ (ပုဒ်မ ၆၊ ၁၀ နှင့် ၁၂) ပါ အချက်များသည် ထိန်းသိမ်းစောင့်ရှောက်ထားသော သစ်တောနှင့် ပြည်သူပိုင်ကာကွယ်ထားသော သစ်တောများရှိ ဒေသခံပြည်သူများပိုင် မြေနှင့် သစ်တောပိုင်ဆိုင်ခွင့်များအား သွယ်ဝိုက်သောနည်းလမ်းများဖြင့် ဖယ်ရှားထားသည်ဖြစ်သည်။

ပုဒ်မ၆တွင်မူ တားမြစ်ထားသောဆောင်ရွက်ချက် ၁၁ချက်ကို ထုတ်ပြန်ခဲ့သည်။ အများစုသည် ဌာနေတိုင်းရင်းသားများနှင့် အခြား ပြည်သူပိုင်သစ်တောလုပ်ငန်းဆောင်ရွက်သူများ၏ အသက်မွေးဝမ်းကြောင်းပြုရန်အတွက် အဓိကကျသော ဆောင်ရွက်ချက်များဖြစ်ပြီး သစ်တောဥပဒေ ပုဒ်မ၄၀တွင် ဖော်ပြထားသည့်အတိုင်း ထပ်တူကျနေသည်။

အပိုင်း၁၂တွင်ဖော်ပြထားသည်မှာ ထိန်းသိမ်းစောင့်ရှောက်ထားသော သို့မဟုတ် အများပိုင်ကာကွယ်ရေး သစ်တောများ ဖန်တီးပြီးချိန်အထိ အခွင့်အရေးများဆက်လက်ကိုင်ဆောင်ထားခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်သော သို့မဟုတ် အများပိုင်ကာကွယ်ရေးသစ်တောများအဖြစ် စတင်ကြေညာသတ်မှတ်ချိန်မှစတင်၍ ယင်းအခွင့်အရေးများအား “ ၃နှစ်ဆက်တိုက် အသုံးပြုနိုင်ခြင်းမရှိပါက” “ထိုအခွင့်အရေးအား ရပ်စဲလိုက်သည်ဟု ယူဆရမည်ဖြစ်သည်။” ယင်းအကြောင်းအရာအား ဆိုလိုသည်မှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနေသောသူများအနေဖြင့် ၎င်းတို့၏ မြေများအား ရေရှည်တည်တံ့ခိုင်မြဲစေရန် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအတွက် လိုအပ်သော စနစ်အရ ၃နှစ် ထက်ပို၍ ပလပ်ထားလိုပါက ၎င်းမြေနှင့် ပတ်သက်သော အခွင့်အရေးများအား ဆုံးရှုံးမည်ဖြစ်သည်။ ဆက်လက်ပြီး အခန်း ၃၊ ပုဒ်မ ၃၂ သည် သစ်တောဌာနအား နေပြည်တော်ကောင်စီ၏ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် “အစိုးရစွန့်ပစ်သော သစ်တောဖုံးလွှမ်းသည့်မြေများ” ၏ မည်သည့်အစိတ်အပိုင်းကိုမဆို(....) “ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအား ခွင့်မပြုသောဧရိယာတစ်ခုအဖြစ်” ကြေညာရန် အခွင့်အာဏာပေးခြင်းဖြစ်သည်။

ပုဒ်မ၂၁ဖြစ်သော ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသော သဘာဝသစ်တောများ၊ ဒေသခံပြည်သူအစုအဖွဲ့များ၏ ဒီရေတောများနှင့် ပတ်သက်၍ အသိအမှတ်ပြုခြင်းဆိုင်ရာနည်းဥပဒေများမှာ သစ်တောဥပဒေပုဒ်မ ၇ကဲ့သို့ မပြတ်သားမှုန်ဝါးနေသည်။ ရည်ညွှန်းသည်မှာ ဝန်ကြီးဌာနမှ ယင်းသို့သော လုပ်ငန်းစဉ်များအား “ထုတ်ပြန်ပေးနိုင်” (ထုတ်ပြန်ပေးနိုင်သည်ဟု ဆိုသောကြောင့် သေချာခြင်းမရှိပါ) သည် ဟူ၍ ထပ်ခါတစ်လဲလဲ ဖော်ပြထားခြင်းကြောင့်ဖြစ်သည်။

သစ်တောနည်းဥပဒေမူကြမ်း ပုဒ်မ၁၅တွင် ဖော်ပြထားသော ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်အာဏာများအနက် အဆိုပြုတင်ပြလာသော အများပြည်သူပိုင်ကာကွယ်ရေးသစ်တောများ၏ နယ်နိမိတ်များအား ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ ပါဝင်သည်။ ပုဒ်မ၁၅ (က)(၁)တွင် ထုတ်ပြန်ထားချက်အရ ထိုအရာအား “ရိုးရာအရ မြေအသုံးပြုခွင့်ရရှိထားသောမြေများအား ဖယ်ထုတ်ပြီး” မှ ဆောင်ရွက်ရန်ဖြစ်သည်။ ဤအရာသည် ဒေသခံအများပြည်သူများအဖို့ ပြည်သူပိုင်ကာကွယ်ရေးသစ်တောတစ်ခု တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ဓလေ့ထုံးတမ်းရပိုင်ခွင့်များအား ရရှိရန်အတွက် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ထိန်းသိမ်းထားသည့် သစ်တောများနှင့် စပ်လျဉ်း၍ ဤကဲ့သို့ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော်လည်း ၂၀၁၈ခုနှစ် သစ်တောဥပဒေသည် MONRECဝန်ကြီးဌာနအား ထိန်းသိမ်းစောင့်ရှောက်ရေး သစ်တော၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောအဖြစ် ပြောင်းလဲရန်နှင့် ပြည်ထောင်စုလွှတ်တော် (ပါလီမန်)သို့တင်ပြ၍ ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောအဖြစ်မှ ဖျက်သိမ်းနိုင်သည့် လုပ်ပိုင်ခွင့်အာဏာအား ပေးအပ်ထားသည်။[၃၁]

ထိန်းသိမ်းစောင့်ရှောက်ထားသော သစ်တောတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ ဖျက်သိမ်းလိုက်သောအချိန်တွင် ဒေသခံပြည်သူများ၏ အခွင့်အရေးများသည် ယခင်အတိုင်း အလိုအလျောက် ပြန်လည်ရရှိမည်မဟုတ်ပါ။ သစ်တောဥပဒေမူကြမ်းအရ “ဖွဲ့စည်းပုံဥပဒေအရ ပျက်ပျယ်သွားသော်လည်း ပြည်သူများ၏ သစ်တောထွက်များအား ထုတ်ယူခွင့်နှင့် မြေအသုံးပြုခွင့်တို့အား ပြန်လည်ရယူပိုင်ခွင့်မရှိပါ။”[၃၂] ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဥပဒေတွင် ပါဝင်ခဲ့သော “ဓလေ့ထုံးတမ်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များနှင့် သစ်တောအသုံးပြုသူများ၏ အခွင့်အရေးများအား ယခင်က အကြမ်းဖက်ခြင်းများရှိခဲ့ပါက ပြန်လည်ထူထောင်ပေးရန်နှင့် မိမိဒေသသို့ ပြန်လာကြသော စစ်ဘေးရှောင်များ(IDPs)နှင့် ဒုက္ခသည်များ၏ အခွင့်အရေးများအား အနာဂတ်အတွက် ပြန်လည် ထူထောင်ခြင်းအား ခွင့်ပြုပေးရန်။” ဟူသော ပြဋ္ဌာန်းချက်သည် ပယ်ဖျက်ခြင်းခံခဲ့ရသည်။

၁၉၉၅ခုနှစ် ပထမဦးဆုံး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက်များ (CFI)အား ထုတ်ပြန်ပြီးမှသာ သစ်တောမြေများနှင့် အရင်းအမြစ်များအား ဒေသခံအများပြည်သူများမှ အသုံးပြုရန်အတွက် တရားဝင်အသိအမှတ်ပြု အသုံးပြုခွင့်အား (ပိုင်ဆိုင်ခွင့်မဟုတ်သော်လည်း)ရရှိခဲ့သည်။ ၂၀၁၆ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့ပြီး လက်ရှိတွင်လည်း ထပ်မံ၍ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသော ၁၉၉၅ ခုနှစ် CFI သည် သစ်တောအသုံးပြုသူအဖွဲ့များအား (FUG) နှစ်ပေါင်း ၃၀ အထိ အသုံးပြုခွင့်နှင့် သက်တမ်းတိုးခွင့်များအတွက် ခွင့်ပြုထားပါသည်။

၂၀၁၆ခုနှစ်နှင့် ၂၀၁၉ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သော CFIသည် မူရင်း CFIနှင့် ယှဉ်ကြည့်ပါက ပိုမိုကောင်းမွန်လာသည်ဟု ဆိုနိုင်ပါသည်။ ပြင်ဆင်ချက်များအတွင်းမှ ပိုမိုအကောင်းမွန်ဆုံးအချက်မှာ သစ်များနှင့် အခြားသစ်ထွက်ပစ္စည်းများကိုလည်း တစ်ကိုယ်ရည်အသုံးပြုရန်အတွက် အသုံးပြုခွင့်ပေးရုံသာမကဘဲ စီးပွားရေးအတွက်လည်း အသုံးပြုခွင့်ပေးထားပါသည်။ FUG များအနေဖြင့် သစ်များနှင့် အခြား သစ်တောထွက်ပစ္စည်းများအား ထုတ်ယူခြင်း၊ အကျိုးအမြတ်အတွက် အသုံးပြုခြင်းနှင့် စျေးကွက်တင်ရန်အတွက် တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ပါသည်။[၂၄] “CF များ အကောင်အထည်ဖော်ဆောင်ရန် သင့်တော်သောဒေသများ”[၂၅] တွင် FUG များသည် သီးနှံသစ်တောစိုက်ပျိုးခြင်းအတွက် ခွင့်ပြုခြင်းခံရပြီး CFအတွင်း၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအတွက်ကိုမူ တားမြစ်ထားသော လုပ်ဆောင်မှုတစ်ခုအဖြစ် ရှင်းလင်းစွာကိုးကားဖော်ပြထားသည်။[၂၆]

၂၀၁၆ခုနှစ် CFIအရ၊ သက်ဆိုင်သော သစ်တောနှင့် ၅မိုင်အဝန်းအဝိုင်းအတွင်း နေထိုင်သူများနှင့် အနည်းဆုံး ၅နှစ် အထိ နေထိုင်ခဲ့ပြီးသော သူများနှင့် ဆက်လက်ပြီး “သစ်တောများအပေါ်တွင် အမှန်တစ်ကယ်မှီခိုနေရသော သူများသာ” FUG တစ်ခုအား ဖွဲ့စည်းနိုင်ပါသည်။[၂၇] ၂၀၁၉ခုနှစ် CFတွင်လည်း ဆက်လက်ထိန်းသိမ်းထားပြီး “အကယ်၍ သစ်တောများသည် ရိုးရာနှင့် ဓလေ့ထုံးတမ်းများအရ ဒေသခံပြည်သူအစုအဖွဲ့/ အသိုက်အဝန်း၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပါက အကွာအဝေးနှင့် အခြေချနေထိုင်ရာအချိန်တို့အား ဖြေလျှော့ပေးနိုင်သည်။” ဟူသော ပြဌာန်းချက်လည်းပါဝင်သည်။[၂၈] CFများ တည်ထောင်ရန်အတွက် ခွင့်ပြုမြေများနှင့်ပတ်သက်၍ အခြားအချက်များအတွင်းမှ “ယဉ်ကျေးမှု သို့မဟုတ် ထုံးတမ်းများအရ ဒေသခံပြည်သူအစုအဖွဲ့/ အသိုက်အဝန်း စီမံခန့်ခွဲသော သစ်တောမြေများ” ဟူ၍ CFI အသစ်တွင် ဖော်ပြထားသည်။[၂၉] ၂၀၁၈ခုနှစ် သစ်တောဥပဒေ ပုဒ်မ၇အား ကိုးကား၍ ၂၀၁၉ခုနှစ် CFIတွင် အသစ်ပါဝင်လာသောအချက်မှာ “ဒေသခံပြည်သူအစုအဖွဲ့များမှာ ၎င်းတို့၏ရိုးရာအစဉ်အလာအရ ထိန်းသိမ်းထားသောသဘာဝသစ်တောများနှင့် ဒီရေတောများ” ဟူ၍ဖြစ်သည်။

အထူးခြားဆုံးအချက်မှာ အပိုဒ်၁၁ဖြစ်သည်။ ၎င်းတွင်ဖော်ပြထားသော အခြားအချက်များအတွင်းမှ သစ်တောမြေများ၏ အစိတ်အပိုင်းများကို သစ်တောအသုံးပြုသူများအဖွဲ့ (FUD)တစ်ဖွဲ့သို့ ခွဲဝေပေးရာတွင် တိကျသောအခြေနေများရှိရမည် ထို့အပြင် “ဒေသခံထုံးတမ်းများ၊ ရိုးရာများနှင့်အညီ လက်ခံသတ်မှတ်ထားသော မြေနေရာအကျယ်အဝန်းနယ်နိမိတ်”[၃၀] အား ခရိုင်သစ်တောအရာရှိမှ ထည့်သွင်းစဉ်းစားပေးရမည် ဟူ၍ဖြစ်သည်။ ဤCFIသည် ဓလေ့ထုံးတမ်းဆိုင်ရာပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုခြင်းများအတွက် အနီးစပ်ဆုံး CFIဖြစ်သည်။

သို့သော်လည်း CFIများသည် ဌာနဆိုင်ရာညွှန်ကြားချက်များသာဖြစ်ပြီး ၎င်း၏ပြဌာန်းချက်များသည် သစ်တောဥပဒေနှင့် အခြားမည့်သည့်ဥပဒေများကိုမျှ တရားဝင်အခြေပြုထားခြင်းမရှိပါ။ ယင်း CFIသည် ဓလေ့ထုံးတမ်းဆိုင်ရာပိုင်ဆိုင်ခွင့်များကို တရားဥပဒေအရ ကာကွယ်မှုပေးနိုင်ခြင်းမရှိပါ။

## နိဂုံး

ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများနှင့် အရင်းအမြစ်များ အသုံးပြုခွင့်များအား သစ်တောဥပဒေတွင် အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးထားခြင်းမရှိပါ။ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသော သစ်တောများကိုသာ အသိအမှတ်ပြုခြင်းခံရနိုင်သည်။ (အသိအမှတ်ပြုခြင်း မခံရတာမျိုးလည်း ဖြစ်နိုင်ပါသည်။) သို့သော်လည်း ဤသစ်တောများနှင့် အခြား ပြည်သူပိုင်သစ်တောများအတွင်းရှိ မြေများနှင့် အရင်းအမြစ်များကိုပါ တရားဝင် ကာကွယ်ပေးထားခြင်း မရှိပါ။ ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောတစ်ခုအား တည်ထောင်သောအခါ “ရိုးရာအရ မြေအသုံးပြုမှုများအား ရရှိပြီးသောမြေများအား” ဖယ်ထုတ်ထားရန်ရှိနိုင်ကြောင်းကို သစ်တောဥပဒေသည် ထည့်သွင်းထားပါသည်။ သို့သော် ယင်းမြေများသည်

မည်သည့်အခြေအနေအဖြစ်သို့ ရောက်ရှိသွားမည်ကိုမူ ဥပဒေတွင် ဖော်ပြထားခြင်းမရှိပါ။ ဆိုလိုသည်မှာ မည်ကဲ့သို့သော မြေအမျိုးအစားအဖြစ် သတ်မှတ်ခံရပြီး မည်သည့်ဥပဒေအောက်တွင် ကျရောက်မည်ကို မသိနိုင်ပါ။ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေနှင့် အရင်းအမြစ်ပိုင်ဆိုင်ခွင့်များအား CFIမှ အားနည်းလှသော/ အနည်းအကျဉ်းသော အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးခြင်းသာရှိပါသည်။ စီမံခန့်ခွဲမှုအစီအစဉ်များအတွက် ခွင့်ပြုချက်ရယူခြင်းနှင့် ပုံမှန်အစီရင်ခံစာများ ပေးပို့နေရခြင်းကို ပြန်လည်ကြည့်ရှုပါက ဒေသခံပြည်သူအစုအဖွဲ့များအနေဖြင့် ဆုံးဖြတ်ချက်ချနိုင်ခြင်းအခွင့်မှာ မရှိသလောက်နည်းပါးသည်။ လက်ရှိမြန်မာနိုင်ငံ၏ သစ်တောဥပဒေပြုရေးအောက်တွင် ဌာနေတိုင်းရင်းသားများအများစု၏ အသက်မွေးဝမ်းကြောင်းအတွက် အဓိကမှီခိုနေရသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း အလေ့အထများအပါအဝင် ၎င်းတို့၏ များစွာသော အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် အခြားသော အများပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှာ ပြစ်မှုမြောက်သော လုပ်ငန်းစဉ်များဖြစ်နေသည်။ ထိန်းသိမ်းစောင့်ရှောက်ရေး (သို့) အများပြည်သူ ကာကွယ်ရေးသစ်တောများအဖြစ်သို့ကြေညာခြင်း သို့မဟုတ် သစ်ထုတ်လုပ်ခြင်း သို့မဟုတ် အခြားအရင်းအမြစ်များအား ထုတ်ယူခြင်း ခွင့်ပြုချက်အား ထုတ်ပေးခြင်းမပြုမီ ဌာနေတိုင်းရင်းသားများ၏ သဘောတူညီချက်ကို ရယူသောလုပ်ငန်းစဉ်များ ဟူ၍မရှိပါ။ လက်ရှိ ပြန်လည်စီစစ်ပြီး ပြင်ဆင်ထားသော မြန်မာ့သစ်တောဥပဒေပြုခြင်းများမှာ ဌာနေတိုင်းရင်းသားများနှင့် အခြား သစ်တောအခြေပြု ပြည်သူအစုအဖွဲ့များ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများအတွက် ဖော်ထုတ်ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါ။ တိုးတက်မှုများရှိနေပါသော်လည်း အလွန်နည်းပါးပါသေးသည်။ NLUPတွင် ပြဌာန်းထားသည့်အတိုင်း အလုံးစုံပါဝင်သော ဥပဒေရေးရာပြန်လည်ပြုပြင်ပြောင်းလဲမှုများ၏ တစ်စိတ်တစ်ပိုင်းအရ ထပ်မံ၍ပြန်လည်ပြင်ဆင်မှုများဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။

လက်ရှိအချိန်အထိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများအား ကာကွယ်မှုပေးသည့် ပြည့်စုံသော ဥပဒေအား မချမှတ်မီ ဌာနေတိုင်းရင်းသားများနှင့် အခြား အများပြည်သူအစုအဖွဲ့ပိုင်သစ်တောများအဖွဲ့များ၏ အခွင့်အရေးများအတွက် သက်ဆိုင်သောသစ်တောနည်းဥပဒေများအား ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ဌာနေတိုင်းရင်းသားများနှင့် အခြား အများပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖွဲ့များ၏ အခွင့်အရေးများအား ချိုးဖောက်သော သစ်တောနည်းဥပဒေများအား ပြောင်းလဲသတ်မှတ်စေရန်နှင့် ဖျက်သိမ်းခြင်းဖြင့် လက်ရှိပြဌာန်းချက်များအား ပိုမိုအားကောင်းစေရေးအတွက် ဆောင်ရွက်ရန် MONRECအား တိုက်တွန်းပေးရန်လိုအပ်ပါသည်။ အထူးသဖြင့် အောက်ပါတို့ဖြစ်သည်။

- ပုဒ်မ ၁၃ (က) – နေပြည်တော်ကောင်စီ၏ မှတ်ချက်ဖြင့် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သစ်တောဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ထိန်းသိမ်းစောင့်ရှောက်ထားသော သစ်တော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝန်ကြီးဌာနမှ ဖျက်သိမ်းလိုက်ပါက ယင်းဖွဲ့စည်းပုံဥပဒေနှင့်အညီ ပျက်ပျယ်သွားသော ပြည်သူများ၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်နှင့် မြေအသုံးပြုခွင့်များအား ပြန်လည်ခံစားနိုင်ခြင်းမရှိပါ။
  အကြောင်းအရာသည် ဖျက်သိမ်းသင့်သည်။ (ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဥပဒေတွင် ပါရှိသကဲ့သို့။)
- ပုဒ်မ ၁၅ (က)(၁) – မြေအသုံးပြုမှုများအား ရိုးရာအရပိုင်ဆိုင်ထားသောမြေများအား ဖယ်ရှားပြီး အများပြည်သူ ကာကွယ်ရေး သစ်တောသတ်မှတ်ခြင်း၏ ရည်ရွယ်ချက်များအား ထိခိုက်မှုမရှိစေဘဲ အဆိုပြုထားသော အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးသစ်တော နယ်နိမိတ်များအား ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း နှင့် ဆုံးဖြတ်ခြင်း။
  တိကျသော နည်းဥပဒေတစ်ခုအား ဖော်ပြပေးရန် လိုအပ်ပါသည်။ ထိန်းသိမ်းစောင့်ရှောက်ရေး သစ်တောပြဌာန်းချက်နှင့် အလားတူဖြစ်သင့်ပါသည်။
- ပုဒ်မ ၂၁ – သစ်တောဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အောက်တွင် ဝန်ကြီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့များမှ ၎င်းတို့၏ဓလေ့ထုံးတမ်းများအတိုင်း ထိန်းသိမ်းထားသော သဘာဝသစ်တောများ နှင့် ဒီရေတောများအား အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ထုတ်ပေးနိုင်သည်။

စကားလုံးအသုံးအနှုန်း ပိုမိုအားကောင်းသင့်သည်။ ဆိုလိုသည်မှာ “နိုင်သည်” အစား “လိမ့်မည်” ကို သုံးသင့်သည်။

## ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ (BCPA)ဥပဒေ

သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းတွင် နေထိုင်ကြသော ဒေသခံအများပြည်သူအစုအဖွဲ့များအပေါ်တွင် မြေနှင့် အရင်းအမြစ်များ အသုံးပြုခြင်းအား ကန့်သတ်ထားပါသည်။ ၂၀၁၈ခုနှစ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ(BCPA)ဥပဒေ (တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအား အစားထိုးသော ဥပဒေ)သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအများပြည်သူအစုအဖွဲ့များ၏ နေ့စဉ်အသက်မွေးဝမ်းကြောင်းပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးပြုမှုများအတွက် ပြစ်ဒဏ်များချမှတ်ထားသည်။ ဥပမာအားဖြင့် – အမဲလိုက်ခြင်းအားလုံးတွင် – ဝမ်းစာအတွက် အမဲလိုက်နေကြသော ဌာနေတိုင်းရင်းသားများအနေဖြင့် ခွင့်ပြုလိုင်စင်လိုအပ်ပါသည်။ ယင်းပြဋ္ဌာန်းချက်သည်ဝေးလံခေါင်သီသော ဒေသများတွင် နေထိုင်ကြသော ဒေသခံအစုအဖွဲ့များအတွက် မဖြစ်နိုင်၍ ခက်ခဲသောအချက်တစ်ချက်ဖြစ်သည်။ အများပြည်သူဆိုင်ရာ မဟုတ်ပါဟု ကြေညာထားသောသဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ ပုံမှန်ဝင်ရောက်ခြင်းသည်ပင်လျှင် အပြစ်ပေးခြင်းခံရနိုင်သော လုပ်ရပ်ဖြစ်သည်။ ထို့ကြောင့် သဘာဝအပင်များအား ခွင့်ပြုချက်မရှိဘဲ ဆွတ်ခူးခြင်း (သစ်ဥသစ်ဖုများနှင့် ဆေးပင်များအားစုဆောင်းခြင်းများ) နှင့် စိုက်ပျိုးခြင်းများကိုလည်း ခွင့်ပြုခြင်းမရှိပါ။ အများပြည်သူအစုအဖွဲ့များ၏ အခွင့်အရေးများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်မှုများတွင် ၎င်းတို့၏ အခန်းကဏ္ဍများအား အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ ဥပဒေအသစ်သည် ၎င်း၏ ယခင်ဥပဒေထက် အနည်းငယ်ပို၍ ကောင်းမွန်ပါသည်။ ယခင် ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတွင်မူ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအများပြည်သူအစုအဖွဲ့များ၏ ပါဝင်ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ချေလုံးဝမရှိခြင်း သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင်းနှင့် အနီးတစ်ဝိုက်တွင် ၎င်းတို့၏ အခွင့်အရေးများအားအသိအမှတ်ပြုခြင်း များမရှိပါ။ BAPCဥပဒေ၏ အဓိကအပြောင်းအလဲများအကြားတွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဒေသခံအများပြည်သူအစုအဖွဲ့များ၏ ကဏ္ဍကို အသိအမှတ်ပြုခြင်းလည်း တစ်ခုပါဝင်သည်။

ကာကွယ်ရေး မြေနေရာအမျိုးအစားများစွာ အတွင်းမှ ဒေသခံပြည်သူအစုအဖွဲ့/အသိုက်အဝန်း ထိန်းသိမ်းရေးနယ်မြေများအား သဘာဝထိန်းသိမ်းရေးနယ်မြေ နေရာအမျိုးအစားတစ်ခုအဖြစ် အသိအမှတ်ပြုဖော်ပြခြင်းခံရသည်။[၄၃] ပုဒ်မ ၁၃(င)အရ ညွှန်ကြားရေးမှူးချုပ်သည် “ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေများကို စီမံအုပ်ချုပ်ခွင့်ပြုနိုင်သည်။” ဆက်လက်ပြီး ပုဒ်မ၁၇(ဆ)အရ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသော ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။” ဟူ၍ ဖော်ပြထားပါသည်။ ပုဒ်မ ၁၃(ဆ) “ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေ အား ထိခိုက်မှုမရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ကြားခံနယ်မြေသတ်မှတ်ပေးရမည်။” ဟူ၍လည်းဖော်ပြထားပါသည်။ သို့သော်လည်း ကြားခံနယ်မြေများအကြားတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမှာ ကန့်သတ်ချက်များစွာ ရှိနေပါသည်။ ဆက်လက်ဖော်ပြထားသည်မှာ “သတ်မှတ်ထားသည့် ကြားခံနယ်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၊ ဒေသခံအခြေပြု စီးပွားရေးလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင် ဧရိယာအား စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ ခွင့်ပြုပေးနိုင်သည်။” ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း နှင့် အခြားစိုက်ပျိုးခြင်းပုံစံများ သို့မဟုတ် မွေးမြူရေးလုပ်ငန်းများ အစရှိသည့် ဌာနေတိုင်းရင်းသားပြည်သူအစုအဖွဲ့များ၏ အဓိကအသက်မွေးဝမ်းကြောင်းပြုရာ လုပ်ငန်းများကိုမူ ကြားခံနယ်မြေများတွင် ဆောင်ရွက်ခွင့်မရှိပါ။

ထို့အပြင် ဒေသခံပြည်သူအစုအဖွဲ့ထိန်းသိမ်းရေးနယ်မြေများကို ရှင်းလင်းစွာ အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆို ထားခြင်းမရှိပါ။ အများပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ ကဲ့သို့ပင် အလားတူ ဝေါဟာရအသုံး အနှုန်းများလည်း ရှိပါသည်။ Community Forest အတွက် “ဒေသခံပြည်သူအစုအဖွဲ့” နှင့် Local Community Protected Area အတွက် “ဒေသခံအစုအဖွဲ့” ဟူ၍ သုံးနှုန်းထားပါသည်။ ယခင်အတိုင်းပင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်များနှင့် ဆန့်ကျင်လျက်ရှိသော စီမံခန့်ခွဲမှုများအား ပြည်သူအစုအဖွဲ့များအပေါ်တွင် အစိုးရအဖွဲ့မှ ချမှတ်ထားသည်။

ထို့ကြောင့် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့် အခြား စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များသည် BCPAဥပဒေတွင် အသုံးပြုထားသော "ဒေသခံပြည်သူအစုအဖွဲ့" ဟူသောအသုံးအနှုန်းအား နှစ်သက်ခြင်းမရှိသောကြောင့် စုပေါင်းစီမံခန့်ခွဲခြင်းစနစ်နှင့် ဓလေ့ထုံးတမ်း စီမံခန့်ခွဲမှု အလေ့အထများအား အသိအမှတ်ပြုသည့် သဘာဝထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသမဂ္ဂ (IUCN) ၏ တရားဝင်အကာအကွယ်ပေးထားခြင်း ခံရသော မြေအမျိုးအစားတစ်ခုဖြစ်ပြီး ၎င်းတို့အနေဖြင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့ ထိန်းသိမ်းမြေများ (ICCA) ဟူ၍ ပြောင်းလဲ အသုံးပြုရန် အဆိုတင်သွင်းခဲ့သည်။

ပုဒ်မ ၉(င)အရ "သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။" ဤအဆိုအရ ဒေသခံလူထု၏ ကြွေးကြော်သံများအား ဥပဒေပြုရေးဌာနသို့ ရောက်ရှိစေရန် ခွင့်ပြုထားသော်လည်း ဒေသခံပြည်သူအစုအဖွဲ့များအနေဖြင့် ထိန်းသိမ်းရေးမြေနေရာတစ်ခုသတ်မှတ်တည်ထောင်ခြင်းအပေါ်တွင် ၎င်းတို့အနေဖြင့် သဘောတူညီမှုရှိသည် သို့မဟုတ် မရှိသည်ကို ပြောဆိုခွင့်မရှိပါ။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် UNDRIP တွင် ဖော်ပြထားသော FPIC အခွင့်အရေးအားမရရှိနိုင်ပါ။

## နိဂုံး

BCPA ဥပဒေအား ပြည်သူအများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ယင်းနှင့်ပတ်သက်ဆက်နွယ်နေသူများ၏ အကြံပေးမှုများ မပါရှိဘဲ ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ဝေဖန်မှုများ ခံခဲ့ရပါသည်။ ဥပဒေအရ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဒေသခံပြည်သူအစုအဖွဲ့များ၏ ပါဝင်မှုများအား အသိအမှတ်ပြုခြင်း၊ အထူးသဖြင့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေများအား ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲခွင့်ပင်ဖြစ်သည်။ သို့သော် ဖြေရှင်းရန် ကျန်ရှိသော ပြဿနာများမှာ ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေများ ၏ အဓိပ္ပါယ်၊ ၎င်းတို့အား အသိအမှတ်ပြုရန် ဆောင်ရွက်ခြင်းအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်များ နှင့် ဒေသခံအစုအဖွဲ့၏ ၎င်းတို့အား စီမံခံခွဲရန် အခွင့်အရေးအား အသိအမှတ်ပြုခြင်းတို့ပင်ဖြစ်သည်။ ထို့အပြင်သာမက ဌာနေတိုင်းရင်းသားများအပေါ်တွင် ချမှတ်ထားသော ပြင်းထန်သည့် ကန့်သတ်ချက်များ၊ ၎င်းတို့၏ မြေယာ၊ အရင်းအမြစ် နှင့် အသက်မွေးဝမ်းပြု စနစ်များအား ပိုင်ဆိုင်ခွင့်အား အသိအမှတ်ရန် လုံးဝနီးပါး မရှိခြင်း အစရှိသည်တို့အား ထည့်သွင်းစဉ်စားခြင်းဖြင့် BCPA ဥပဒေသည် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ ပုဒ်မ ၇(က)(၆) တွင်ဖော်ပြထားသော အခြေခံမူဝါဒတစ်ခုဖြစ်သည့် "ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ မြေယာများ၊ ပိုင်နက်နယ်မြေများ၊ သယံဇာတများ နှင့် ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ အခွင့်အရေးများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝသယံဇာတများစီမံခန့်ခွဲမှုတွင် ၎င်းတို့၏ အခန်းကဏ္ဍများကိုလည်း အသိအမှတ်ပြုကာကွယ် စောင့်ရှောက်ရမည်." ဟူသော ပြဋ္ဌာန်းချက်နှင့် သွေဖီနေပါသည်။ BCPA ဥပဒေသည် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒထက်အရင်ထုတ်ပြန်လိုက်ခြင်းကြောင့် ၎င်းအား အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒနှင့်အညီ ပြန်လည်ပြန်လည်ပြင်ဆင်ရန် လိုအပ်ပြီး ယင်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား အပြည့်အဝအကာအကွယ် ပေးသည်မှာ သေချာအောင် ဆောင်ရွက်ရပါမည်။

## ၂၀၁၉ ခုနှစ် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း နှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ

၂၀၁၉ခုနှစ် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေသည် ၁၈၉၄ မြေသိမ်းဆည်းခြင်းအက်ဥပဒေအား အစားထိုးပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းတွင်ဖော်ပြထားသော ရည်ရွယ်ချက်များမှာ[၇၇] "ဥပဒေအရ အများပြည်သူကောင်းကျိုးအတွက် မြေသိမ်းခြင်းခံလိုက်ရသော သူတစ်ဦးတစ်ယောက်၏ အကျိုးအားကာကွယ်ရန် အတွက်ဖြစ်သည်။" "မြေများအားသိမ်းဆည်းရာတွင် နစ်နာကြသောသူများနှင့် ဒေသခံများအား ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းများအတွက် ပွင့်လင်းမြင်သာမှုရှိရမည်။" နစ်နာသူများအား "အမှန်တစ်ကယ် သင့်တင့်မျှတသော လျော်ပေးခြင်းများ"၊ "ပြန်လည်နေရာချထားခြင်းများ ဆောင်ရွက်ခြင်းနှင့် လူမှုစီးပွားရေးများအား ပြန်လည်ထူထောင်

ပေးခြင်း”နှင့် “မြေသိမ်းဆည်းခြင်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုစီပွားရေးများအပေါ်တွင် ဆိုးရွားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခြင်းမှ ကာကွယ်ပေးရမည်” ဟူ၍ဖြစ်သည်။

မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ၏ စာအုပ်ထဲတွင် ၅ ကြိမ်အထိ ရည်ညွှန်းဖော်ပြခြင်းခံရသော (“တိုင်းရင်းသားနိုင်ငံသားများ”၊ “တိုင်းရင်းသားကိုယ်စားလှယ်များ”၊ “တိုင်းရင်းသားအစုအဖွဲ့များ”၊ “တိုင်းရင်းသားလူနည်းစုများ” အစရှိသည်ဖြင့်။)[၄၅] ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအခွင့်အရေးများအား စနစ်တကျအသိအမှတ်ပြုထားခြင်းမရှိပါ။ ပထမအစတွင် ဥပဒေသည် အများပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာရပိုင်ခွင့်များအား အသိအမှတ်ပြုသည့်ပုံပေါ်ပါသည်။ အခန်း ၁ စာပိုဒ် ၃ (ဂ)(၄) အရ “မြေပိုင်ရှင်”အား အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆိုရာတွင် “ထိုသူ၌ တရားဝင်စာရွက်စာတမ်းများမရှိသော်လည်း ဒေသခံအစုအဖွဲ့များလက်ခံပြီး၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်သည့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရမှ တိုင်းရင်းသား နိုင်ငံသားများ၏ ဓလေ့ထုံးတမ်းအလေ့အထများအရ မြေပိုင်ရှင်ဟူ၍ အသိအမှတ်ပြုခြင်းခံရသောသူများဖြစ်သည်။” ဤကဲ့သို့သော အသိအမှတ်ပြုခြင်းအား အမျိုးသားမြေအသုံးပြုမှုမူဝါဒနှင့် သစ်တောဥပဒေ (ဓလေ့ထုံးတမ်းထိန်းသိမ်းစောင့်ရှောက်ထားသော သစ်တောများ စာအတွင်း။)တွင် တွေ့နိုင်ပါသည်။ NLUPနှင့် သစ်တောဥပဒေများကဲ့သို့ပင် ၂၀၁၉ခုနှစ်မြေယာသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေတွင်လည်း ဓလေ့ထုံးတမ်းဆိုင်ရာအစုအဖွဲ့ပိုင်မြေများအား မည်ကဲ့သို့အသိအမှတ်ပြုရမည်ကို ရှင်းလင်းပြောကြားထားခြင်းမရှိပါ။

ထို့အပြင်သာမက မြန်မာစီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန မှ ဥပဒေမူကြမ်းအား သုံးသပ်၍ ထောက်ပြထားသည့် အတိုင်း[၄၆]

> “… သက်ဆိုင်သောနယ်မြေ သို့မဟုတ် တိုင်းဒေသကြီးအစိုးရမှ ပိုင်ရှင်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး…” ဟူသော စကားလုံးကြောင့် အကယ်၍ ပြည်နယ်/ တိုင်းဒေသကြီးမှ အသိအမှတ်ပြုရန် ပျက်ကွက်သောကြောင့် တရားဝင်စစ်မှန်သော အခွင့်အရေးများအား ငြင်းဆန်ခြင်းခံရပါက ပြဿနာများဖြစ်ပေါ်စေနိုင်သည်။ မြေယာပိုင်ဆိုင်ခွင့်ဥပဒေအား လက်ခံကျင့်သုံးပြီး ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုခြင်းဖြင့် ဤပြဿနာများအား ဖြေရှင်းနိုင်ပါသည်။ ထို့ကြောင့် ထိုဥပဒေများအား ပြဋ္ဌာန်းခြင်းမပြုမီအထိ LAA (မြေယာသိမ်းယူခြင်းအက်ဥပဒေ) အား ဆိုင်းငံ့ထားရန် ထောက်ခံအကြံပြုလိုပါသည်။

အလားတူပင် အခန်း၄တွင် သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့်ရခြင်းနှင့်ပတ်သက်၍ ဥပဒေသည် ဓလေ့ထုံးတမ်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များအား အသိအမှတ်ပြုသည့်ပုံပေါ်ပါသည်။ ပြည်ထောင်စုလွှတ်တော်(Parliament)မှ ခွင့်ပြုခြင်းမရှိပါက သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့်ရထားသော မြေအမျိုးအစားများတွင် “တိုင်းရင်းသားများမှ ရိုးရာအားထိန်းသိမ်းရန် ရည်ရွယ်ချက်နှင့် မြင့်မြတ်သောနေရာများအဖြစ် ကာကွယ်ထားရှိသော မြေများအဖြစ် အသုံးပြုသည့်မြေများ”[၄၇] ကိုလည်း ဖော်ပြထားပါသည်။ ဥပဒေသည် နစ်နာသူမြေပိုင်ရှင်များအား ကြိုတင်အသိပေးခြင်းနှင့် အကြောင်းကြားခြင်းများဆောင်ရွက် ညွှန်ကြားထားပါသည်။ သို့သော် ယင်းမြေပိုင်ရှင်များအနေဖြင့် ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်ခွင့်ရရန်ကိုမူ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ၂၀၁၇ ဥပဒေကြမ်း၏ အခန်း ၅၊ ပုဒ်မ ၁၄ (ဃ) တွင် ဖော်ပြထားသည်မှာ “မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အား တာဝန်ပေးအပ်ရာတွင် လုပ်ငန်းစဉ်အားလုံး၌ ပွင့်လင်းမြင်သာစွာနှင့် ထိခိုက်နစ်နာသူမိသားစုများပါဝင်သော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်စေရမည်။” ဟူ၍ဖြစ်သည်။ ၂၀၁၉ဥပဒေတွင်မူ ယင်းအချက်အား ထည့်သွင်းထားခြင်းမရှိပါ။ အလားတူပင် ဥပဒေကြမ်းတွင် မြေသိမ်းယူမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် “မြေသိမ်းယူခြင်းအဆိုပြုချက်အပေါ်တွင် အများပြည်သူထံမှ သဘောထားရယူရ၍”[၄၈] အားစုဆောင်းထားရမည်။ ဆက်လက်ပြီး “မြေသိမ်းဆည်းသည့် ရည်ရွယ်ချက်နှင့် အခြေအနေများအပေါ် အကျိုးစီးပွားသက်ဆိုင်သူ ပြည်သူလူထုထံမှ ကန့်ကွက်လွှာခေါ်ယူခြင်း၊ စာဖြင့်ရေးသားကန့်ကွက်ချက်ကို လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ အထောက်အထားစာရွက်စာတမ်းများတင်ပြစေရန် တောင်းခံခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်။”[၄၉] ဟူ၍ဖော်ပြထားပြီး “ထိခိုက်နစ်နာသူ မိသားစုများစာရင်းနှင့် ထိခိုက်နစ်နာမှု အခြေအနေများစာရင်းကောက်ယူခြင်း”[၅၀] များလည်းဆောင်ရွက်ရန်အတွက် ဖော်ပြထားပါသည်။ တရားဝင်ဥပဒေထွက်ပေါ်လာသောအချိန်တွင် ယင်းပြဋ္ဌာန်းချက်များအားလုံးပါဝင်လာခြင်းမရှိဘဲ ကျန်ရှိနေသော

ပြဌာန်းချက်များမှာလည်း အလွန်အားနည်းလှပါသည်။ စာပုဒ် ၃ ရှိအသုံးအနှုန်းများ၏အဓိပ္ပါယ်အားဖော်ပြချက်တွင် "မြေသိမ်းယူရန် လိုအပ်သည်ဟူ၍ ကြေညာချက်ထုတ်ပြန်ခြင်းသည် အများပြည်သူအား ထိုနေရာတွင် မြေသိမ်းယူရန်ရှိသည်ဟူ၍ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်းဖြစ်သည် – သို့မဟုတ် အများပြည်သူအနေဖြင့် ကန့်ကွက်နိုင်သည် သို့မဟုတ် ရပိုင်ခွင့်များကို တောင်းဆိုနိုင်သည် သို့မဟုတ် မြေသိမ်းယူခြင်းလုပ်ငန်းစဉ်များအား သိရှိနိုင်သည်။" ဟူ၍လည်း ဖော်ပြထားပါသည်။ ပုဒ်မ ၁၁ တွင် "နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သည် ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ မြေအလိုရှိကြောင်းတင်ပြသည့် အဆိုပြုချက်အားစစ်ဆေးပြီး" ဆက်လက်ဆောင်ရွက်ရန် ပြဌာန်းချက်များအနက်မှ "သိမ်းဆည်းရန်ရည်ရွယ်သည့်မြေကို ကွင်းဆင်းစစ်စစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့် အဆိုပြုမှုအပေါ်အများပြည်သူရှင်းလင်းစွာသဘောပေါက်သိရှိရေးအတွက်ဒေသခံပြည်သူများနှင့်ဆွေးနွေးခြင်း၊သဘောထားရယူခြင်း၊ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေခြင်း" စသည်ဖြင့် ဆောင်ရွက်ရမည် ဟူ၍လည်း ဖော်ပြထားပါသည်။

နစ်နာသူများအနေဖြင့် ငြင်းဆိုခွင့်များမှာလည်း ကန့်သတ်ထားပါသည်။ ဖော်ပြထားသည်မှာ "ထိုခိုက်နစ်နာသူသည် မြေကို သိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြေညာစာထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ထိုသို့ ထုတ်ပြန်ရန်ကြေညာသည့်နေ့မှ ၄၅ရက်အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ရေးအဖွဲ့သို့ ကန့်ကွက်ရခြင်းအကြောင်းကို ကျိုးကြောင်းဖော်ပြ၍ ခိုင်လုံသောအထောက်အထားများနှင့် ပူးတွဲပြီး ကန့်ကွက်လွှာတင်နိုင်သည်။"[၅၁] မြေပိုင်ရှင်များအသည် လျှော်ကြေးများနှင့် ထိခိုက်နစ်နာခြင်းများအတွက် တရားရုံးတွင် သွားရောက်ရောက်ထားခွင့်ရှိသည်ဟု ဖော်ပြထားသော်လည်း ထိုကဲ့သို့ ယင်းမြေအား လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းအတွက်ကိုမူ[၅၂] ဖော်ပြထားခြင်းမရှိပါ။ ပြည်သူအစုအဖွဲ့များ အနေဖြင့်သော်လည်း ကောင်း၊ တစ်ဦးတစ်ယောက်စီသော်လည်းကောင်း ၎င်းတို့၏ မြေများအား အစိုးရ၏ သိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားခြင်းများလုပ်ဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်းမရှိပါ။ ဌာနေတိုင်းရင်းသားများ၏ FPICရပိုင်ခွင့်အား အသိအမှတ်ပြုသော ပြဌာန်းချက်လည်း မရှိပါ။ ဆိုလိုသည်မှာ အဓမ္မမြေများအားသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားခြင်းများအား ကာကွယ်နိုင်သည့်နည်းလမ်းမရှိပါ။ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများအား လျှော့ချခြင်းနှင့် လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်းခြင်းတို့အတွက် ဥပဒေမှ ကြိုတင်ပြင်ဆင်မှုများရှိပါသည်။

ပုဒ်မ၄၈(က)တွင် ဖော်ပြထားသည့်အတိုင်း ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့သည် "လိုအပ်ပါက […] ပြန်လည်နေရာချထားခြင်းများလုပ်ဆောင်ရာတွင် မြေပိုင်ရှင်များနှင့် ယင်းဒေသတွင်နေထိုင်ကြသူများ၏ အသက်မွေးလုပ်ငန်းများနှင့် လူမှုဘဝပတ်ဝန်းကျင်တွင် ထိခိုက်မှုများမရှိသည်မှာ သေချာစေရန် လိုအပ်သောဆောင်ရွက်မှုများ ပြုသွားမည်ဖြစ်သည်။"[၅၃] ပုဒ်မ၅၀သည် ဌာနေတိုင်းရင်းသားများအတွင်းမှ ပိုမိုထိခိုက်လွယ်သောအုပ်စုများအတွက် အထူးရည်ညွှန်းသည်။ ယင်းတွင်ဖော်ပြထားသည်မှာ "ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများအပါအဝင် ထိခိုက်နစ်နာလွယ်သူများကို ထိခိုက်နစ်နာမှုများမရှိစေရန် အထူးဂရုပြု၍စီစဉ်ဆောင်ရွက်ရမည်။" ဟူ၍ ဖော်ပြထားပါသည်။ သို့ပါသော်လည်း ကမ္ဘာ့နေရာအနှံ့အပြားနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အဓမ္မမြေသိမ်းခြင်းများနှင့်ပတ်သတ်သော အတိတ်အတွေ့အကြုံများအရ အစိုးရနေဖြင့် ဤဥပဒေများအား အကောင်အထည်ဖော်ဆောင်ရန် ဆန္ဒရှိခြင်းနှင့် အမှန်တစ်ကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမှာမူ သံသယဖြစ်ဖွယ်ရှိနေပါသည်။ နောက်ဆုံးအနေဖြင့် အခန်း(…)တွင် ဖော်ပြထားသည်များမှာ၊ အကယ်၍ အစိုးရအနေဖြင့် "အရေးပေါ်" ဟူ၍သတ်မှတ်ပါက ပိုမိုမြန်ဆန်လွယ်ကူစွာဆောင်ရွက်နိုင်သော လုပ်ဆောင်ပုံများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

## နိဂုံး

မြေသိမ်းဆည်းခြင်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများနှင့် ပတ်သက်၍ ပြတ်သားစွာ ဖော်ပြထားခြင်းမရှိသလိုပင် စနစ်တကျအသိအမှတ်ပြုထားခြင်းလည်းမရှိပါ။ ဓလေ့ထုံးတမ်းဆိုင်ရာပိုင်ဆိုင်မှုများအား လို

အပ်သောအကာအကွယ်ပေးထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် ကိုက်ညီသော အမျိုးသားမြေအသုံးပြုမှု ဥပဒေအား ပြဋ္ဌာန်းခြင်းဖြင့်သာ ဤပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ နောက်ဆုံးဥပဒေသည် အများပြည်သူများနှင့် မြေပိုင်ရှင်များ၏ အခွင့်အရေးများနှင့် တိုင်ပင်ဆွေးနွေးခြင်းများနှင့်ပတ်သက်ပြီး ပို၍ပင်အားနည်းနေပါသေးသည်။ ဓလေ့ထုံးတမ်းဆိုင်ရာမြေပိုင်ရှင်များသည် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များ သို့မဟုတ် ၎င်းတို့အနေဖြင့် ခွင့်ပြုပေးခြင်း သို့မဟုတ် ငြင်းဆန်ခြင်းများအား အမှန်တစ်ကယ်ပါဝင်လုပ်ဆောင်နိုင်ရန်အတွက် အာမခံပေးသောဥပဒေများ ပြဋ္ဌာန်းထားခြင်းမရှိပါ။ သတင်းအချက်အလက်များအား မျှဝေခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များမှာလည်း ပျက်သားခြင်းမရှိပါ။ ထို့ကြောင့် အချုပ်အနေဖြင့် ပြောရမည်ဆိုပါလျှင် UNDRIP တွင်ပြဋ္ဌာန်းထားသော ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော ကြိုတင်အသိပေးသဘောတူညီချက်ရယူခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါ။

## မြေတိုင်းဥပဒေ

စံပုံစံ အမျိုးသားဘူမိပမာဏရည်ညွှန်းသည့်စနစ် တစ်ခုလိုအပ်သည်ကို သတိပြုမိ၍ လက်ရှိတွင် အစိုးရမှ မြေတိုင်းဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပါသည်။ အများပြည်သူထံတွင် ချပြဆွေးနွေးခဲ့သော ဥပဒေမူကြမ်းကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိပါသည်။ အထူးသဖြင့် ပုဒ်မ၄၆တွင်ဖော်ပြထားသော "မည်သူမဆို မြေပုံဆွဲရန်အတွက် အခွင့်မရှိဘဲ မြေတိုင်းတာနေခြင်းအား တွေ့ရှိပါက ကျပ် ၁၀၀၀၀၀၀ (approximately US$ 650) ထက်မနည်းသော ငွေဒါဏ်နှင့် ပြစ်မှုကျူးလွန်ခြင်းတွင် အသုံးပြုခဲ့သော ပစ္စည်းများအား ပြည်သူပိုင်အဖြစ် သိမ်းဆည်းခံရမည်။"[၅၇] ထိုပြဋ္ဌာန်းချက်သည် စီမံကိန်းဆောင်ရွက်ချက်အမျိုးမျိုးအတွက် ကျေးရွာမြေပုံဆွဲခြင်းဆိုင်ရာများကိုလည်း သက်ရောက်နိုင်မည်ကိုစိုးရိမ်ရပါသည်။ အခြားအချက်များအတွင်းမှ ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်နှင့်အရင်းအမြစ်များအား စီမံခန့်ခွဲခွင့်ဆိုင်ရာ မှတ်တမ်းတင်ခြင်းများအတွက်လည်း ပါဝင်သည်။ ပုဒ်မ ၃ တွင် ဖော်ပြထားသော စကားလုံးအဓိပ္ပါယ်ဖွင့်ဆိုမှုအရ၊ မြေတိုင်းဆိုသည်မှာ "မြေတိုင်းကိရိယာများအသုံးပြုပြီး မြေအားတိုင်းတာခြင်းဖြစ်သည်။ ဥပမာ– လေဆာဖြင့်ဖတ်ယူခြင်းနည်းပညာ သို့မဟုတ် ဒီဂျစ်တယ်ပုံရိပ်နည်းပညာများ။" ဟူ၍ ဖော်ပြထားပါသည်။ မြေတိုင်းတာခြင်းတွင် ဘူမိပမာဏတိုင်းတာရေးစက်များအား သတ်မှတ်နေရာချခြင်း၊ မြေပြင်ထိန်းချုပ်ရေးအချက်များနှင့် တိုင်းတာရေးအထောက်အကူပြုအမှတ်အသားများ ချမှတ်ခြင်းများပါဝင်သည်။ "မြေတိုင်းကိရိယာများ" ဟူဆိုရာတွင် မည့်သည့်အရာအား ဆိုလိုသည်ကို ရှင်းလင်းမှုမရှိသော်လည်း ကျေးရွာမြေပုံဆွဲခြင်းများပါဝင်ခြင်းမရှိပါဟူ၍လည်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ မည်သို့ပင်ဆိုစေကာမူ မြေတိုင်းဥပဒေအသစ်တွင် ကျေးရွာမြေပုံဆွဲခြင်းအား ခွင့်ပြုမည်၊ တားမြစ်မည်ကို ရှင်းလင်းစွာသိနိုင်ရန်မှာ အရေးကြီးသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များမှ သုံးသပ်ကြပါသည်။

အလားတူပင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့များမှ ဦးဆောင်၍ ကျေးရွာမြေပုံဆွဲခြင်းနှင့်အခြားကဏ္ဍများအတွက် မြေပုံဆွဲခြင်းများအတွက် ယင်းပုဒ်မအားဖြင့် ပြဿနာများဖြစ်ပေါ်မည်ကို စိုးရိမ်လျက်ရှိပါသည်။ ပုဒ်မ၂၉တွင် ဖော်ပြထားသည်မှာ "GOM သို့ဆက်သွယ်၍ ဘူမိပမာဏ အချက်လက် ဝန်ဆောင်မှုများရရှိရန်အတွက်" အခကြေးငွေပေးချေရမည်ဖြစ်သည်။ ဆက်လက်ပြီး ပုဒ်မ၃၂တွင် ဖော်ပြထားသည်မှာ "အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ လိုင်စင်ရ ကုမ္ပဏီများနှင့် သုတေသနပြုကြသူများသည် တိုင်းထွာရရှိထားသော ဘူမပမာဏအချက်အလက်၏ ဒီဂျစ်တယ်မိတ္တူ (လျှပ်စစ်မိတ္တူ)များအား မြေတိုင်းဌာနသို့ အခငွေကြေးဖြင့်မဟုတ်ဘဲ အလုပ်ပြီးမြောက်သည့်အချိန်မှစတင်၍ ရက်ပေါင်း (၃၀) အတွင်း ပေးပို့ရမည်။" ဟူ၍ ဖြစ်သည်။ ထို့အပြင်သာမက ခွင့်ပြုချက်မရှိဘဲ စာရွက်ဖြင့်သော်လည်းကောင်း သို့မဟုတ် ဒီဂျစ်တယ်ဖောင် (လျှပ်စစ်ပုံစံ)ဖြင့်သော်လည်းကောင်း အသုံးပြုပါကမြေတိုင်းဌာနအနေဖြင့် ယင်းအား ပြစ်မှုကျူးလွန်သည်ဟူ၍ သတ်မှတ်မည်ဖြစ်သည်။ ပုဒ်မ ၄၀ တွင်ဖော်ပြထားသည်မှာ "မြေတိုင်းဌာနမှ ထုတ်ပြန်ထားသော မြေမျက်နှာသွင်ပြင်မြေပုံ၊ ကောင်းကင်ဓါတ်ပုံ၊ မြေပြင်ထိန်းချုပ်ရေးအချက်အလက်များနှင့် အမြင့်အမှတ်အသားများအား အစိုးရဌာနများမှအပ မည်သူ တစ်ဦးတစ်ယောက်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမှ အသုံးပြုခွင့်မရှိပါ။"

## နိဂုံး

ဥပဒေကြမ်းအားဆွေးနွေးပွဲတွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအားလုံးမှာ သဘောတူကြသည်မှာ ဥပဒေအနေဖြင့် မြေပုံဆွဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ထိန်းချုပ်ထားခြင်းများမှာ အလွန်တင်းကြပ်နေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အခြားအချက်များစွာအတွင်းမှ ဂြိုလ်တုအားအသုံးပြု၍ အမှီအခိုကင်းစွာ မြေပုံဆွဲခြင်း၊ ကမ္ဘာလုံးဆိုင်ရာ နေရာပြစနစ်(GPS)အသုံးပြု မြေပြင်တိုင်းထွာခြင်းနှင့် မြေမျက်နှာသွင်ပြင်မြေပုံများ အစရှိသည်တို့အား ပြစ်မှုမြောက်သောဆောင်ရွက်ချက်များအဖြစ် ဥပဒေတွင်သတ်မှတ်ထားခြင်းကြောင့် ဖြစ်ပါသည်။ ဥပဒေသစ်တွင် ကျေးရွာမြေပုံဆွဲခြင်းကဲ့သို့သော စီမံကိန်းများအတွက် လွတ်လပ်စွာမြေပုံဆွဲခြင်းအား အသိအမှတ်ပြုရန်အတွက် အစိုးရအားထိတွေ့ဆက်ဆံပြောကြားရန် အရေးပေါ်လိုအပ်လျက်ရှိပါသည်။

## ခြုံငုံ၍ နိဂုံးချုပ်ခြင်း

လက်ရှိ တည်ဆဲ မြေယာ၊ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများအား အကျဉ်းချုံ့ခြုံငုံကြည့်မည်ဆိုပါက ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် ပတ်သက်၍ မကြာသေးမီက ပြင်ဆင်ချက်များတွင် တိုးတက်မှုများရှိလာသည်ကို ပြသနေပါသည်။ သို့ပါသော်လည်း များစွာသောလစ်ဟာနေမှုများလည်း ရှိနေပါသည်။ ခြုံငုံ၍ပြောရမည်ဆိုပါလျှင် ၎င်းတို့သည် ဌာနေတိုင်းရင်းသားများ ၎င်းတို့၏ မြေများ၊ သစ်တောများနှင့် သဘာဝအရင်းအမြစ်များပိုင်ဆိုင်ခွင့်အား အပြည့်အဝအသိအမှတ်ပြု ပြီးကာကွယ်နိုင်ခြင်းမရှိပါ။ ဌာနေတိုင်းရင်းသား အစုအဖွဲ့များနှင့် အခြားသော ဆင်းရဲသားလယ်သမားများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုများရှင်သန်ရေးအတွက် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် အထူးသဖြင့် အများပိုင်မြေအခွင့်အရေးများအား အသိအမှတ်ပြုသော ဥပဒေသစ်များဖြစ်ရန် ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြဌာန်းခြင်းများ ဆောင်ရွက်ရန်အလွန်အရေးကြီးပါသည်။ ပြန်လည်ခြုံငုံသုံးသပ်ချက်များအရ ဆွေးနွေးခဲ့သောဥပဒေတစ်ချို့အား ပြန်လည်ပြင်ဆင်ရန်လိုအပ်ပါသည်။ သို့သော် ယင်းတို့အတွင်းမှ ဥပဒေတစ်ခုဖြစ်သော VFVဥပဒေသည် ပြဿနာများစွာဖြစ်ပေါ် စေနိုင်ပြီး ၎င်းအားဖျက်သိမ်းသင့်ပါသည်။ အရေးအကြီးဆုံးမှာ ပြည့်ဝသော အမျိုးသားမြေဥပဒေတစ်ခုအား ပြဌာန်းခြင်းဖြစ်သည်။ ထို့နောက် မြေနှင့်ပတ်သက်သော ဥပဒေများ၊ သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေတိုင်းခြင်းကဲ့သို့သော ဆက်စပ်နေသည့် အရာများ အစရှိသည်တို့အား အမျိုးသားမြေဥပဒေနှင့် လိုက်လျောညီထွေမှုရှိရန် ဆောင်ရွက်သင့်ပါသည်။

ပြည့်စုံသော အမျိုးသားမြေဥပဒေအားတစ်ခုအား ဥပဒေပြုရေးအား ၂၀၁၆ခုနှစ် အမျိုးသားမြေအသုံးပြုမှုမူဝါဒတွင် ပြဌာန်းခဲ့ပါသည်။ သို့သော် NLUPအား လက်ခံကျင့်သုံးပြီး သုံးနှစ်ကြာသည့်တိုင်အောင် အမျိုးသားမြေအသုံးပြုမှုဥပဒေမှာမူ မူကြမ်းအဆင့်သာရှိနေပါသေးသည်။ သုံးသပ်ချက်များအရ အခြား မြေယာနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ဥပဒေများမှာ မူကြမ်းပြုစုခြင်း၊ ပြဌာန်းခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများကိုပင် ဆောင်ရွက်ပြီးစီးနေပြီးဖြစ်သည်။ ပြင်ဆင်ထားပြီးသည့် VFV ဥပဒေကဲ့သို့သော ဥပဒေအချို့မှာမူ ဌာနေတိုင်းရင်းသားများနှင့် အခြားကုန်းမြေမြင့်ဒေသများနှင့် သစ်တောဒေသများတွင် နေထိုင်ကြသော ပြည်သူအစုအဖွဲ့များအတွက် လုံးဝကိုပြဿနာဖြစ်စေနိုင်သော ဥပဒေများဖြစ်ကြသည်။

လက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော မြေသိမ်းဆည်းမှုများပမာဏနှင့် အမြန်နှုန်းအရ နိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများနှင့် အခြားထိခိုက်လွယ်သောအဖွဲ့များ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေအခွင့်အရေးများအား အသိအမှတ်ပြု၍ အကာအကွယ်ပေးသော အမျိုးသားမြေအသုံးချမှုမြေဥပဒေကို ဥပဒေပြုနိုင်ရေးမှာ အရေးပေါ်အခြေအနေဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွင် သဘောတူလက်မှတ်ရေးထိုးထားခဲ့သည့်အတိုင်းနှင့် ဌာနေတိုင်းရင်းသားများပတ်သက်၍ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းအား မဲပေးလက်ခံကျင့်သုံးခြင်းအားသည် မြန်မာနိုင်ငံအနေဖြင့် ယင်းစာချုပ်များအရ မိမိတို့ လက်ခံဆောင်ရွက်ရန်ရှိသော တာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်ပြီးဖြစ်ပါမည်။



# အခန်း (၂)

# ဌာနေတိုင်းရင်းသားများအပေါ်တွင် တည်ဆဲဥပဒေများ၏ ရိုက်ခတ်မှုများ

ရှေ့တွင်ဖော်ပြခဲ့သော ဥပဒေရေးရာ စိစစ်ရှာဖွေတွေ့ရှိချက်များအရ ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏မြေများအား ၎င်းတို့ကိုယ်တိုင်ပိုင်ဆိုင်ခွင့်ရရန်အတွက် ဥပဒေသည် လုံလောက်သော ကာကွယ်မှုများပေးနိုင်ခြင်းမရှိပါ။ ဤအခန်းတွင်မူ ဥပဒေနှစ်ရပ်တွင် ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ဘဝများနှင့် အသက်မွေးဝမ်းပြုလုပ်ငန်းများအပေါ်တွင် သက်ရောက်နေပုံအား နားလည်မှုတစ်ခုရရန်ရည်ရွယ်၍ အမှန်တစ်ကယ်ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်နှစ်ခု၏ရလဒ်များ ပါဝင်မည်ဖြစ်သည်။ ပထမဦးဆုံးလေ့လာခဲ့သောဖြစ်စဉ်မှာ မိမိတို့၏မြေများအား VFV မြေစီမံခန့်ခွဲမှုဥပဒေအရ ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှ လုပ်ငန်းလုပ်ကိုင်ရန်အတွက် အပ်နှံခဲ့ရသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဓနုတိုင်းရင်းသားအစုအဖွဲ့များဖြစ်သည်။ ဒုတိယဖြစ်စဉ်အား လေ့လာခြင်းကိုမူ သစ်တောဥပဒေအရ ပြည်သူပိုင်ကာကွယ်ရေး သစ်တောအဖြစ်သတ်မှတ်ချိန်တွင် မိမိတို့၏မြေများအား ထည့်သွင်းသတ်မှတ်ခြင်းခံခဲ့ရသော ကရင်ပြည်နယ်ရှိ ဂေဘားတိုင်းရင်းသားအစုအဖွဲ့များအား လေ့လာခဲ့ခြင်းဖြစ်သည်။

## ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြေယာသိမ်းယူခြင်းများ – (တောင်ခေါင်းပွာရွာ)

တောင်ခေါင်းပွာရွာသည် ဓနုတိုင်းရင်းသားများ အဓိကရှိနေသောရွာတစ်ရွာဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွာငံမြို့နယ်တွင်တည်ရှိပါသည်။ ထိုရွာသည် ရေဦးကျောက်မြောင်းရွာအုပ်စုတွင် ပါဝင်ပါသည်။ တောင်ခေါင်းပွာဆိုသည်မှာ “ပေါင်းဆက်နေသောဂူ” ဟူ၍ အဓိပ္ပါယ်ရှိပြီး တောင်၏ အရှေ့ဘက်ဝင်ပေါက်၊ အနောက်ဘက်ဝင်ပေါက်နှင့် တောင်ဘက်တွင်ရှိသောဝင်ပေါက်များအား ရည်ညွှန်းခြင်းဖြစ်သည်။ ရွာတည်ထောင်သည့်ခုနှစ်ကိုမူ မသိရှိရပါ။ ရှေ့ဦးဆုံးလာရောက်အခြေနေထိုင်သူများမှာ ကန်ရင်းရွာ၊ ကင်ခေါင်ရွာနှင့် အခြားရွာအချို့မှသူများဖြစ်သည် ဟူ၍သိရှိရပါသည်။ ရှေ့ဦးနေထိုင်သူများသည် ဤနေရာသို့ လယ်ယာလုပ်ကိုင်ရန်အတွက် ရွှေ့ပြောင်းလာကြခြင်းဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ လူဦးရေအိမ်ထောင်စုများ တိုးပွားလာခဲ့သည်။ ရွာတည်ထောင်စဉ်ကာလတွင် ဦးကျော်လင်းဟူ၍ နာမည်တူလူနှစ်ယောက်ရှိခဲ့ပြီး နှစ်ဦးစလုံးသည် ရွာသားများလေးစားသည့် ဂုဏ်အသရေရှိသောသူများဖြစ်ကြသည်။ တစ်ဦးမှာ ၎င်း၏ဦးဆောင်ဦးရွက်မှုပြသည့်အပိုင်းတွင် လူအများအားကျရပြီး၊ တစ်ဦးမှာမူ ၎င်း၏ ဘာသာတရားကိုင်းရှိုင်းမှုအပေါ်တွင် လူအများကြည်ညိုရသည်။ ဘာသာရေးဦးဆောင်သူအား ဘုရားတရားလင်း (ရွာခေါင်းဆောင်)ဟုခေါ်ကြပြီး တိုင်းရေးပြည်ရေးဆောင်ရွက်သူအား သူကြီးလင်း (ရွာ၏ အကြီးအကဲများခေါင်းဆောင်) ဟုခေါ်ဆိုကြသည်။ သူကြီးလင်းသည် ရွာ၏ ပထမဦးဆုံးသော ရွာသူကြီးဖြစ်ပြီး ၎င်း၏လေးဆက်မြောက်မျိုးဆက်ပင်လျှင် ရွာတွင်နေထိုင်လျက်ရှိသည်။ ရွာသူရွာသားများအနေဖြင့် ၎င်းတို့၏ ပထမရွာသူကြီး စတင်အုပ်ချုပ်သည့်အချိန်မှစတင်၍ ယနေ့အထိ နှစ်ပေါင်း၂၀၀ကျော်ရှိပြီဖြစ်သည်ဟု ယုံကြည်ကြသည်။

ယနေ့တွင်မူ ရွာတွင် လူဦးရေ၁၉၅၆ဦးအထိရှိပြီး အိမ်ခြေ၃၇၀အထိ ရှိနေပါသည်။ ရွာသူရွာသားအများစုမှာ ဓနုဌာနေတိုင်းရင်းသားလူမျိုးများဖြစ်ကြပါသည်။ ရွာတွင် အခြားတိုင်းရင်းသားများဖြစ်ကြသော ပအိုဝ်း၊ ရှမ်းနှင့် ဗမာများလည်း နေထိုင်ကြသည်။ အများစုမှာ လယ်သမားများဖြစ်ကြသည်။ ၎င်းတို့အသက်မွေးဝမ်းကြောင်းအတွက် အဓိကစိုက်ပျိုးကြသော သီးနှံများမှာ ကော်ဖီ၊ တောင်ယာကွင်းများတွင်စိုက်ပျိုးသော စပါးနှင့် လက်ဘက်ခြောက်(လက်ဘက်စိမ်း)တို့ ဖြစ်ကြသည်။ အဓိကမဟုတ်သောကောက်ပဲသီးနှံများအနေဖြင့် ဝါး၊ ဒညင်းသီးနှင့် အခြားပဲသီးနှံများ (အနီနှင့် အသေး)၊ ပြောင်းဖူးနှင့် ဂေါ်ရခါးသီး အစရှိသည်တို့ကို စိုက်ပျိုးကြပါသည်။ ယခင်ကမူ လိမ္မော်သီးသည်လည်း ၎င်းတို့၏ အဓိကစိုက်ပျိုးသီးနှံတစ်ခုဖြစ်ပါသည်၊ သို့သော် ယနေ့ခေတ်များတွင်မူ ၎င်းတို့၏မြေဆီလွှာတွင် လိမ္မော်သီးအား စိုက်ပျိုး၍မရတော့သည့် အကြောင်းအရင်းကို

လည်းမသိရှိရပါ။ ၎င်းတို့အတွက် အခြားငွေရှာ၍ရနိုင်သောနည်းလမ်းများမှာ နေ့စားများအဖြစ် ကျပန်းလုပ်ကိုင်ခြင်း၊ တိုဖူး ပြုလုပ်ခြင်း၊ ဝါးခမောက်ပြုလုပ်ခြင်းနှင့် ဘိလပ်မြေအုတ်များပြုလုပ်ခြင်းတို့ ဖြစ်ကြပါသည်။

## မြေယာအသုံးပြုမှု စီမံခန့်ခွဲခြင်း

ရွာရှိမြေဆီလွှာများမှာ အနီရောင်မြေဆီလွှာများဖြစ်ကြပြီး ကောက်ပဲသီးနှံအများစုအတွက် မြေသြဇာဖြစ်သောကြောင့် စိုက်ပျိုးရန်သင့်တော်သည်။ ၎င်းတို့၏မြေများအား တောင်ယာမြေ၊ ဥယျာဉ်မြေ၊ သင်္ချိုင်းမြေ၊ ဘုရားကျောင်းကန်မြေများနှင့် မသန့်ရှင်းသောမြေများဟူ၍ အမျိုးအစား၅မျိုးအထိ ခွဲခြားသတ်မှတ်ထားသည်။ မသန့်ရှင်းသောမြေများအဖြစ် သတ်မှတ်ထားသောမြေများလည်းရှိပြီး ယင်းနေရာများသည် ၎င်းတို့အနေဖြင့် မည်သည့်မျှစိုက်ပျိုး၍ မရသောကြောင့်ဖြစ်သည်။ ၎င်းတို့၏ အယူဝါဒများအရ အကယ်၍ ထိုနေရာများအား အသုံးပြုပါက ၎င်းတို့တွင် နာမကျန်းဖျားနာခြင်းနှင့် ကံဆိုးခြင်းများ ကျရောက်တတ်သည်ဟူ၍ ယုံကြည်ကြသည်။ ရွာတွင် မြေလွတ်နှင့် မြေရိုင်းများဟူ၍မရှိဘဲ မြေများအားလုံးမှာ ပိုင်ရှင်ရှိပြီး ဖြစ်သည်။ ၎င်းတို့မြေပိုင်ဆိုင်လာပုံကို ကြည့်မည်ဆိုပါလျှင် ၎င်းတို့၏ အဘိုး၊ အဘွားများထံမှ အမွေဆက်ခံခဲ့ခြင်းနှင့် မြေရိုင်းများအား စိုက်ပျိုးခြင်းမှတစ်ဆင့် ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ပိုင်နက်နယ်မြေများကို သတ်မှတ်ရာတွင်လည်း ရိုးရာထုံးစံအတိုင်း သစ်ပင်များနှင့် ကျောက်တုံးများကိုအသုံးပြု၍ အမှတ်အသားပြုကြသည်။ အတိတ်ကာလများ၌ ရွာသူရွာသားများအကြားတွင် ပဋိပက္ခနှင့် အငြင်းပွားမှုများရှိခဲ့သည့်အချိန်တိုင်းတွင် ရွာရှိ လူအများကြည်ညိုလေးစားရသော လူကြီးများထံမှ ဆွေးနွေးမှုများကိုခံယူပြီး ပြဿနာအား ငြိမ်းစေခဲ့သည်။ ယနေ့ခေတ်များတွင်လည်း ရွာလူကြီးများမှ ဖြေရှင်းသော အမှုများလည်းရှိသကဲ့သို့ အမှုကြီးများကိုမူ တရားရုံးတွင်ဖြေရှင်းကြသည်။ အခြားဌာနေတိုင်းရင်းသားအစုအဖွဲ့များနှင့်မတူဘဲ အမျိုးသမီးများသည်လည်း မြေများအားပိုင်ဆိုင်နိုင်ပြီး အမွေဆက်ခံခွင့်လည်းရှိသည်။ ၎င်းတို့၏ သားဖြစ်စေ၊ သမီးဖြစ်စေ အိမ်ထောင်ကျသွားပါကလည်း သားသမီးများအား မြေယာများကို ညီတူမျှတူခွဲဝေပေးရန်မှာလည်း ၎င်းတို့မိဘများ၏ တာဝန်ဖြစ်သည်။



ပုံ(၁)– တောင်ခေါင်းပွာကျေးရွာ၏ ကျန်ရှိသောမြေအချို့တွင် ငွေပေါ်သီးနှံများဖြစ်သည့် ပန်းပင်များအားစိုက်ပျိုးထားစဉ်။

## စစ်တပ်နှင့် ရွှေသံလွင်ကုမ္ပဏီမှ မြေသိမ်းယူခြင်းများ

၁၉၉၅ခုနှစ်၌ လယ်သမားများသည် ၎င်းတို့၏လယ်မြေများတွင် စိုက်ပျိုးရေးများဆောင်ရွက်နေစဉ် စစ်တပ်မှ ရောက်ရှိလာပြီး ဤမြေများအား သိမ်းယူလိုက်ပြီဖြစ်ကြောင်းနှင့် လယ်သမားများအနေဖြင့် ဆက်လက်၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်၍မရတော့ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် စစ်တပ်မှ နယ်နမိတ်သတ်မှတ်ထားသော အမှတ်အသားတိုင်များအား ထူထားခဲ့သည်။ ၁၉၉၉ခုနှစ်တွင်မူ ရွှေသံလွင်ကုမ္ပဏီသည် ယင်းမြေများအား စစ်တပ်ထံလက်လွှဲယူခဲ့သည်။ ရွာသားများဟူမူကား ယင်းမြေနေရာတွင် ရွှေသံလွင်ကုမ္ပဏီ၏ဆိုင်းဘုတ်ထောင်ကာမှ ၎င်းတို့၏မြေယာများအား စစ်တပ်မှ ရွှေသံလွင်ကုမ္ပဏီအား လက်လွှဲပေးလိုက်သည်ကိုသိရှိရသည်။ ရွှာင်မြို့နယ်ရှိ ကျေးရွာအုပ်စု၅အုပ်စုရှိ ရွှေသံလွင်ကုမ္ပဏီမှပိုင်ဆိုင်သော မြေဧကစုစုပေါင်းမှာ၁၃၇၆ဧကဖြစ်သည်။ အတိအကျဖော်ပြရမည်ဆိုပါလျှင် ကျောက်မြောင်းကျေးရွာအုပ်စုမှ ၃၀၁ ဧက၊ ရွာမကျေးရွာအုပ်စုမှ ၅၅၀ ဧက၊ ညောင်အိုင်ကျေးရွာအုပ်စုမှ ၂၇၄ ဧက၊ ကျောက်ပုံကျေးရွာအုပ်စုမှ ၁၀၀ ဧကနှင့် ကျုန်တောကျေးရွာအုပ်စုမှ ၁၅၁ဧကတို့ဖြစ်ကြသည်။ ၂၀၀၁ခုနှစ်တွင် ရွှေသံလွင်ကုမ္ပဏီသည် VFV မြေယာစီမံခန့်ခွဲမှု ဥပဒေအောက်တွင် မှတ်ပုံတင်ပြီး မြေအသုံးပြုခွင့်ကို လျှောက်ထားခဲ့သည်။ လျှောက်ထားခဲ့မှုအတွက် နှစ်ပေါင်း၃၀အထိ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း ကုမ္ပဏီအနေဖြင့် စစ်တပ်မှ ၎င်းတို့အားပေးထားကြောင်းအထောက်အထားအပြည့်အစုံမရှိသည့် မြေ၅၀ ဧကကိုမူ ပြန်လည်အပ်နှံခဲ့ရပါသည်။ ၂၀၀၅ခုနှစ်တွင် ယင်းမြေ၅၀ဧကအား တိုင်းပြည်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၁၄ခုနှစ်တွင် တောင်ကြီးမြို့နယ်၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ အထွေထွေစီမံအုပ်ချုပ်ရေးဦးစီးဌာန(GAD)မှ ယင်းမြေ ၁၅၀ ဧကအား မူလပိုင်ရှင်များဖြစ်သော လယ်သမားအယောက်၆၀အား ယာယီလုပ်ကိုင်ခွင့်များချပေးခဲ့သည်။

သိမ်းပိုက်ထားသောမြေများတွင် ရွှေသံလွင်ကုမ္ပဏီသည် ပြောင်းဖူး၊ ပဲများနှင့် နှစ်ရှည်သီးနှံများကဲ့သို့သော လက်ဘက်စိမ်း၊ ရာဘာ၊ သရက်၊ ထင်းရှူးပင်နှင့် ကြက်မောက်ပင်(Neolamarckia cadamba)များအား စိုက်ပျိုးခဲ့သည်။ ရွာသူရွာသားအများစုမှာမူ ၎င်းတို့၏အသက်မွေးပြုရာမြေနေရာများ အလုံအလောက်မရှိတော့သည့်အတွက် ယင်းနေရာများတွင် နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်ခဲ့ရသည်။ ၂၀၁၀ခုနှစ် မြေယာအခွင့်အရေးကိစ္စရပ်များတွင် နှံ့စပ်သူ ဓနုတိုင်းရင်းသား နိုင်ငံရေးပါတီမှ အဖွဲ့ဝင်တစ်ဦးသည် ရွာသူရွာသားများအနေဖြင့် ပြန်လည်တောင်းဆိုခြင်းများပြုလုပ်ပါက ၎င်းတို့၏မြေများအား ပြန်လည်ရနိုင်ခြေရှိသည်ဟု တောင်ခေါင်းပွာရွာသူရွာသားများအား ပြောကြားခဲ့သည်။ ထိုကြောင့် ရွာသူရွာသားများသည် ကုမ္ပဏီမှ ၎င်းတို့မြေများအား ပြန်လည်ရရှိရေးအတွက် စတင်တောင်းဆိုခြင်းများပြုလုပ်ခဲ့သည်။ နည်းလမ်းများစွာထဲမှ ပြည်နယ်အစိုးရထံ အသနားခံစာများ ရေးတင်ခြင်းနှင့် ဆန္ဒပြခြင်းများလည်းပြုလုပ်ခဲ့သည်။ ထိုသို့ဖြင့် ကုမ္ပဏီမှ ၎င်းတို့၏ မြေများအတွက် လျော်ကြေးငွေများပေးရန် စတင်ညှိနှိုင်းလာခဲ့သည်။ ကုမ္ပဏီမှ လယ်သမားများအား လယ်မြေတစ်ဧကအတွက် လျော်ကြေးငွေကျပ် ၈၀၀,၀၀၀မှ ၁,၀၀၀,၀၀၀(US$ 520 to 650)အထိ ပေးချေခဲ့ပါသည်။ လျော်ကြေးပေးချေခြင်း အခမ်းအနားအား ပထမအကြိမ်၂၀၁၅ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့နှင့် နောက်ဆုံး ၂၀၁၅ခုနှစ် စက်တင်ဘာလ ၂ရက်နေ့အထိ အပိုင်း ၆ ပိုင်းခွဲ၍ ကျင်းပခဲ့သည်။



ပုံ(၂) – ရွှေသံလွင်ကုမ္ပဏီမှ သိမ်းယူထားသောမြေ၊ သီးနှံများအား သယ်ယူရန်အတွက် လမ်းအားဖောက်လုပ်ခဲ့ပြီး မြေအများစုတွင်မူ စိုက်ပျိုးခြင်းများမရှိသလို အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်းလည်းမရှိပါ။

လယ်သမားအချို့နှင့် ပိုင်ဆိုင်မှုများမရှင်းလင်းသည့် မြေများ သို့မဟုတ် အငြင်းပွားဖွယ်ရာများရှိနေသောမြေများမှအပ ကျန်ရှိသောလယ်သမားများအားလုံးသည် ၎င်းတို့၏မြေများအတွက် ကုမ္ပဏီမှပေးသော လျော်ကြေးငွေများအားလက်ခံခဲ့ကြသည်။ လျော်ကြေးငွေများမှာ အလွန်နည်းလွန်းပြီး လက်ရှိဈေးကွက်ပေါက်ဈေးအောက် အဆမတန်လျော့နေသော်လည်း အများစုမှာ လက်ခံခဲ့ကြသည်။ ယင်းအတွက် အကြောင်းအမျိုးမျိုးလည်းရှိပါသည်။ လယ်သမားအများစုမှာ ၎င်းတို့၏မြေများအား ဘယ်သောအခါမှ ပြန်လည်ရရှိမည်မဟုတ်ဟု ထင်မြင်လျက်ရှိပါသည်။ ကုမ္ပဏီနှင့် ညှိနှိုင်းမှုများပြုလုပ်နေပါသော်လည်း ယခုကဲ့သို့ဖြစ်စဉ်မှာ ရှားပါးလွန်းသည့်အတွက် ၎င်းတို့၏မြေများအား ပြန်လည်ရရှိနိုင်မည်ဟုမယုံကြည်ကြပါ။ လယ်သမားများအနေဖြင့် ဝါဒဖြန့်ချီရေးပွဲစားများ၏ လွှမ်းမိုးမှုကိုလည်းခံခဲ့ရခြင်းဖြစ်သည်။ ယင်းပွဲစားများသည် လက်ဆောင်လေးအနည်းငယ်ဖြင့် (ရံဖန်ရံခါ ယမကာများ) လယ်သမားများထံသွား၍ ၎င်းတို့အနေဖြင့် လျော်ကြေးငွေများအားရရှိစေရန် ဆောင်ရွက်ပေးနိုင်သည် သို့သော် လယ်သမားများမှ ၎င်းတို့အား ပွဲစားခတော့ပေးရမည်ဟူ၍ သွားရောက်သွေးဆောင်လေ့ရှိသည်။ ယင်းပွဲစားများသည် လယ်သမားများအား လျော်ကြေးငွေများကို လက်ခံရန်တိုက်တွန်းကြပြီး လယ်သမားများအနေဖြင့် ကုမ္ပဏီမှ လျော်ကြေးပေးနေစဉ်တွင်း လက်မခံပါက ယင်းကုမ္ပဏီမှ စိတ်ပြောင်းကာ လျော်ကြေး ပေးနေမှုများအားရပ်တန့်လိုက်နိုင်ကြောင်းလည်း တိုက်တွန်းပြောကြားခဲ့ကြသည်။ လယ်သမားများအနေဖြင့်လည်း ကုမ္ပဏီအားအနိုင်ရရှိရန်မှာ မဖြစ်နိုင်ကြောင်းကိုလည်း ထပ်မံ၍ပြောကြားခဲ့ကြသည်။ လျော်ကြေးငွေဟုဆိုရာတွင် လယ်သမားများစုအနေဖြင့် နားလည်မှုလွဲနေခဲ့ကြပြီး ယင်းလျော်ကြေးငွေများသည် ၎င်းတို့၏မြေများအား ဆုံးရှုံးမှုများအတွက်သာ ပေးချေခြင်းဖြစ်ပြီး ၎င်းတို့၏မြေများတွင် ဆယ်စုနှစ်တစ်ခုအထိ စိုက်ပျိုးခဲ့ခြင်းတွက်မဟုတ်သေးပါဟု ယုံကြည်ထားခဲ့ကြသည်။ လယ်သမားအများစုမှာ လျော်ကြေးငွေလက်ခံစာရွက်တွင်လက်မှတ်ရေးထိုးခြင်းဖြင့် ၎င်းတို့၏မြေများအား ထာဝရဆုံးရှုံးမည်ဖြစ်သည်ကို မသိရှိကြပါ။ အဆိုပါ လျော်ကြေးပေးချေမှုသဘောတူလွှာတွင် ဖော်ပြထားသည်မှာမူ “လျော်ကြေးငွေအားလက်ခံလိုက်ခြင်းဖြင့် ကုမ္ပဏီမှ ဤမြေပေါ်တွင်စိုက်ပျိုးမှုများအတွက် လယ်သမားများသည် ဝင်ရောက်စွက်ဖက်ခွင့်မရှိတော့ပါ။” ဟူ၍ဖြစ်သည်။

ကုမ္ပဏီအနေဖြင့် လယ်မြေ၉၇၈ကေအတွက် လယ်သမား၃၈၂ဦးအား လျော်ကြေးငွေပေးချေခဲ့ပြီး ပိုင်ဆိုင်ခွင့်မရှင်းလင်းသော လယ်မြေများမှအပ လယ်ကေ၉၅၅ကေအတွက် လယ်ယာမြေအနေဖြင့် အသုံးပြုခွင့်အား လယ်ယာနှင့် ဆည်မြောင်းဌာနတွင် လျှောက်ထားခဲ့သည်။ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ၁၁ရက်နေ့တွင် ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး

ဌာနမှ ယင်း၉၅၅ဧကသောမြေများအား စိုက်ပျိုးမြေများအဖြစ် အသုံးပြုခွင့်အားချပေးခဲ့ပြီး မြေယာနှင့် ဆည်မြောင်းဌာနမှလည်း ၂၀၁၆ခုနှစ် မတ်လ၁၁ရက်နေ့တွင် ယင်းမြေများအား လယ်ယာမြေများအဖြစ် ပြန်ပြောင်းလျှောက်ထားခြင်းကို ခွင့်ပြုမိန့်ချပေးခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီသည် လယ်ယာမြေများအဖြစ် မှတ်ပုံတင်ထားသည့် ၉၅၅ဧကသော လယ်မြေများအတွင်းမှ ၂၈၂ဧကအတွက် မြေသုံးပြုခွင့်ကိုချပေးပါရန် လျှောက်ထားခဲ့သည်။ ဆိုလိုသည်မှာ ဟိုတယ်နှင့် စားသောက်ဆိုင်များဆောက်ရန်အတွက်၊ ဂေါက်ကလပ်နှင့် ဂေါက်သီးရိုက်သင်တန်းပေးခြင်း အစရှိသည်တို့နှင့် ရိုးရာဒေသထွက်ကုန်များအရောင်းဆိုင်ဖွင့်လှစ်လုပ်ကိုင်ရန်အတွက် ကုမ္ပဏီသည် ထိုမြေများအား စက်မှုမြေများအဖြစ် ငှားရမ်းခွင့်ကို လျှောက်ထားခဲ့ခြင်းဖြစ်သည်။ တန်ဂေါင်ဘွရွာမှ ရွာသူရွာသားများသည် ယင်းကိစ္စရပ်အား ကုမ္ပဏီမှ ထိုသို့ပြုလုပ်ရန် လျှောက်လွှာတင်ပြီးသတင်းစာတွင်ကြေညာသောအချိန်မှသာ သိရှိခဲ့ရသည်။ ရွာသူရွာသားများမှ ယင်းကိစ္စရပ်အား ကန့်ကွက်ခဲ့ကြပြီး မြေများအား စက်မှုမြေများအဖြစ် ခွင့်ပြုမိန့်ချပေးခြင်းနှင့်ဆိုင်သော ကိစ္စရပ်များသည်လည်း ရွှေ့ဆိုင်းခြင်းခံခဲ့ရသည်။

ရှာင်းမြို့နယ်၊ ပြည်နယ်လွှတ်တော်အဖွဲ့ဝင် ဦးအောင်စိုးမင်းမှ ရှာင်းမြို့နယ်ရှိ ရွှေသံလွင်ကုမ္ပဏီ၏ မြေပိုင်ဆိုင်ခြင်းများနှင့် စစ်တပ်မှ ကုမ္ပဏီသို့ထိုမြေများအားလုံးကို လွှဲပြောင်းပေးလိုက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်အတွင်းတွင် မေးခွန်းထုတ်ခဲ့ပါသည်။



ပုံ(၃) – တန်ဂေါင်ဘွရွာမှ လယ်သမားတစ်ဦးသည် ၎င်း၏မြေနယ်နမိတ်အတွက် ၎င်းကိုယ်တိုင် မှတ်သားခဲ့သော ကွန်ကရစ်အမှတ်အသားကျောက်တိုင်အား ကိုင်ထားခြင်းဖြစ်သည်။ ဘေးဘက်တွင်မူ ရွှေသံလွင်ကုမ္ပဏီမှ ထူထားခဲ့သော နယ်နမိတ်အမှတ်အသားကျောက်တိုင်ဖြစ်သည်။

## မြေသိမ်းယူခြင်း၏ အကျိုးသက်ရောက်မှုများ

တောင်ခေါင်းပွာကျေးရွာတွင် ရွှေသံလွင်ကုမ္ပဏီမှသိမ်းယူခဲ့သော မြေကေပေါင်း၂၇၀အထိရှိပါသည်။ ယခုဆိုလျှင်ပင် ယင်းမြေများအားသိမ်းယူခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုအထိရှိပြီဖြစ်သည်။ မြေသိမ်းယူမှုမဖြစ်ပွားခင်အချိန်အထိ ယင်းမြေများနှင့် ၎င်းတို့စိုက်ပျိုးသောသီးနှံများအတွက် လယ်သမားများသည် အခွန်ငွေများအား နှစ်စဉ်ပေးဆောင်နေခဲ့သည်။ အချို့လယ်သမားများဆိုပါလျှင် ၎င်းတို့၏လယ်ကွက်အချို့အတွက် ပုံစံ၁၀၅(ယင်းသည် မြေပိုင်ဆိုင်မှုလက်မှတ် မဟုတ်သလို မြေအသုံးပြုခွင့်လက်မှတ်လည်းမဟုတ်ဘဲ နယ်နမိတ်မြေပုံသက်သက်ပင်ဖြစ်သည်။) ပင်ရှိနေပြီးဖြစ်သည်။ ၎င်းတို့၏ရပ်ရွာဒေသများတွင် အလုပ်အကိုင်အခွင့်အရေးနည်းပါးသော်လည်း ရွာသားများအနေဖြင့် ၎င်းတို့၏ အစားအသောက်အတွက် ပူပန်စရာမလိုဘဲ မိသားစု၏လိုအပ်ချက်များကို ခက်ခက်ခဲခဲမရှိဘဲဖြေရှင်းနိုင်ခဲ့သည်။

မြေသိမ်းယူပြီးနောက်တွင် မိသားစုအများအပြားသည် ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ခက်ခဲလာကြသည်။ ကလေးငယ်အများစုသည် ကျောင်းထွက်လိုက်ကြရပြီး မိသားစုဝင်တစ်ချို့သည် ပတ်ဝန်းကျင်ဒေသတစ်ချို့နှင့် နိုင်ငံ၏ နေရာဒေသအနှံ့အပြားသို့ အလုပ်အကိုင်ရှာဖွေရန်ထွက်ခွာခဲ့ကြရသည်။ ထို့အပြင်သာမက မိဘများအနေဖြင့် စိတ်ဖိစီးသောကရောက်ခြင်းများကြောင့် နာမကျန်းဖြစ်ခြင်းများနှင့် သေဆုံးခြင်းများလည်းရှိခဲ့သည်။ လယ်သမားတစ်ဦးလည်းဖြစ်၊ ရွာအိမ်မှူးတစ်ဦးလည်းဖြစ်သူတစ်ဦး၏ ပြောပြချက်အရ မြေသိမ်းယူခြင်းများကြောင့် ၎င်းကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုကို ပြောပြခဲ့သည်။ ၎င်းသည် အသက်အရွယ်အားဖြင့် ၃၀နှစ်ဝန်းကျင်ခန့်သာရှိသော်လည်း ၎င်းတို့၏ရပ်ရွာမှ လေးစားထိုက်သောသူဖြစ်သောကြောင့် ရွာအိမ်မှူးတစ်ဦးဖြစ်နေခြင်းပင်ဖြစ်ပါသည်။ အစိုးရကျောင်းပညာသင်စရိတ်မှာ ကုန်ကျမှုမများသော်လည်း ၎င်း၏မိဘများမှ ကျောင်းစရိတ်တတ်နိုင်ခြင်းမရှိတော့သည်အတွက် ၎င်းအား ကျောင်းထုတ်ပစ်ခဲ့သည်။ ထို့နောက် ငယ်ငယ်ရွယ်ရွယ် ကောင်လေးတစ်ယောက်အနေဖြင့် မိသားစုအားထောက်ပံ့ပေးခဲ့ရသည်။ ၎င်း၏ မိသားစုအခြေအနေကို အရင်ကာလများနှင့် နှိုင်းယှဉ်ပြရာတွင် "မြေသိမ်းတာတွေမဖြစ်ခင်က ကျွန်တော်တို့မိသားစုဝင်တွေအားလုံးပျော်ပျော်ရွှင်ရွှင်ဘဲဗျ။ အဲ့ဒီကိစ္စတွေဖြစ်လာတော့ ကျွန်တော့်မိဘတွေကလည်း ဆက်မထောက်ပံ့နိုင်တော့ဘဲ ကျောင်းထွက်ခဲ့ရပါတယ်။ ကျွန်တော်သာကျောင်းမထွက်ခဲ့ရဘူးဆိုရင် ကျွန်တော့ဘဝကြီးက အခုထက်ကိုပိုကောင်းနေမှာပါ။"

အသက်၅၈နှစ်အရွယ် ကလေး၈ယောက်၏ မိခင်မှလည်း မြေသိမ်းခြင်းကြောင့် ၎င်းတို့ခံစားခဲ့ရပုံများကို ပြောပြခဲ့ပါတယ်။ "အကုန်လုံးက ခက်ခဲသွားတယ်။ ဆန်တွေ အသီးအရွက်တွေကအစ အကုန်လုံးကိုဝယ်ရတယ်။ အရင်ကဆိုရင် ဆန်ကဝယ်စရာမလိုဘူး အိမ်မှာ တစ်နှစ်စာလုံလုံလောက်လောက်ကိုရှိတယ်။" သူမ၏ သားနှင့် သမီးမှာ မိမိတို့ဒေသမှထွက်၍ အလုပ်အကိုင်များ ရှာဖွေခဲ့ရခြင်းကြောင့် သူမ၏မိသားစုများသည် တစ်ကွဲတစ်ပြားဖြစ်ခဲ့ကြရသည်။ မိသားစု၏ နေ့စဉ်လိုအပ်ချက်များကြောင့် သူမကိုယ်တိုင်လည်း မိမိပိုင်ခဲ့သောမြေတွင် နေ့စားအလုပ်သမားအဖြစ် ဝင်ရောက်ပြီး ရွှေသံလွင်ကုမ္ပဏီအတွက် အလုပ်များလုပ်ပေးခဲ့ရသည်။ သူမ၏ မိသားစုများအနေဖြင့်လည်း မိသားစုအတူနေနိုင်ခြင်းမရှိသည်မှာလည်း မြေသိမ်းပြီးကတည်းကပင် ကြည့်မည်ဆိုပါလျှင် ဆယ်စုနှစ်နှစ်ခုအထိပင်ရှိပြီဖြစ်သည်။ "တစ်ရက်တော့ ကျွန်မသမီးဆီက ဖုန်းဝင်လာတယ်။ သမီးကပြောတယ် သူနေမကောင်းဖြစ်ပြီး အလုပ်မလုပ်နိုင်လို့ ပိုက်ဆံမပို့နိုင်သေးဘူး အမေလို့ပြောလာခဲ့တယ်။ မိဘတစ်ယောက်အနေနဲ့ရင်ထဲကိုဆို့သွားတာပဲ။ အကယ်၍ ကျွန်မတို့မြေတွေသာ အသိမ်းမခံခဲ့ရဘူးဆိုရင် ကျွန်မတို့အနေနဲ့ အခုလို တစ်ကွဲတစ်ပြားလည်းနေစရာမလိုဘူး ကျွန်မကလေးတွေနေမကောင်းဖြစ်ရင်လည်း ဂရုစိုက်ပြုစုပေးနိုင်မှာ" ဟု မျက်ရည်များဖြင့် ပြောပြခဲ့ပါသည်။

အသက်၂၄နှစ်ရှိပြီဖြစ်တဲ့ ကလေးနှစ်ယောက်မိခင်တစ်ဦးကလည်း မြေသိမ်းတာတွေက ဆိုးရွားလှပါတယ် လို့ပြောခဲ့ပါတယ်။ "မြေသိမ်းတာတွေကြောင့် အဖေနဲ့ အမေက အပြင်ထွက်ပြီး အလုပ်လိုက်လုပ်ရပါတယ်။ အဲ့ဒါတွေကြောင့်ပဲ အဖေက ငှက်ဖျားရောဂါရလာခဲ့ပြီး ဆုံးသွားခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်မအမေ့ ဗိုက်ထဲမှာဘဲရှိပါသေးတယ်။ အဖေ့ကိုတော့ ဘယ်သောအခါမှုမြင်ခွင့်မရခဲ့ပါဘူး။" မိသားစုတွေခွဲခွာပြီး နေခဲ့ရတာကြောင့် သူမအနေဖြင့် အခြေခံပညာအဆင့်ကိုပင်ပြီးမြောက်အောင်သင်ယူခွင့်မရှိခဲ့ပါဘူး။ အကယ်၍ မြေသိမ်းတာတွေမရှိခဲ့ဘူးဆိုရင် သူမအနေဖြင့် ကျောင်းကိုလည်းပြီးအောင်တက်နိုင်မယ်၊ ဘဝတွေလည်း အခုထက်ပိုကောင်းလာမယ်လို့ ယုံကြည်နေပါတယ်။



ပုံ(၄) – တောင်ခေါင်းပွာရွာမှ မိခင်ငယ်တစ်ဦး။
သူမ၏မြေအားဆုံးရှုံးခဲ့ပြီး လက်ရှိတွင် အုတ်ရိုက်ပြီး အသက်မွေးဝမ်းကြောင်းပြုနေရသူ။

## အခွင့်အရေးများအား ချိုးဖောက်ခြင်းနှင့် ၎င်းတို့အား ဖြေရှင်းရန် ကြိုးစားခြင်း

ခြုံငုံ၍ကြည့်မည်ဆိုပါလျှင် ရွှေသံလွင်ကုမ္ပဏီ၏မြေသိမ်းခြင်းသည် ရွာသူရွာသားများအပေါ်တွင် စီးပွားရေးသာမက လူမှုရေးတွင်ပါ အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုများရှိနေပါသည်။ ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုဝင်များပြိုကွဲပြီး ၎င်းတို့၏ အထွေထွေသာယာဝပြောရေးမှာလည်း ထိခိုက်လာသည်၊ အချို့သောသူများမှာလည်း အလုပ်အကိုင်ရှာဖွေရန် ရွာကိုစွန့်ခွာခဲ့ရပါသည်။

ရွာသူရွာသားအများစုမှာ လျော်ကြေးငွေအားလက်ခံခဲ့သော်လည်း အချို့မှာမူ လက်ခံခဲ့ခြင်းမရှိပါ။ ၎င်းတို့အနေဖြင့် ၎င်းတို့၏မြေများကိုသာ ပြန်လည်ရရှိရန်အလိုရှိကြသည်။ အကယ်၍ မြေများအားပြန်လည်ရရှိပါက မိသားစုဝင်များမှာလည်း အတူအကွပြန်လည်နေထိုင်ကြပြီး ၎င်းတို့၏ဘိုးဘွားများထံမှ အမွေရရှိခဲ့သော ယင်းမြေများအား ၎င်းတို့၏ မျိုးဆက်များထံသို့ ဆက်လက်အမွေပေးနိုင်မည်ဟု ယုံကြည်လျက်ရှိကြသည်။

အမှန်တစ်ကယ်တွင် စစ်တပ်ကော ရွှေသံလွင်ကုမ္ပဏီကပါ ၁၈၉၄ခုနှစ် မြေသိမ်းခြင်းအက်ဥပဒေ၊ ၁၉၉၅ခုနှစ် မြေသိမ်းဥပဒေ၊ လယ်ယာမြေဥပဒေနှင့် ၂၀၁၂ခုနှစ်နှင့် ၂၀၁၈ခုနှစ်တွင် ပြဌာန်းခဲ့သော VFVဥပဒေများ အစရှိသောတည်ဆဲဥပဒေများအား ချိုးဖောက်ထားပါသည်။ ၁၉၉၅ခုနှစ် စစ်တပ်မှ မြေများသိမ်းယူစဉ်တွင် ကြိုတင်အသိပေခြင်းများမရှိသလို လျော်ကြေးပေးရန်အတွက် ကမ်းလှမ်းခဲ့ခြင်းလည်းမရှိခဲ့ပါ။ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် ၁၉၉၅ခုနှစ် မြေသိမ်းဥပဒေများအရ စစ်တပ်အနေဖြင့် ကြိုတင်အသိပေးခြင်းနှင့် လျော်ကြေးများပေးခြင်းများပြုလုပ်ရမည်ဖြစ်သော်လည်း ယင်းကဲ့သို့ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ ပုဒ်မ၃၁နှင့် ၃၂အရ စီမံကိန်းများသည် ခွင့်ပြုချက်များ စတင်ထုတ်ပေးသည့် ရက်စွဲမှ စတင်၍ ဖလအတွင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက ယင်းမြေများအား မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံရမည်ဟူ၍လည်းဖော်ပြထားပါသည်။ ၂၀၁၂/၂၀၁၈ခုနှစ် VFVဥပဒေ၊ ပုဒ်မ၂၂အရ မြေအသုံးပြုခြင်းအား ခွင့်ပြုချက်တွင်ဖော်ပြထားသည်နှင့်အညီ အသုံးပြုခြင်းမရှိပါက မြေအသုံးပြုခွင့်အမိန့်အား ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။ ၂၀၀၇ခုနှစ် ကုလသမဂ္ဂထွေထွေညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် UNDRIPအားလက်မှတ်ရေးထိုးခဲ့ ပြီး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အား အသိအမှတ်ပြုထားသည်ဖြစ်၍ စစ်တပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့၏ရပ်ရွာများထံမှ သိမ်းယူခြင်းများသည် ယင်းနိုင်ငံတကာဥပဒေများအား ချိုးဖောက်ထားသည်ကိုလည်းတွေ့ရှိရသည်။

လျော်ကြေးပေးချေမှုများအား လက်ခံခြင်းမရှိသောလယ်သမားများသည် ၎င်းတို့၏မြေများအား ၎င်းတို့ကို ပြန်လည်အပ်နှံရန်နှင့် ယင်းမြေများမှာ ၎င်းတို့၏ဘိုးဘွားများထံမှ အမွေဆက်ခံရရှိခဲ့သော ၎င်းတို့၏အပိုင်ဖြစ်သည်ကို ၂၀၁၆ခုနှစ် NLUP များအတိုင်းအသိအမှတ်ပြုရန် ပြည်နယ်အစိုးရနှင့် ဗဟိုအစိုးရထံတွင် တောင်းဆိုထားခဲ့ကြသည်။ သို့သော်လည်း ယင်းလယ်သမားများ၏မြေများအား ယနေ့တိုင် ပြန်လည်အပ်နှံခြင်းမရှိသေးပါ။ ထို့ကြောင့် လယ်သမား၂၅ဦးသည် ကုမ္ပဏီနှင့် အစိုးရထံသို့စာပို့၍ ကုမ္ပဏီမှလည်း ၎င်းတို့၏မြေများအား အသုံးပြုခြင်းမရှိသဖြင့် ၎င်းတို့အနေဖြင့် မြေများတွင်(၄၈ဧကခန့်) ပြန်လည်စိုက်ပျိုးတော့မည်ဖြစ်သည်ကို အကြောင်းကြားခဲ့ပါသည်။ ၂၀၁၉ခုနှစ်၏ ပထမလတွင် လယ်သမားများသည် ၎င်းတို့၏မြေများတွင် ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ ယင်းကိစ္စနှင့်ဆက်စပ်၍ ကုမ္ပဏီမှ ၎င်းတို့၏မြေများပေါ်တွင် ကျူးကျော်ဝင်ရောက်နေကြောင်း တရားရုံးတွင်အမှုဖွင့်ခဲ့သည်။ ခေါင်းဆောင်လယ်သမား၅ဦးမှာ တရားဆွဲခြင်းခံရပြီး အမှုရင်ဆိုင်ခဲ့ရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်အရ ကုမ္ပဏီနှင့် လယ်သမားများအား အစိုးရမှ ဆင့်ခေါ်ခဲ့ပြီး အစည်းအဝေး သုံးကြိမ်ပြုလုပ်ကာ စေ့စပ်ညှိနှိုင်းခဲ့ပါသည်။

သို့သော်လည်း ကုမ္ပဏီထံမှ လျော်ကြေးငွေများလက်ခံရရှိပြီးကြောင်း လက်မှတ်ရေးထိုးခဲ့သော လယ်သမားများအနေဖြင့် ၎င်းတို့၏မြေအား ပြန်လည်ရရှိရန်အတွက် မျှော်လင့်ချက်အနည်းငယ်သာရှိပါသည်။



ပုံ(၅) –မြေများအားသိမ်းယူခြင်းခံရပြီး လျှော်ကြေးငွေလက်ခံရန်ကိုလည်း ငြင်းဆိုခဲ့ပြီး ၎င်းတို့၏ မြေများကိုသာ ပြန်လည်တောင်းဆိုနေသော တောင်ခေါင်းပွာရွာမှ လယ်သမားများအုပ်စုတစ်စု။ ၎င်းတို့သည် FPIC သင်တန်းတစ်ခုတွက် ပိုစတာတစ်ခုအားကိုင်ဆောင်ထားပုံ။

## ပြည်သူပိုင် သဘာ၀ထိန်းသိမ်းရေးသစ်တောတစ်ခု တည်ထောင်ခြင်း (လိပ်သိုမြို့နယ်ခွဲ ကရင်ပြည်နယ်)

ယခုဖြစ်ရပ်သည် ကရင်ပြည်နယ်၊ လိပ်သိုမြို့နယ်ခွဲ၊ မိတ်သလင်တောင် ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောတွင်း နေထိုင်ကြသော ဂေဘားကရင်ဌာနေတိုင်းရင်းသားများရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများဖြစ်ပါသည်။ လိပ်သိုမြို့နယ်ခွဲသည် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းတွင်တည်ရှိပါသည်။ တောင်ငူမြို့ တောင်ပိုင်း၊ ကယားပြည်နယ် အရှေ့တောင်ဘက်အပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ဘက်တွင် ပျဉ်းမနားမြို့နယ်များဖြင့် နယ်နမိတ်ခြင်းထိစပ်နေပါသည်။ တောင်ငူ–လိပ်သို–လွိုင်ကော် အဝေးပြေးလမ်းမကြီးသည် သံတောင်ကြီးမှလူများ ၎င်းတို့၏ပစ္စည်းများအား လာရောက်ရောင်းချကြသောဈေးနှင့် ဆက်သွယ်ပေးပါသည်။ သံတောင်ကြီးမြို့နယ်သည် ဂေဘားကရင်ဌာနေတိုင်းရင်းသားများ၏ မူလဇာတိပင်ဖြစ်သည်။ အချို့သောသူများမှာမူ နေပြည်တော်မြို့ရှိ ပျဉ်းမနားမြို့နယ်အတွင်းတွင်လည်း နေထိုင်ကြသည်။

ဂေဘားကရင်လူမျိုးများသည် ကယားပြည်နယ် ခရစ်ယာန်သာသနာပြုများနှင့် ထိတွေ့ဆက်ဆံမှုများရှိခဲ့ပါသည်။ ထို့ကြောင့် ရွာများတွင် ခရစ်ယာန်ဘာသာ၀င်များ အများအပြားရှိပြီး ဂေဘားရွာတစ်ရွာတွင် ပျှမ်းမျှအားဖြင့် အနည်းဆုံး ဘုရားကျောင်းနှစ်ကျောင်းရှိတတ်သည်။ သုံးပုံတစ်ပုံဖြစ်သော ဂေဘားကရင်လူမျိုးများသည် နှစ်ခြင်းခရစ်ယာန်များနှင့် အခြားမှာ ပရိုတက်စတင့်များဖြစ်ကြပြီး ကျန်သုံးပုံနှစ်ပုံမှာ ရိုမန်ကာသိုလ်လစ်များ(ရိုမန်ကတ်သလစ်)ဖြစ်ကြသည်။ ၁၉၉၉ခုနှစ်မှစတင်၍ သံတောင်ကြီးမြို့နယ်ရှိ ၂၅၉၀၈၂ ဧကသောမြေများအား အစိုးရမှ ပြည်သူပိုင်သဘာ၀ထိန်းသိမ်းရေးသစ်တောမြေများအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ၎င်းတို့မှာ ဆင်ဖြူတောင် ပြည်သူပိုင်သဘာ၀ထိန်းသိမ်းရေးသစ်တော၊ ရောက်သာ၀ ပြည်သူပိုင်ကာကွယ်ရေးသစ်တော၊ မြစ်ငန်ပြည်သူပိုင် သဘာ၀ထိန်းသိမ်းရေးသစ်တောနှင့် မိတ်သလင်တောင် ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောများဟူ၍ဖြစ်ကြသည်။ မိတ်သလင်တောင် ပြည်သူပိုင်သဘာ၀ထိန်းသိမ်းရေးသစ်တောသည် မြေဧကပေါင်း ၅၀၄၇၉ ဧကကျယ်ဝန်း၍ ကျေးရွာအုပ်စု၁၂ခုအထိ ပါဝင်ပါသည်။ ၎င်းကျေးရွာအုပ်စုတို့မှာ အောက်ငွေတောင်၊ ရှမ်းလယ်ပြင်ကြီး၊ အောက်ရှမ်းလယ်ပြင်ကြီး၊ မိတ်သလင်တောင်၊ တောဖုန်း၊ ကျေကတော့၊ ကျောက်တံခါး၊ ကျမိုင်၊ အားဒိုသဲ့ပျော်၊ ကျေမင်း၊ မောင်းဘလောက်၊ မောင်းကျော် တို့ဖြစ်ကြပါသည်။ တောဖုန်း၊ ကျေကတော့၊ မောင်းဘလောက်နှင့် မောင်းကျော်ရှိ ရွာများမှာ ကယားရွာများဖြစ်ကြပြီး ကျန်ရွာများမှာ ဂေဘားကရင်ရွာများဖြစ်ကြသည်။ မိတ်သလင်တောင်ရွာအုပ်စုသည် ပြည်သူပိုင်ထိန်သိမ်းရေးသစ်တော၏အလယ်တွင်ရှိပြီး ယင်းရွာကိုအစွဲပြု၍ သစ်တောကိုလည်း ထိုသို့ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်လေ့လာခြင်းများအား အောက်ရှမ်းလေးပင်ရွာနှင့် ၎င်းကျေးရွာအုပ်စုအတွင်းရှိ တပ်တောင်းရွာ၊ ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စုမှ အမရာကျေးရွာ၊ ကရာမိုင်ကျေးရွာအုပ်စုရှိ သစ်ခေါင်းကျေးရွာနှင့် မိတ်သလင်ကျေးရွာအုပ်စုရှိအထက် နန်ချိုနှင့် မိတ်သလင်တောင်ကျေးရွာတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကျမိုင်ကျေးရွာအုပ်စုရှိ သစ်ခေါင်းကျေးရွာအား တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၂၀၀ကျော်ပြီးဖြစ်သည်။ ကျေးရွာဟူ၍ မဖြစ်ပေါ်သေးခင်ကာလများတွင် ထိုနေရာတွင်ဆင်ပိုင်များ နေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သစ်ခေါင်းဟူသော အမည်မှာ ၎င်းတို့ကိုအစွဲပြု၍ ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဝန်ကြီးချုပ် ဦးနုလက်ထက်မတိုင်ခင်အထိ လွန်ခဲ့သော နှစ်ပေါင်း ၅၀ခန့်ကပင် အခြေခံပညာ ၅တန်းအဆင့်အထိ ကိုယ်ထူကိုယ်ထကျောင်းတစ်ကျောင်းရှိခဲ့သည်။ ထို့နောက် ဦးနုမှ ပြည်သူ့ဝန်ထမ်း ဆရာ၊ ဆရာမများအား တာ၀န်ပေးနေရာချထားခဲ့သည်။ ယနေ့အထိ ရွာတွင် ဆေးခန်းဟူ၍မရှိသေးပါ။ ရွာသူ၊ ရွာသားအများစုမှ ဂေဘားကရင်လူမျိုးများဖြစ်ကြပြီး၊ ပဲခူးဒေသမှ စကောကရင်များ၊ ဂေဘားကရင်များနှင့် အိမ်ထောင်ကျနေသော ဗမာများနှင့် ကချင်လူမျိုးသာသနာပြုများလည်းရှိပါသည်။

မိတ်သလင်တောင်ကျေးရွာအုပ်စုရှိ အထက်နန်ချိုကျေးရွာအား ၁၈၀၁ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ စုစုပေါင်း အိမ်ထောင်စု ၈၆စုရှိပြီး လူဦးရေ ၄၀၀ကျော်ရှိပါသည်။ ယင်းကျေးရွာအား ပတောင်တိုင်းရင်းသားများအား နှိမ်နှင်းခဲ့ပြီးနောက်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်ဟူ၍လည်း ပြောကြပါသည်။ ပတောင်လက်ဝတ်လက်စားများကိုလည်း မြေကြီးများတူးဆွသည့်အခါတွင် တွေ့ရတတ်ပါသည်။ စာသင်ကျောင်းအား ၁၉၇၀ခုနှစ်တွင် မိတ်သလင်တောင်ရွာကျောင်း၏ ကျောင်းခွဲအနေဖြင့် တည်ထောင်ခဲ့ပြီး ၁၉၇၃ခုနှစ်တွင် အစိုးရမှအသိအမှတ်ပြုခဲ့ပါသည်။

ယင်းကျေးရွာအုပ်စုအတွင်းတွင်ပင် အထက်မိတ်သလင်တောင်ကျေးရွာအား ၁၈၁၀ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ယခုတွင် အိမ်ထောင်စု ၈၆စုရှိပြီး လူဦးရေ ၄၁၁ ဦးအထိရှိပါသည်။ ၁၈၉၀ ခုနှစ် အီတလီလူမျိုး သာသနာပြုဖာသာအိန်ဂျယ်လို မရောက်ခင်အချိန်အထိ ၎င်းတို့သည် ရုပ်တုများ၊ ကျောက်တုံး၊ သစ်ပင်၊ မြစ်ချောင်း အစရှိသည်တို့ကို ကိုးကွယ်နေကြသူများဖြစ်ခဲ့သည်။ ဖာသာအိန်ဂျယ်လိုမရောက်ခင်ကပင် ရွာအားတည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း ကျေးရွာ၏ တရားဝင်သမိုင်းတွင် ယင်းကျေးရွာအား ဖာသာအိန်ဂျယ်လိုရောက်ရှိသည့်အချိန်မှ တည်ထောင်ခဲ့သည်ဟူ၍ အသိအမှတ်ပြုထားပြီး ၎င်းအား ကျေးရွာတည်ထောင်သူအဖြစ် သတ်မှတ်ထားသည်။

တပ်တောင်းကျေးရွာနှင့် အောက်ရှမ်းလေးပင်ကျေးရွာများမှာ ရှမ်းလေးပင်ကျေးရွာအုပ်စုတွင်ရှိသော ရွာများဖြစ်ကြသည်။ တပ်တောင်းကျေးရွာအား ၁၉၇၃ခုနှစ်ဝန်းကျင်ကတည်ထောင်ခဲ့ပြီး အိမ်ထောင်စု ၆၈စုနှင့် လူဦးရေ ၃၇၀အထိရှိသည်။ ဂေဘားကရင်လူမျိုးများဖြစ်ကြပြီး ၎င်းတို့နှင့်အိမ်ထောင်ကျခဲ့ကြသည့် ဗမာလူများအနည်းငယ်ရှိသည်။ ၎င်းတို့သည် ကြက်တောင်တောင်းကျေးရွာမှာ ဆင်းသက်လာကြသူများဖြစ်ကြသည်။ အောက်ရှမ်းလေးပင်ကျေးရွာအား လွန်ခဲ့သသောနှစ်ပေါင်း ၁၀၀ကျော်ကပင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လူဦးရေ ၈၇၄ ဦးအထိရှိသည်။ ကျေးရွာအတွင်းတွင် စံကိုက် ဆေးပေးခန်းနှင့် အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းလည်းရှိပါသည်။

အမရကျေးရွာသည် ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စုအတွင်းတွင် ရှိပါသည်။ ယင်းကျေးရွာအား ဦးမရနှင့် အိမ်ထောင်စု ဆယ့်လေးငါးစုဖြင့် မြန်မာသက္ကရာဇ် ၁၁၂၉(ဂရီဂိုးရီးယန်း ပြက္ခဒိန်အရ ၁၇၆၇ခုနှစ်တွင်) စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယနေ့တွင် ကျေးရွာ၏လူဦးရေမှာ ၂၉၃ဦးအထိရှိပြီး အိမ်ထောင်စု ၆၅စုရှိသည်။ ၁၉၇၄–၇၅ ခုနှစ်တွင် ကျောင်းအားတည်ထောင်ခဲ့သည်။ ဆေးပေးခန်းတစ်ခုလည်းရှိပါသည်။ အမရကျေးရွာသည် မြိတ်သလင်းပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောအတွင်းတွင်သာမကဘဲ ကျေးရွာ၏ တစ်စိတ်တစ်ပိုင်းသည် မလောက်ချောင်း အဆိုပြု ပြည်ထိန်းသိမ်းရေးသစ်တောအတွင်းတွင်လည်း ရှိနေပါသည်။

ယင်းကျေးရွာများအားလုံးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ၃၀၀၀ခန့်တွင် တည်ရှိနေကြပြီး လိပ်သိုမြို့သို့ မြေသားလမ်းမများဖြင့် ဆက်သွယ်ထားပါသည်။



ပုံ(၆) –အထက်နန်ချိုကျေးရွာရှိ ကလေးငယ်များ။ ၎င်းသည် ရွာသူ၊ ရွာသားများ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မိတ်သလင်တောင်ပြည်သူပိုင်ထိန်းသိမ်းရေး သစ်တော၏ တစ်စိတ်တစ်ပိုင်းဖြစ် သတ်မှတ်ခံခဲ့ရသော ကျေးရွာများအနက်မှ ကျေးရွာတစ်ရွာဖြစ်သည်။

## အသက်မွေးဝမ်းကြောင်း

ဂေဘားဌာနေတိုင်းရင်းသားများ၏ အဓိကအသက်မွေးပြုလုပ်ငန်းမှာ သီးနှံသစ်တောစိုက်ပျိုးရေးဖြစ်သည်။ မြစ်ကမ်းနား တစ်လျှောက်စိုက်ပျိုးသော လေ့ခါးထစ်စိုက်ပျိုးခြင်းများသည် ဝမ်းစာအဖြစ် ဆန်ရရှိရေးအတွက်သာဖြစ်သည်။ ဖာလာ စိုက်ပျိုးခြင်းသည်သာ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်။ အခြားဝင်ငွေရလမ်းများအား ကော်ဖီ၊ နနွင်း၊ ဝဥ၊ မီးသွေး၊ ဒညင်းသီး (Archidendron pauciflorum)၊ ထင်းကောက်ခြင်းနှင့် နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်ခြင်းများဖြစ်သည်။ ဖာလာများကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ခူးဆွတ်ကြသည်၊ ကော်ဖီအား ဖေဖော်ဝါရီတွင်ခူးဆွတ်ပြီး ဒညင်းသီးများကိုမူ ဩဂုတ်လတွင်ခူးဆွတ်ကြသည်။ ၂၀၁၆ခုနှစ်ကတည်းကပင် ဝါးများပွင့်ပြီးချိန်တွင် ကြွက်များသောင်းကျန်းကြသောကြောင့် ဖာလာပင်များပျက်စီးပြီး ၎င်းတို့၏ဝင်ငွေများအား အကြီးအကျယ်ထိခိုက်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ကြွေးမြီများနှင့် ရွှေ့ပြောင်းအလုပ်လုပ်ကြသူများမှာလည်း မြင့်တက်လာခဲ့သည်။ ကြွက်များအား ပိုးသတ်ဆေးနှင့် ထောင်ချောက်များအသုံးပြုပြီး ရှင်းလင်း၍မရခဲ့ပါ။ လယ်သမားတစ်ဦးသည် “တစ်ကယ်လို့ ကျွန်တော်တို့က ပိုးသတ်ဆေးတွေသုံးမယ်ဆိုရင် အဲ့ဒါက အခြားတိရိစ္ဆာန်တွေအတွက်အန္တရာယ်ရှိတယ်။ ထောင်ချောက်တွေကလည်း ကလေးတွေအတွက် အန္တရာယ်ရှိတယ်။ အဲ့ဒါတွေအပြင် အခုကျွန်တော်တို့က ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောထဲမှာဆိုတော့ ကျွန်တော့်ကလေးတွေရှေ့ရေးအတွက်တော့ စိုးရိမ်စရာပဲ။” ဟူ၍လည်းပြောပြခဲ့ပါသည်။ တစ်ချိန်ထဲမှာဘဲ ဖာလာရောင်းရသည့်ဈေးမှာလည်း တစ်ကီလိုကို ငွေကျပ် ၁၅,၀၀၀ကျပ် မှ ငွေကျပ် ၈,၀၀၀နှင့် ၉,၀၀၀ကျပ်အထိ (from USD 10 to 5.2– 5.8) ထိုးကျသွားခဲ့ပါသည်။ ထို့ကြောင့် အချို့သောသူများသည် နနွင်းများ စတင်၍စိုက်ပျိုးလာခဲ့သည်။ ရာသီအလိုက် ထွက်ကုန်များအား ရွာများအထိ လာရောက်ဝယ်ယူကြသော ကုန်သည်များလည်းရှိကြသည်။ အများစုမှ လိပ်သိုမှဖြစ်ကြပြီး။ ၎င်းရွာများသည် လိပ်သိုမြို့မှ နာရီဝက် (မိနစ် ၃၀)ခန့်ကားမောင်းရသော အကွာအဝေးသာရှိသည်။



ပုံ(၇) –ရပ်ရွာပြည်သူများအနေဖြင့် ကော်ဖီ၊ ဖာလာ နှင့် အခြားငွေပေါ်သီးနှံများအား အုပ်အုပ်ဆိုင်းဆိုင်း ထူထူထပ်ထပ်ဖြင့် အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင် စိုက်ပျိုးကြသည်။ ဤအရာများသည် လိပ်သိုရှိ ကရင်လူမျိုးများ အမျိုးရိုးစဉ်ဆက် အသုံးပြုခဲ့သော သီးနှံသစ်တော စိုက်ပျိုးခြင်းဖြစ်သည်။

ယနေ့အထိပင် ကျေးရွာပြည်သူများအနေဖြင့် ဓလေ့ထုံးတမ်းအတိုင်း စီမံအုပ်ချုပ်ခြင်းနှင့် အစိုးရ၏စီမံ အုပ်ချုပ်ခြင်းနည်းလည်းနှစ်မျိုးစလုံးအား ကျင့်သုံးကြသည်။ အချို့ရွာများတွင် အများပိုင်မြေများရှိပြီး ရွာအားလုံးတွင်မူ အသင်းတော်မြေများ ရှိကြသည်။ လူဦးရေတိုးလာသည်နှင့်အမျှ မြေလွတ်များဟူ၍ မရှိတော့ပါ။ ၎င်းတို့ပြောကြသည်မှာ “ရွာမှာမြေလွတ်တွေဆိုတာ တစ်လက်မတောင်မကျန်တော့ဘူး။ ခင်ဗျားတို့တွေ ကျွန်တော်တို့နေရာကိုကြည့်ရင်တော့ သစ်တောအကြီးကြီးပဲ ဒါပေမယ့် အဲ့ဒီသစ်တောတွေထဲမှာ ကျွန်တော်တို့စိုက်ထားတဲ့ ဖာလာနဲ့ ကော်ဖီပင်တွေရှိတယ်ဗျ။” ဖာလာပင်နှင့် ကော်ဖီပင်များအား စိုက်ပျိုးကြသည့်အခါ ယင်းတို့သည် သစ်ပင်အရိပ်ထဲတွင် ပို၍လျှင်မြန်စွာ ကြီးထွားနိုင်သောကြောင့် ရွာသူ၊ ရွာသားများသည် သစ်ပင်ကြီးများအား မခုတ်ကြခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာဘဲ ယင်းသည် ရေထွက်ရာနေရာများကိုလည်း ကာကွယ်ပေးသည်။ မီးသွေးထုတ်လုပ်ခြင်းကိုမူ အများပိုင်မြေများတွင်ခွင့်ပြုခြင်းမရှိဘဲ ကိုယ်ပိုင်သီးနှံသစ်တောနယ်မြေ ၎င်းသာ ဆောင်ရွက်ခွင့်ရှိသည်။ ဆက်လက်ပြီး သစ်တောအတွင်းမှ ၎င်းတို့အတွက် တောတွင်းသဘာဝ အသီးအရွက်များနှင့် သစ်သီးဝလံများလည်း ရရှိကြသည်။ ဆား၊ ဆီ၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူများကိုသာ လိပ်သိုဈေးတွင်ဝယ်ယူကြပြီး မီးဖိုချောင်အသီးအရွက်များနှင့် အခြားကုန်ပစ္စည်းများအား ကျေးရွာများတွင်လိုက်လံရောင်းချကြသော ခရီးသွားကုန်သည်များထံမှ ဝယ်ယူကြသည်။



ပုံ(၈) – လမ်းတစ်လျှောက် ဖာလာပင်များအား သစ်ပင်အောက်တွင် စိုက်ပျိုးထားခြင်း။

## ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောများ ဖန်တီးခြင်းနှင့် ရွာသူ၊ ရွာသားများပေါ်ရှိ ယင်း၏ရိုက်ခတ်မှုများ

မိတ်သလင်တောင် ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောအား ၂၀၀၃ခုနှစ် စစ်အစိုးရလက်ထပ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ရွာသူ၊ ရွာသားတစ်ဦးတစ်ယောက်ကိုမျှ ၎င်းတို့၏မြေတွင် ပြည်သူပိုင်ထိန်းသိမ်းရေး သစ်တောတည်ထောင်ခြင်းကိစ္စရပ်အား အသိပေးပြောကြားခဲ့ခြင်းမရှိပါ။ အခြေခံဘာဝတူညီသူများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများအရ ၎င်းတို့အနေဖြင့် ပြည်သူပိုင်ထိန်းသိမ်းရေး သစ်တောထဲတွင် နေထိုင်နေကြကြောင်းကို ၂၀၁၁ခုနှစ် နေရာချထားရေးနှင့် မြေစာရင်းဦးစီးဌာနမှ မြေများအတွက် အခွန်ကောက်ခံမှသာ သိရှိခဲ့ကြခြင်းဖြစ်သည်။ မိတ်သလင်တောင်ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောများအနေဖြင့် ယခုတွင် ၅၀,၄၇၉ဧကအထိရှိပြီး ယခင်က ၆၀,၀၀၀ဧကအထိရှိခဲ့သည်။ ဤကဲ့သို့လျော့ကျသွားခြင်းမှာ ရွာမြေများ၊

သချိုင်းမြေ၊ ကျောင်းနှင့် လမ်းများအား ဖယ်ထားခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့သော် ကျေးရွာများအား တိုးချဲ့နေထိုင်ခြင်းမှ တားမြစ်ထားပါသည်။ ၂၀၀၅ခုနှစ်တွင် စစ်အစိုးရသည် သစ်ခေါင်းကျေးရွာရှိပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တော၏ နယ်နမိတ်သတ်မှတ်ထားသော မှတ်တိုင်တစ်ခုအား ထူထောင်ခဲ့သည်။ ထိုအချိန်မှသာ ယင်းတိုင်အနီးအနားတွင်နေကြသော ရွာသူရွာသားများမှ ၎င်းတို့အနေဖြင့် ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောအတွင်းတွင် နေထိုင်နေကြသည်ကို သိရှိခဲ့ကြသည်။သို့သော်လည်း ရွာသူ၊ ရွာသားများနှင့် အစိုးရအကြား ငြင်းခုံခြင်းများ မရှိခဲ့ပါ။ ရွာသူ၊ ရွာသားများအနေဖြင့်လည်း ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောတည်ထောင်ခြင်း၏ အကျိုးသက်ရောက်မှုများအား မသိခဲ့ပါ။ ရွာသူ၊ ရွာသားများမှ ပြောကြသည်မှာ “ပြည်သူပိုင် ထိန်းသိမ်းရေးသစ်တောကိစ္စနှင့်ပတ်သတ်၍ အစိုးရအနေဖြင့် ကြားဝင်ခဲ့ခြင်းတာမျိုးတော့ လုံးဝမရှိခဲ့ဘူး။ ခုတော့ ကျွန်တော်တို့မြေတွေအတွက်စိုးရိမ်နေရပြီ။ ကိုယ့်မြေကို မှတ်ပုံတင်လို့မရဘူးဆိုရင်တော့ ဘယ်လိုတွေဖြစ်ကုန်ကြမလဲမသိဘူး။” ဟူ၍ ပြောပြခဲ့ပါသည်။ ယခုအခါတွင်မူ ရွာသူ၊ ရွာသားအများစုမှာ ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောနှင့် ပတ်သက်၍ သိရှိကြပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ မြေအသုံးပြုခွင့်လက်မှတ် (ပုံစံ-၇)အား လျှောက်ထား၍ မရနိုင်သောကြောင့်ဖြစ်သည်။ အချို့သော ရွာလူကြီးများမှာမူ၎င်းတို့၏ရွာမြေများအသည် ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောအတွင်း ရောက်နေကြောင်းကို လစဉ်စီမံအုပ်ချုပ်ရေးအစည်းအဝေး၌ သစ်တောဌာနဝန်ထမ်းများမှ ၎င်းတို့အား ပြောကြားသောအခါမှသာ သိရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အခေါ်အရ ကောင်စီခေတ်ကတည်းကပင် ရွာသားများအနေဖြင့် အခွန်များစတင်ပေးဆောင်နေပြီးဖြစ်သည်။ ဆိုလိုသည်မှာ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာမသိမ်းမီတွင် အစိုးရမှ ၎င်းတို့အား လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေ ဖြတ်ပိုင်းများပေးခဲ့ပြီးဖြစ်သည်။ သို့ပါသော်လည်း မြေခွန်ခကောက်ခံခြင်းများအား ၂၀၁၁ခုနှစ်တွင်ရပ်တန့်ခဲ့သည်။ ရွာများသည် ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောအတွင်းတွင် ရှိနေသောကြောင့် ယင်းမြေများသည် နေရာချထားရေးနှင့် မြေစာရင်းဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်မရှိတော့ပါကြောင်း ရွာသူ၊ ရွာသားများအား ပြောကြား၍ ရပ်တန့်ခဲ့ခြင်းဖြစ်သည်။[၅၇]

ယင်းရွာများအနက် အမရကျေးရွာသည် မိတ်သလင်တောင်ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောအတွင်းတွင်သာမက အဆိုပြုခြင်းခံထားရသော မလောက်ချောင်း ပြည်သူပိုင်ထိန်းသိမ်းရေးသစ်တောအတွင်းတွင်ပါ ရှိနေသည်။ မလောက်ချောင်း ပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တောအဆိုအား သစ်တောဦးစီးဌာနမှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်း၏ အကျိုးဆက်များကျရောက်ခံစားရမည့် ကျေးရွာများကိုမူ ဆွေးနွေးတိုင်ပင်ခြင်းမရှိခဲ့ပါ။ ပြည်နယ်လွှတ်တော်မှ အဖွဲ့ဝင်တစ်ဦး၊ မြေနေရာစီမံခန့်ခွဲရေးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ အရာရှိများနှင့် ရွာသူကြီးများစုပေါင်းပါဝင်သော မလောက်ချောင်းပြည်သူပိုင် သဘာဝထိန်းသိမ်းရေးသစ်တော တည်ထောင်ရေးနည်းပညာဆိုင်ရာအလုပ်အဖွဲ့ကို ဖွဲ့စည်းတော့မှသာ ရွာသူ၊ ရွာသားများအနေဖြင့် ယင်းအဆိုပြုချက်အား သိရှိခဲ့ရခြင်းဖြစ်သည်။ ယင်းနည်းပညာဆိုင်ရာအလုပ်အဖွဲ့အား ဒေသအတွင်းရှိ ဒေသခံစုအဖွဲ့ဝင်များအား အသိပေးခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အချို့သောရွာသူ၊ရွာသားများသည်ပင်လျှင် ပုံစံ-၇ကိုပင် လျှောက်ထားခဲ့ကြသည်။ မြေယာစီမံခန့်ခွဲရေးဌာနမှ ထိုနေရာများအား တိုင်းတာရန်လာရောက်ခဲ့ကြပြီး နောက်ပိုင်းအချိန်များတွင် ရွာသူရွာသားများမှ လျှောက်ထားခြင်းလုပ်ငန်းစဉ်များနှင့် မြေအတိုင်းအတာများအား လိုက်လံမေးမြန်းသောအခါတွင်မူ ၎င်းတို့၏အမှုတွဲအား သံတောင်ကြီး မြေယာစီမံခန့်ခွဲရေးဌာနအား တင်ထားလိုက်ပြီးဖြစ်ကြောင်းသာ အကြောင်းပြန်ခဲ့သည်။



ပုံ(၉) – မီးသွေးအိတ်များအား ရောင်းချရန်အတွက် လမ်းဘေးနေရာများသို့ ယူဆောင်လာခြင်းဖြစ်သည်။ ယင်းသည် လိပ်သိုရွာသူ၊ရွာသားများ၏ နောက်ထပ်ဝင်ငွေရလမ်းတစ်ခုဖြစ်သည်။

## အများပြည်သူအစုအဖွဲ့များမှ ၎င်းတို့၏အခွင့်အရေးအား ကာကွယ်ရန်အတွက် တုံ့ပြန်ချက်များ

အများပြည်သူအစုအဖွဲ့များမှ မလောက်ချောင်း ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောတည်ထောင်ခြင်းအား ဖျက်သိမ်းပေးပါရန် နေပြည်တော်ဗဟိုအစိုးရထံသို့ အသနားခံစာပေးပို့ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံတက်ကြွလှုပ်ရှားသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အများပြည်သူအစုအဖွဲ့များသည် မလောက်ချောင်း ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောတည်ထောင်ခြင်းအား ဖျက်သိမ်းရေးအတွက် အဆိုပြုထားခဲ့ခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲနှင့် အသိအမြင်မြှင့်တင်ရေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် အများပြည်သူအစုအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ တွေ့ဆုံစည်းဝေးပွဲတစ်ခုပြုလုပ်ခဲ့ပြီးချိန်တွင်မူ ပြည်သူပိုင်ကာကွယ်ရေးသစ်တောအဆိုပြုချက်အား ဆိုင်းငံ့ထားခဲ့သည်။

မိတ်သလင်တောင် ပြည်သူပိုင်သဘာဝထိန်းသိမ်းရေး သစ်တောနှင့်ပတ်သက်၍လည်း တွေ့ဆုံစည်းဝေးပွဲများ ပြုလုပ်ခဲ့ပါသည်။ ရွာပေါင်းစုံမှ ကာသိုလစ်/ကတ်သလစ်ဘုန်းတော်ကြီးများ၊ သင်းအုပ်ဆရာများနှင့် ရွာလူကြီးများအတူစုပေါင်းကြပြီး ရွာသူ၊ ရွာသားများ၏ ရွာနေရာများနှင့် ဥယျာဉ်မြေများအား တရားမဝင်ဖြစ်စေရန် ပြုလုပ်လျက်ရှိသော ပြည်သူပိုင်သဘာဝထိန်းသိမ်းရေးသစ်တောအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ စုပေါင်းဆန္ဒပြပွဲသို့ ရွာအုပ်စု(၁၀)အထိ စုပေါင်းပါဝင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာဘဲ မိသလင်တောင်ကျေးရွာ၌ မြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေးသင်တန်းပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်သူပိုင်ကာကွယ်ရေးသစ်တောနှင့် ပတ်သက်သော တွေ့ဆုံစည်းဝေးပွဲနှစ်ခုအား အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုဆိုင်ရာမဟာမိတ်အဖွဲ့(MATAနှင့် ဂေဘားရေးရာ(Gheba Affair)တို့မှ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းစည်းရုံးလှုံ့ဆော်ရေးနှင့် အသိမြှင့်တင်ရေးပွဲများတွင် Lumuhtatကဲ့သို့သော ဒေသခံအဖွဲ့အစည်းများနှင့် ကျေးရွာစီမံအုပ်ချုပ်သူများမှ တက်ကြွစွာပါဝင်ခဲ့ကြသည်။

အခြေခံဘဝတူညီသူများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများအရ ရှေ့အနာဂါတ်၌ မည်သို့ပင်ဖြစ်လာစေကာမူ ၎င်းတို့အနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်သွားရန် ခိုင်မာစွာဆုံးဖြတ်ကြပြီးဖြစ်သည်။ ၎င်းတို့အတွက် အဓိကထားသောအချက်မှာ ယခုအချိန်တွင် မြေများအားဆုံးရှုံးသွားပါက ၎င်းတို့၏ မျိုးဆက်များအား လက်ဆင့်ကမ်းအမွေပေးရန် မည်သည့်အရာမျှရှိတော့မည်မဟုတ်ခြင်းပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ပညာမတတ်သောကြောင့် ၎င်းတို့ကလေးများ၏ ပညာရေးအတွက် ယင်းမြေများအား မှီခိုနေရပါသည်ဟူ၍လည်း ရွာသူ၊ ရွာသားများမှ ပြောခဲ့ကြသည်။ အများစုမှ ပြည်သူပိုင်ကာကွယ်ရေးသစ်တောအတွင်းတွင်ရှိခြင်းဖြင့် လက်ရှိအချိန်များ၌ တိုက်ရိုက်အကျိုးသက်ရောက်မှုများ မရှိပါသော်လည်း ၎င်းတို့၏အနာဂတ်ကလေးများကိုမူ အကျိုးသက်ရောက်မှုရှိနိုင်သည်ဟု တွေးထင်နေကြပါသည်။ အောက်ရှမ်းလေးပင်ကျေးရွာတွင် တွေ့ဆုံမေးမြန်းရာမှ သိရှိခဲ့ရသည်မှာ ရွာသူ၊ ရွာသားများအနေဖြင့် မိတ်သလင်တောင် ပြည်သူပိုင်ကာကွယ်ရေးသစ်တောအတွင်း၌ နှစ်ပေါင်း ၃၀မြေယာအသုံးပြုခွင့်ကို လျှောက်ထားကြသည်ဟူသော သစ်တောဦးစီးဌာနမှ အရာရှိများသည် အခိုင်အမာပြောဆိုကြသည်ကို ထောက်၍ ၎င်းတို့အနေဖြင့် ရွာသူ၊ ရွာသားများအား ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားရန်အတွက် အကြံပြုခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်ဟု ယူဆခဲ့ရပါသည်။ သို့သော်လည်း ရွာသူ၊ ရွာသားများသည် ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ မည်သည့်အရာကိုမျှ သိထားခြင်းမရှိပါ။ အဆိုးဆုံးမှာ ၎င်းတို့အနေဖြင့် နေ့စဉ်အသက်မွေးရန်အတွက် ခက်ခဲစွာရုန်းကန်နေရသည်ဖြစ်၍ လျှောက်လွှာကြေး (လျှောက်ထားခြင်းအတွက် ပေးသွင်းရန်ငွေများအား)ပေးသွင်းရန် ငွေကြေးတတ်နိုင်မည်မဟုတ်ပါ။ အများပြည်သူအချို့ကမူ ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးသစ်တောများ တည်ထောင်ခြင်းသည် ၎င်းတို့အား နှိပ်စက်နေခြင်းနှင့်တူပါသည်ဟု ပြောဆိုကြသည်။ ၎င်းတို့၏မြေမှ ၎င်းအားဖယ်ထုတ်လိုက်ခြင်းသည် ငတ်မွတ်ခေါင်းပါးခြင်းနှင့် သေခြင်းသို့ ပို့လိုက်ခြင်းပင်ဖြစ်သည်။



ပုံ(၁၀) – အမျိုးသမီးများ ၎င်းတို့၏ သီးနှံသစ်တောစိုက်ပျိုးရေးလုပ်ငန်းများမှ ပြန်လာကြခြင်း။



# အခန်း (၃)

## မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအခွင့်အရေးများအား ကာကွယ်ပေးခြင်း

(တွေ့ကြုံခဲ့ရသော သင်ခန်းစာများနှင့် အမျိုးသား မြေအသုံးချမှု မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုလွှာများ)

မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးများအား ကာကွယ်ပေးသော ဥပဒေများရှိမနေခြင်းကြောင့် အစိုးရနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှ ၎င်းတို့၏မြေများအား အကြီးအကျယ်သိမ်းယူခြင်းများရှိနေပြီး ယင်းဖြစ်ရပ်များအကြောင့် ဌာနေတိုင်းရင်းသားများ၏ အသက်မွေးမှုမီခိုရာများနှင့် လူမှုရေးနယ်ပယ်များမှာ ထိခိုက်ပျက်စီးလျက်ရှိပြီး ဆင်းရဲမွဲတေမှုများ နှင့် ကျန်းမာရေးနှင့်ဆိုင်သော ပြဿနာများတိုးပွားလာခြင်းများနှင့် ကြုံတွေ့ရလျက်ရှိပါသည်။ သို့ပါသော်လည်း မြန်မာနိုင်ငံသည် ယင်းပြဿနာအား ဖြေရှင်းရန်နှင့် အမျိုးသားမြေအသုံးပြုမှုဥပဒေတွင် ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်ခွင့်များနှင့် အရင်းအမြစ်များပိုင်ဆိုင်ခွင့်အား ကာကွယ်ပေးရန်အတွက် တာဝန်ဝတ္တရားနှစ်ရပ်ရှိနေပါသည်။ ပထမအချက်အား ဆောင်ရွက်ရန်လိုအပ်ခြင်းမှာ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေညာစာတမ်းအား ၂၀၀၇ ခုနှစ် ကုလသမဂ္ဂညီလာခံတွင် ထောက်ခံမဲပေးခြင်းဖြင့် ကျင့်သုံးရန်လက်ခံခဲ့ခြင်းနှင့် ၂၀၁၇ခုနှစ်တွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်အား အတည်ပြုလက်ခံခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာဥပဒေများအား လိုက်နာပါမည်ဟူ၍ ဝန်ခံကတိပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ၂၀၁၆ခုနှစ် အမျိုးသားမြေအသုံးပြုမှု မူဝါဒတွင် ပြဋ္ဌာန်းထားသည်မှာ အမျိုးသားမြေအသုံးပြုမှုဥပဒေအား တိုင်းရင်းသားနိုင်ငံသားများ၏ မြေအသုံးပြုခွင့် အပိုင်း ၈ တွင်ပါဝင်သော ၎င်း၏ ထုတ်ပြန်ချက်များအနှင့်အညီ ဥပဒေပြုရမည်ဟူ၍ ပြဋ္ဌာန်းထားသောကြောင့် ဖြစ်သည်။

### အမျိုးသား မြေဥပဒေနှင့် မြန်မာနိုင်ငံမှ တရားဝင်လုပ်ဆောင်ရမည့် နိုင်ငံတကာဝတ္တရားများ

၂၀၀၇ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလမသဂ္ဂကြေညာစာတမ်းအား မဲခွဲဆုံးဖြတ်ကြရာတွင် မြန်မာနိုင်ငံမှ ယင်းကြေညာစာတမ်းအား ထောက်ခံခဲ့ပါသည်။

> ပုဒ်မ-၈.၂ နိုင်ငံတော်သည် အောက်ပါတို့အတွက် ကာကွယ်ရန်နှင့် လျော်ကြေးပေးရန်အလို့ငှာ ထိရောက်သောယန္တရားများအား ထောက်ပံပေးရမည်။ (ခ) ၎င်းတို့၏ မြေများ၊ နယ်နမိတ်များ သို့မဟုတ် အရင်းအမြစ်များအား ပိုင်ဆိုင်ခြင်းမှ လက်လွှတ်ဆုံးရှုံးစေရန်ရည်ရွယ်သည့် သို့မဟုတ် ပြုမူသည့် မည်သည့်လုပ်ရပ်အတွက်ကိုမဆို။
>
> ပုဒ်မ-၁၀ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့ပိုင် မြေနှင့် နယ်နမိတ်များအတွင်းမှ အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း မပြုရ။ ဌာနေတိုင်းရင်းသားများနှင့်ပတ်သတ်သော မည်သည့်ရွှေ့ပြောင်းအခြေချရေးအစီအစဉ်ကိုမှ ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော၊ ကြိုတင်အသိပေးသဘောတူညီချက်နှင့် သင့်တင့်မျှတသော လျော်ကြေးပေးချေခြင်း၊ ဖြစ်နိုင်ပါက မြေများအားပြန်လည်ပေးအပ်ခြင်း အစရှိသည်တို့ပါဝင်သော သဘောတူညီချက်အား ရယူခြင်းမရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။
>
> ပုဒ်မ-၂၆.၁ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့အနေဖြင့် ရိုးရာအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော၊ ဝင်ရောက်နေထိုင်လျက်ရှိသော သို့မဟုတ် အသုံးပြုခဲ့သော သို့မဟုတ် ရရှိခဲ့သော မြေများ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များအား ပိုင်ဆိုင်ခွင့်ရှိသည်။

> ပုဒ်မ–၂၆.၂ ဌာနေတိုင်းရင်းသားများသည် ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ မြေများအား ဖွံ့ဖြိုးစေခွင့်နှင့် ထိန်းချုပ်ခွင့်၊ နယ်နမိတ်နှင့် အရင်းအမြစ်များများအား ရရှိပိုင်ခွင့်ရှိသည်။ အရင်းအမြစ်များဟုဆိုရာတွင်လည်း ရိုးရာအစဉ်အဆက်ပိုင်ဆိုင်ခဲ့သော အရင်းအမြစ်များ၊ အခြား ရိုးရာအစဉ်အဆက် လုပ်ကိုင်စားသောက်သော သို့မဟုတ် အသုံးပြုသော၊ အလားတူပင် ၎င်းတို့အနေဖြင့် ရရှိထားပြီးခဲ့သော အရင်းအမြစ်များလည်းပါဝင်သည်။

> ပုဒ်မ–၂၈.၁ ဌာနေတိုင်းရင်းသားများသည် နစ်နာကြေးရပိုင်ခွင့်ရှိသည် ဆိုလိုသည်မှာ ၎င်းတို့၏ မြေများ၊ နယ်နမိတ်နှင့် ရိုးရာအစဉ်အဆက်ပိုင်ဆိုင်ခဲ့သော သို့မဟုတ် လုပ်ကိုင်စားသောက်ခဲ့သော သို့မဟုတ် အသုံးပြုခဲ့သော အရင်းအမြစ်များကို ၎င်းတို့အား လွတ်လပ်သော ကြိုတင်အသိပေးသဘောတူညီမှုရယူခြင်းမရှိဘဲ သိမ်းယူခြင်း၊ ယူသွားခြင်း၊ သိမ်းပိုက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ပျက်စီးစေခြင်းများ အစရှိသောလုပ်ဆောင်မှုများကြောင့် ဆုံးရှုံးသွားသော အရာအတွက် အစားပေးခြင်း သို့မဟုတ် ယင်းသို့ဆောင်ရွက်ရန်မဖြစ်နိုင်ပါက သင့်တင့်၍ ညီမျှသော လျော်ကြေးပေးခြေရမည်။

၁၉၆၆ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂအထွေထွေညီလာခံမှ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်(ICESCR)လက်ခံခဲ့ကြပြီး ၁၉၇၆ ခုနှစ် ကတည်းကပင် အရေးယူခြင်းများဆောင်ရွက်ခဲ့ကြသည်။ ICESCRဆိုသည်မှာ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအဆိုပြုဥပဒေတစ်ခုဖြစ်ပြီး ယင်းတွင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ အရပ်ဘက်နှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ၎င်း၏ အခြားလုပ်ထုံးလုပ်နည်းဥပဒေနှစ်ရပ် အစရှိသည်တို့လည်း ပါဝင်ကြသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လတွင် ယင်း ICESCR အား မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။[၅၈]

ဌာနေတိုင်းရင်းသားများ မြေယာပိုင်ဆိုင်ခွင့်များအား ကာကွယ်ပေးရေးနှင့်စပ်ဆက်၍ ဖော်ပြထားသောပြဋ္ဌာန်းချက်များမှာ – အပိုဒ် ၁၊ အပိုဒ်ခွဲ ၂ တွင်

> နှစ်ဦးနှစ်ဘက် အကျိုးရှိစေရမည်ဟူသောမူနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အပေါ် အခြေပြုသည့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်းလုပ်ဆောင်မှုမှ ထွက်ပေါ်လာသည့် ကတိကဝတ်များကို အကျိုးယုတ်လျော့ ထိခိုက်နစ်နာစေခြင်းမရှိဘဲ လူသားအားလုံးသည် ရည်မှန်းချက်ရရှိစေရန်အတွက် မိမိတို့၏ ဘဝကြွယ်ဝမှုနှင့် ရင်းမြစ်များကို လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည်။ မည့်သည့်အကြောင်းနှင့်အမျှ လူသားတစ်ဦး၏ ဝမ်းရေးဖူလုံမှု အသက်မွေးဝမ်းကြောင်းလမ်းကို ပိတ်ပင်တားဆီးခြင်းမပြုရ။

“နိုင်ငံတော်အစိုးရ”အစား “လူသားအားလုံး”ဟုအသုံးပြုခြင်းဖြင့် ယင်းပြဋ္ဌာန်းချက်သည် ကွဲပြားသောပြည်နယ်များအတွင်းရှိ အစုအဖွဲ့များ၏အခွင့်အရေးကိုလည်း ဆိုလိုခြင်းဖြစ်ပါသည်။[၅၉] အလားတူပင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးကော်မတီမှလည်း ယဉ်ကျေးမှုဆိုင်ရာဘဝများနှင့်ပတ်သက်၍ သဘောတူစာချုပ်၏ အထွေထွေသဘောထား မှတ်ချက်များ၏ စာပိုဒ် ၁၅တွင်[၆၀] ဖော်ပြထားသည်မှာ –

> ဌာနေတိုင်းရင်းသားများတည်ရှိနေရေး၊ သုခချမ်းသာနှင့် အပြည့်အဝဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ ခိုင်မာသောအသိုက်အဝန်းနှင့် ကွဲပြားသော ယဉ်ကျေးမှုဆိုင်ရာဘဝများသည် မရှိမဖြစ်လိုအပ်သောအရာများဖြစ်ပြီး ထိုအထဲတွင် ၎င်းတို့ပိုင်ဆိုင်သော၊ သိမ်းပိုက်ရရှိခဲ့သော သို့မဟုတ် အသုံးပြုခဲ့သော သို့မဟုတ် လက်လွှဲယူခဲ့သော မြေပိုင်ဆိုင်ခွင့်များ၊ မြေနယ်နမိတ်များနှင့် အရင်းအမြစ်များလည်းပါဝင်သည်။ […]ထို့ကြောင့် နိုင်ငံအုပ်ချုပ်ရေးပါတီအဖွဲ့အစည်းများသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်ကြသော အများပိုင်မြေများ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များအား ပိုင်ဆိုင်ရန်၊ ဖွံ့ဖြိုးစေရန်၊ ထိန်းချုပ်ရန်နှင့် အသုံးပြုနိုင်ရေးအတွက် အသိအမှတ်ပြုကာကွယ်ပေးရမည်ဖြစ်ပြီး ၎င်းတို့ထံမှ လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီမှုမရရှိဘဲ အဓမ္မရယူခဲ့ခြင်းနှင့် အသုံးပြုခဲ့ခြင်းများရှိပါက ယင်းမြေများနှင့် နယ်နမိတ်များအား ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသားမြေအသုံးပြုမှု မူဝါဒဖြစ်မြောက်ရေးအတွက် အသိပေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့သော ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါး၊ သစ်တောများနှင့် သက်ဆိုင်သောလုပ်ပိုင်ခွင့်အား တာဝန်ခံသည့်စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များတွင် ဌာနေနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ အခွင့်အရေးများအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါသည်။ များစွာသောအချက်များအတွင်းမှ ရှင်းလင်းစွာဖော်ပြထားသည်မှာ– [၆၁]

> နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားများနှင့် အခြားသော ဓလေ့ထုံးတမ်းစနစ်အသုံးပြုသည့် ဒေသခံပြည်သူများ၏ အမျိုးသားနှင့် နိုင်ငံတကာဥပဒေတွင်ပါဝင်သည့် တည်ဆဲတာဝန်ဝတ္တရားနှင့် လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို စေတနာဖြင့် တန်ဖိုးထား၍ ကျင့်သုံးမှုနှင့်လည်းကောင်း ကိုက်ညီသည့် ဒေသခံပြည်သူများက အသိအမှတ်ပြုထားသောလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## မြေဥပဒေသစ်တစ်ခု ပြဋ္ဌာန်းခြင်း – အမျိုးသားမြေအသုံးချမှု မူဝါဒ

၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရမှ အမျိုးသားမြေအသုံးပြုမှုမူဝါဒအား စတင်ရေးဆွဲခဲ့ပါသည်။ ၂၀၁၄ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် အများပြည်သူနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် စတင်လက်ခံကျင့်သုံးခဲ့ပါသည်။ NLUP ၏ ရည်ရွယ်ချက်မှာ “နိုင်ငံအတွင်း မြေအသုံးပြုမှုနှင့် လုပ်ပိုင်ခွင့်များကို မူဝါဒပါရည်ရွယ်ချက်များနှင့်အညီ စနစ်တကျအောင်မြင်စွာ အကောင်အထည်ဖော်စီမံဆောင်ရွက်နိုင်ရန်ဖြစ်ပြီး [နှင့် ၎င်းသည်]မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၏ ညီညွတ်မျှတမှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်မှုအပါအဝင် အမျိုးသားမြေဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လမ်းညွှန်မှုတစ်ရပ်ဖြစ်စေရမည်။”[၆၂] ၎င်းသည် “အမျိုးသားမြေအသုံးပြုမှု မူဝါဒနှင့်သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးပြုမှုကောင်စီ”[၆၃] တစ်ခုအား တည်ထောင်ရန်အတွက်လည်း အထောက်အကူပေးပါသည်။

ယင်းမူဝါဒသည် ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်များကျင့်သုံးလာမှုနှင့် လူအများလုပ်ပိုင်ခွင့်ဆိုင်ရာ အစီအမံများအား အသိအမှတ်ပြုရန်အတွက်မှာ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများအတွက် အရေးအကြီးဆုံးပင်ဖြစ်ပြီး ၎င်းအား “တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးပြုခွင့်” အပိုင်း(၈)တွင် အကျယ်တဝင့် တိကျစွာဖော်ပြထားပါသည်။

- “ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးပြုမှုလုပ်ပိုင်ခွင့်စနစ်”၊ “တိုင်းရင်းသားလူမျိုးများ၏ ရိုးရာမြေအသုံးပြုမှု စနစ်”၊ “ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးပြုခွင့် အခွင့်အရေး”[64] နှင့် “မြေလုပ်ပိုင်ခွင့် အခွင့်အရေး”[၆၅] (ဤအသုံးအနှုန်းများအား ဖော်ပြထားခြင်းမရှိသော်လည်း။)
- တစ်ဦးတစ်ယောက်ချင်းအတွက်သာမကဘဲ အစုအဖွဲ့အလိုက်အခွင့်အရေးအား အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခု တည်ထောင်ခြင်း။

၎င်းရှိ အခြားအချက်များစွာအတွင်းမှ ဖော်ပြထားသည်မှာ–

- တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးပြုခြင်းဆိုင်ရာမြေပုံနှင့် မှတ်တမ်းများအား ပြင်ဆင်ခြင်းနှင့် ပြန်လည်စိစစ်ခြင်းအား သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် အကြီးအကဲများကိုလည်း ပါဝင်ဆောင်ရွက်စေရမည်။
- ရှိရင်းမြေများသည် မြေအသုံးပြုခွင့် မှတ်ပုံတင်ထားခြင်း၊ မှတ်တမ်းတင်ထားခြင်း သို့မဟုတ် မြေပုံရေးဆွဲထားခြင်းများ ရှိပြီးသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်၊ အသုံးပြုခြင်းနှင့် အခွင့်အရေးများအား တရားဝင်အသိအမှတ်ပြုကာကွယ်ပေးရမည်။
- “သစ်တောမြေများ သို့မဟုတ် လယ်ယာမြေများ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အဖြစ်သတ်မှတ်ချက်များအောက်တွင် လက်ရှိကျရောက်နေသော” တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများနှင့် ၎င်းတို့၏

"ဓလေ့ထုံးတမ်းဆိုင်ရာမြေ" အဖြစ် မှတ်ပုံတင်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာများအား ပြန်လည်စိစစ်ခြင်းနှင့် ပြန်လည်ခွဲခြားသတ်မှတ်ခြင်းများ။

- "အများပြည်သူဆိုင်ရာရည်ရွယ်ချက်မှအပ မြေအသုံးပြုသူများမည်သူမဆိုအတွက် မြေနေရာခွဲဝေပေးခြင်းအား [...] ယင်းမြေများအား ပြန်လည်စိစစ်ခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေအဖြစ် မှတ်ပုံတင်ခြင်းများ"[၆၇] မတိုင်မီအထိ ခေတ္တရပ်ဆိုင်းထားခြင်း။
- အစိုးရမှ ခွင့်ပြုပေးထားသော သို့မဟုတ် ငှားရမ်းထားသောမြေများအဖြစ်မှ ကာကွယ်ပေးခြင်းအား မည်သည့် တည်ဆဲဥပဒေအောက်တွင်မဆို ထည့်သွင်းခွင့်ပြုရန်။
- "ပြည်တွင်းစစ်များကြောင့်ဖြစ်စေ၊မြေသိမ်းယူခြင်းများကြောင့်ဖြစ်စေသို့မဟုတ်သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်စေ သို့မဟုတ် အခြားအကြောင်းအရင်းများကြောင့်ဖြစ်စေ"[၆၈] ဆုံးရှုံးသွားသော မြေများအတွက် ပြန်လည်ပေး လျော်ခြင်း။
- လယ်မြေများ သို့မဟုတ် သစ်တောမြေများတွင် အလှည့်ကျနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းများနှင့်ပတ် သက်သော မြေအသုံးပြုခွင့်များအား အသိအမှတ်ပြုခြင်း။

အပိုင်း ၁၀ရှိ ဥပဒေများအား ညီညွတ်မှုတစေရန်ဆောင်ရွက်ခြင်း၊ ဥပဒေသစ်အား ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ NLUP တွင် ဖော်ပြထားသည်မှာ "နိုင်ငံအတွင်းရှိ မြေနှင့်ပတ်သက်သော တည်ဆဲဥပဒေများအား ညီညွတ်မှုတစေရန်အတွက် အမျိုးသား မြေအသုံးပြုမှုမူဝါဒမအား လမ်းညွှန်တစ်ခုအဖြစ်အသုံးပြုပြီး အမျိုးသားမြေအသုံးပြုမှုဥပဒေတစ်ခုအား မူကြမ်းရေးဆွဲပြီး ပြဋ္ဌာန်းမည်ဖြစ်သည်။"

အခန်း(၁)ရှိ ဥပဒေရေးရာများအား စိစစ်နိုင်းချုပ်ခြင်းတွင် ဖော်ပြထားသကဲ့သို့ အမျိုးသားမြေအသုံးပြုမှုမူဝါဒနှင့် ကိုက်ညီ သော အမျိုးသားမြေဥပဒေတစ်ခုပြဋ္ဌာန်းနိုင်ရေးသည် မြန်မာနိုင်ငံ၏ လက်ရှိရေးဆွဲထားသော မြေယာ၊ သစ်တောနှင့် ထိန်း သိမ်းရေးများစသည်တို့၏ ဥပဒေဆိုင်ရာအားနည်းချက်များအား၊ အထူးသဖြင့် ဌာနေတိုင်းရင်သားများ၏ ဓလေ့ထုံးတမ်းဆိုင် ရာမြေအခွင့်အရေးများအား အကာအကွယ်ပေးရန်နှင့် ပတ်သက်၍ ဖော်ထုတ်ဖြေရှင်းရန်အတွက်မ ရှိမဖြစ်လိုအပ်ပါသည်။ ပြဋ္ဌာန်းချက်များအတွင်း ဓလေ့ထုံးတမ်းဆိုင်ရာမြေများနှင့်ပတ်သက်၍ NLUPအခန်း(၈)ဖော်ပြလမ်းညွှန်ထားသကဲ့သို့ လိုက် နာပြီး အကျယ်တဝင့်အသေးစိတ်ပါဝင်သော ခိုင်မာသည့်အခန်းတစ်ခန်းအား ရေးဆွဲရန်အတွက်မှာ အလွန်ပင်အရေးပါလှ ပါသည်။ သို့ပါသော်လည်း ယင်းကိစ္စမှာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာ ဥပဒေသစ်တစ်ခုအတွက် စာအုပ်ပေါ်တွင် ထောက်ခံချက်များ ပြုလုပ်ရန်မကြိုးစားမီ ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင် ခွင့်များအတွက် အသိအမှတ်ပြုဥပဒေများပြဋ္ဌာန်းပြီးသော အခြားအာရှနိုင်ငံများ၏ အတွေ့အကြုံများမှ သင်ယူခြင်းသည် ပညာရှိရာရောက်ပါသည်။ နောက်လာမည့်အခန်းတွင် အာရှနိုင်ငံများအတွင်း၌ အထက်ဖော်ပြပါဥပဒေများအား ပြဋ္ဌာန်း ထားပြီးဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၏ ဌာနေတိုင်းရင်းသားများမြေပိုင်ဆိုင်ခွင့်အပေါ်တွင် ဥပဒေကြမ်း ပြုစုခြင်းနှင့် အထက်ပါဥပဒေများအားလုံးကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် သင်ယူရရှိခဲ့သော သင်ခန်းစားများအား ကြိုးစား၍ အနှစ်ချုပ်ဖော်ပြထားပါသည်။

## ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်ခွင့်များအား ကာကွယ်ခြင်း – ကမ္ဘောဒီယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံမှ သင်ယူခဲ့ရသော သင်ခန်းစာများ

### ကမ္ဘောဒီယားနိုင်ငံ

ကမ္ဘောဒီယားနိုင်ငံရှိ ဌာနေတိုင်းရင်းသားများလူဦးရေမှာ ၄၀၀,၀၀၀ခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။ အကြမ်းအားဖြင့် နိုင်ငံ လူဦးရေ၏ ၂.၅%ရာခိုင်နှုန်းထိရှိပြီး တိုင်းရင်းသားလူမျိုးကွဲများ ၂၄ဖွဲ့အထိ ရှိပါသည်။ အများစုမှာ နိုင်ငံ၏ အနောက်တောင် ဘက်ပိုင်းတွင်နေထိုင်ကြပြီး အခြားတိုင်းရင်းသားအစုအဖွဲ့များမှာ မြောက်အလယ်ပိုင်း၊ မြောက်အနောက်ပိုင်းနှင့် အနောက် ပိုင်းဒေသများတွင် နေထိုင်ကြပါသည်။

၂၀၀၁ ခုနှစ်တွင် ဌာနေတိုင်းရင်းသားအား တရားဝင်သတ်မှတ်ပြီး ၎င်းတို့၏ အများပိုင်မြေအခွင့်အရေးအား အသိအမှတ်ပြုသောမြေဥပဒေတစ်ခုအား ပြဋ္ဌာန်းခဲ့ပါသည်။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ နယ်နမိတ်တိတိကျကျဖြင့် သတ်မှတ်ချည်နှောင်ထားခြင်းမဟုတ်သော အခွင့်အရေးများကိုပါ အသိအမှတ်ပြုသော သစ်တောလုပ်ငန်းနှင့်ဆိုင်သည့် ဥပဒေကိုလည်း ၂၀၀၂ခုနှစ်တွင် စတင်လက်ခံကျင့်သုံးခဲ့ပါသည်။ ၂၀၀၉ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဌာနေတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားမူဝါဒအား(NPDIP)[၇၀] လက်ခံကျင့်သုံးခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဌာနေတိုင်းရင်းသားများ၏ သတ်မှတ်အသုံးအနှုန်းများအား အသုံးပြုခြင်းဖြင့် ၎င်းတို့အား တရားဝင်အသိအမှတ်ပြုသော အာရှနိုင်ငံများရှိ နိုင်ငံ(၅)နိုင်ငံအတွင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။

၂၀၀၁မြေဥပဒေ၊ ရွှေ့ပြောင်းမရနိုင်သော ဌာနေတိုင်းရင်းသားများပိုင်ပစ္စည်းများဒုတိယပိုင်းတွင် (ပုဒ်မ ၂၃မှ ၂၈အထိ) ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ အများပိုင်မြေများအား ခေါင်းစဉ်တပ်ခြင်းနှင့် "၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ရိုးရာအတိုင်းအာဏာရှိသူများ၏ တာဝန်နှင့် ရပ်ရွာလူထု၏ ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာယန္တရားများ"[၇၁] အား ဖော်ပြထားပါသည်။ ၂၀၀၉ ခုနှစ်တွင် အမိန့်စာခွဲ ၈၃ ဌာနေတိုင်းရင်းသားများ၏ မြေများအား မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများအား အတည်ပြုခဲ့ပါသည်။

သုံးနှစ်ကြာပြီးနောက် ၂၀၁၂ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ မြေပိုင်ဆိုင်ခွင့်အပေါ်တွင် စဉ်းစားစရာကောင်းလောက်အောင် အကျိုးသက်ရောက်မှုရှိသော အစီအစဉ်တစ်ခုကို နိုင်ငံ၏ဝန်ကြီးချုပ်ဟန်ဆန်းမှ စတင်ခဲ့ပါသည်။ ယင်းအား အမိန့် ၀၁ ဟူ၍ သိရှိကြပြီး ယင်းအစီအစဉ်သည် တစ်နိုင်ငံလုံးရှိ မြေပိုင်ဆိုင်မှုခေါင်းစဉ်တပ်ခြင်းအား အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ခဲ့ပါသည်။ ထောင်ပေါင်းများစွာသော ကျောင်းသားများအား မိသားစုတစ်စုတွင် အများဆုံးမြေ ၅ ဟက်တာအထိ ဒေသခံများ၏ မြေအသုံးပြုမှုအား တိုင်းတာရန်အတွက် စေလွှတ်ခဲ့ပါသည်။ ယင်းကိစ္စကြောင့် ၎င်းတို့အနေဖြင့် မြေများအားလက်ရှိတွင် အသုံးပြုနေကြောင်း ပြသနိုင်ပါက ပုဂ္ဂလိကပိုင် မြေပိုင်ဆိုင်မှုခေါင်းစဉ်အား ရရှိနိုင်ပါသည်။



ပုံ(၁၁) – ရတနာကီရီ ပြည်နယ်၊ လမ်အူးရှိ ကာဗက် ရပ်ရွာလူထုအဖွဲ့ဝင်များ



ပုံ(၁၂) – ရတနာကီရိ ပြည်နယ်၏ မြို့တော် ဘန်လွန် မြို့ဈေးရှိ တမ်ပုန်း အမျိုးသမီးများ

## ၂၀၀၁ခုနှစ် မြေဥပဒေ၏ လိုအပ်ချက်များ

မြေဥပဒေအတွင်းရှိ လိုအပ်ချက်များအချို့အား ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့အတွင်းမှ အရေးအကြီးဆုံးသော အချက်များအား အကြမ်းဖျင်းအကျဉ်းချုံ့ ဖော်ပြထားပါသည်။

### နိုင်ငံအစိုးရမှ ဘိုးဘွားပိုင်အခွင့်အရေးများအား အသိအမှတ်မပြုခြင်းနှင့် ဗဟိုမြေယာအုပ်ချုပ်မှုအဖြစ် သတ်မှတ်ခြင်း

ဌာနေတိုင်းရင်းသားများသည် ဘိုးဘွားပိုင်အခွင့်အရေးများအားအခြေခံ၍ မြေများအား တောင်းဆို၍မရနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ၁၉၇၉ခုနှစ်တွင် ဥပဒေမှ မြေပိုင်ဆိုင်ခွင့်များအားလုံးကို ဖျက်သိမ်းထားသောကြောင့်ဖြစ်သည်။ ဌာနေတိုင်းရင်းသား များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသော ဥပဒေလည်းမရှိပါ။ မြေဥပဒေအရ မြေအုပ်ချုပ်မှုအလုံးစုံအား နိုင်ငံတော်အစိုးရ၏ လက်ထဲတွင်သာ အပ်နှံထားသည်။ ဥပဒေမှ ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်ခွင့်များအတွက် အကာအကွယ်တစ်ချို့ ပေးထားပြီး တစ်ဆက်တည်းမှာပင် ယင်းဥပဒေသည် နိုင်ငံတော်မှ ပုဂ္ဂလိကကုမ္ပဏီများအား မြေယာလုပ်ပိုင်ခွင့်များ ပေးအပ် ရန်အတွက် ခွင့်ပြုထားသည်။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့အစုအဖွဲ့များသည် FPICအတွက် အခွင့်အရေးမရှိပါသော ကြောင့် ၎င်းတို့၏မြေများအား အဓမ္မသိမ်းယူခြင်းနှင့် အခြားမလိုလားအပ်သော ကြားဝင်စွက်ဖက်မှုများမှ ကာကွယ်ရန်အတွက် နည်းလမ်းမရှိပါ။

### ပြည့်စုံလုံလောက်မှုမရှိသော အကာအကွယ်များ၊ မတရားသော ကန့်သတ်ချက်များနှင့် ဥပဒေရေးရာအရ သတ်မှတ်ခွဲခြား စိတ်ဖြာထားခြင်း

၂၀၀၁ခုနှစ် မြေဥပဒေအရ နယ်နမိတ်အားလုံးတွင် ပိုင်ဆိုင်မှုအခွင့်အရေးများအား အသိအမှတ်ပြုထားခြင်း မရှိပါ သို့သော် ယင်းတွင် လူမှုအဖွဲ့အစည်းတစ်ခုမှ သတ်မှတ်မြေယာအကွက်များအား အသုံးပြုခြင်းအတွက်ကိုမူ ခွင့်ပြုထားပါသည်။ ထိုသို့

ခွင့်ပြုထားသော်လည်း လူနေမြေနေရာများ၊ အမှန်တကယ်စိုက်ပျိုးရေးအတွက် အသုံးပြုနေသော မြေများနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးတွင် မရှိမဖြစ်လိုအပ်သောမြေများ အစရှိသည်တို့ကိုမူ ကန့်သတ်ထား ပါသည်။ ထိန်းသိမ်းရေးမြေများ၏ စိုက်ပျိုးရေးအတွက် “ထိန်းသိမ်းထားသောမြေ”များ၏ သဘာဝအား အမိန့်စာခွဲ၏ ပုဒ်မ-၄ တွင် ပိုမိုရှင်းလင်းစွာ ဖော်ပြထားပါသည်။

အမိန့်စာခွဲ ပုဒ်မဖတွင် ထုံးတမ်းအစဉ်အလာ အများပိုင်မြေပိုင်ဆိုင်မှုအခွင့်အရေးများဆိုင်ရာ ဥပဒေ ၂ခုအား ထပ်မံ၍ တွေ့ရှိရပါသည်။ ၎င်းတို့မှာ သာသနာရေးဆိုင်ရာ သစ်တောမြေ နှင့် သချိုင်းသစ်တောမြေတို့ဖြစ်ပြီး ၎င်းတို့တစ်ခုစီအတွက် အများဆုံးအကျယ်အဝန်း ၇ဟက်တာအထိ ခွင့်ပြုပေးထားပါသည်။ ဌာနေတိုင်းရင်းသားအစုအဖွဲ့များတွင် ပုံမှန်တွေ့ရတတ်သည့် စားကျက်မြေ၊ သစ်တောမြေ သို့မဟုတ် ရေအရင်းအမြစ်ရှိသော မြေများ (ရေထိန်းတော) ကဲ့သို့သော အခြားဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ကြသောအများပိုင်မြေများမှာမူ အသိအမှတ်ပြုခြင်းမခံရပါ။ သတ်မှတ်ခေါင်းစဉ်တပ်ပြီးပါက ရပ်ရွာအစုအဖွဲ့များသည် ထည့်သွင်းခြင်းမခံရသော ၎င်းတို့မြေများအတွက် တောင်းဆိုမှုများအားလုံးကို လက်လျှော့လိုက်ရပါသည်။ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အခွင့်အရေးတစ်ချို့အား သစ်တောဥပဒေတွင် အသိအမှတ်ပြုထားပါသည်။ သို့ပါသော်လည်း ရပ်ရွာအစုအဖွဲ့များအနေဖြင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း လုပ်ကိုင်ခွင့်အား သီးခြားလျှောက်ထားရပါသည်။ ယင်းအခွင့်အရေးမှာလည်း ယာယီအသုံးပြုခွင့်အနေဖြင့် ၁၅နှစ်(သက်တမ်းတိုးနိုင်သည်)အထိသာဖြစ်ပြီး များသောအားဖြင့် ယင်းမှာလည်း ဧရိယာအနည်းငယ်အတွက်သာဖြစ်ပြီး ရပ်ရွာအစုအဖွဲ့များအနေဖြင့် ရိုးရာအစဉ်ဆက်ပိုင်ဆိုင်ခဲ့သော မြေဧရိယာထက်လည်း ပို၍ကျဉ်းမြောင်းပါသည်။[၇၆] သို့ဖြစ်ပါသောကြောင့် သစ်တောမြေနှင့် သစ်တောမြေမဟုတ်သောမြေများအကြား ခွဲခြားခြင်း၏ရလဒ်အနေဖြင့် ယင်းဖြစ်ရပ်တွင် မလိုအပ်သောဥပဒေအရ သတ်မှတ်ခွဲခြားစိတ်ဖျာမှုတစ်ခုရှိနေပါသည်။ နောက်ဆုံးတွင် သာသနာရေးဆိုင်ရာသစ်တောမြေများနှင့် သချိုင်းသစ်တောမြေများ၏ အကျယ်အဝန်းအား (၇)ဟက်တာ အထိသာ မတရားကန့်သတ်ထားခြင်းမှာပြဿနာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ ရိုးရာယဉ်ကျေးမှုအရ အရေးပါသောမြေများသည် ထို့ထက်မက ကျယ်ဝန်းနိုင်ပါသည်။



ပုံ(၁၃) -  ရတနာကီရိပြည်နယ်ရှိ တမ်ပုန်းရပ်ရွာလူထုအဖွဲ့တစ်ခု၏ ဘာသာရေးဆိုင်ရာ သစ်တော

## ဌာနေတိုင်းရင်းသားအခွင့်အရေးများအပေါ် အမျိုးသားအကျိုးစီးပွားလွှမ်းမိုးရေး

ပုဒ်မ ၂၆တွင်ဖော်ပြထားသည်မှာ ဌာနေတိုင်းရင်းသားများအား အပ်နှင်းထားသော စုပေါင်းပိုင်ဆိုင်မှုတွင် "အခွင့်အရေးများနှင့် ပိုင်ဆိုင်မှုများအားလုံးကို ပုဂ္ဂလိကပိုင်ရှင်များခံစားခွင့်ရှိသကဲ့ပင် ခံစားခွင့်ရှိပါသည်ဟု ပါဝင်သည်"။ ပုဒ်မ၏ နောက်ဆုံးပိုင်းတွင် ဆက်လက်ဖော်ပြထားသည်မှာ "နိုင်ငံ၏အရေးပေါ်လိုအပ်ချက်အရ သို့မဟုတ် အမျိုးသားအကျိုးစီးပွားရေးအတွက် လိုအပ်သောလုပ်ငန်းဆောင်တာများအား နိုင်ငံတော်မှ တာဝန်ယူလုပ်ဆောင်နေစဉ်တွင် ဤပြဋ္ဌာန်းချက်ပုဒ်မသည် အတားအဆီးတစ်ခု မဖြစ်စေရပါ။" ဟူ၍ဖြစ်သည်။ ထိုသို့ဖြင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ ပိုင်ဆိုင်ခွင့်များမှာ "အမျိုးသားအကျိုးစီးပွား" သို့မဟုတ် "နိုင်ငံ၏ အရေးပေါ်လိုအပ်ချက်" ရှိမနေခြင်းအပေါ်တွင်သာ မူတည်နေပါသည်။

## ကြားဝင်ကာကွယ်ပေးမှုမရှိခြင်း၊ ဗျူရိုကရေစီ ယန္တရားနှင့် ဥပဒေအားအကောင်အထည်ဖော်ရေးဆွဲရန် နိုင်ငံရေးစိတ်ဓါတ်မရှိခြင်း

မြေများအား ဌာနေတိုင်းရင်းသားများ၏ မြေများအဖြစ် သက်သေမပြနိုင်မီအထိ ၎င်းတို့၏မြေများအဖြစ် အသိအမှတ်ပြုခြင်း မရှိဘဲ သက်သေပြရန်ကိုလည်း ရပ်ရွာအစုအဖွဲ့များ၏တာဝန်အဖြစ် သတ်မှတ်ခြင်းခံရပါသည်။ ထို့အပြင် ဥပဒေတွင် ဌာနေတိုင်းရင်းသားများ၏မြေများအား ခေါင်းစဉ်တပ်ခြင်းမခံရမှီအထိ ယာယီအကာအကွယ်ပေးသည့် ယန္တရားတစ်ခုတည်ထောင်ခြင်းအတွက် ပြဋ္ဌာန်းချက်များမပါရှိပါ။ အတွေ့အကြုံများအရ ဥပဒေအားပြဋ္ဌာန်းပြီးချိန်ကတည်းက ဖြစ်ပေါ်နေသော အကြီးအကျယ် အစမ္ပမြေသိမ်းယူခြင်းများအား ကာကွယ်ရန်အတွက် ယင်းပြဋ္ဌာန်းချက်သည် များစွာလိုအပ်ပါသည်။ မြေယာလုပ်ပိုင်ခွင့်များအားခွင့်ပြုခဲ့ပြီး အများအားဖြင့် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေများနှင့် သစ်တောများမြေများ အမြောက်အများအပေါ်တွင်လည်း ဆက်လက်၍ မြေယာလုပ်ပိုင်ခွင့်များအား ခွင့်ပြုပေးခဲ့သည်။ မြေယာလုပ်ပိုင်ခွင့်များအတွက် မြေနေရာခွဲဝေချထားပေးခြင်းဆိုင်ရာ အုပ်ချုပ်မှုဥပဒေသည် ဓလေ့ထုံးတမ်းဆိုင်ရာမြေပိုင်ရှင်များအား အနည်းငယ်သာအကာအကွယ်ပေးပြီး "ဓလေ့ထုံးတမ်းဆိုင်ရာမြေနှင့် အရင်းအမြစ်များအား အသုံးပြုသူများဖြင့် ပတ်သက်သော ယှဉ်ပြိုင်မှုများအား ဖြေရှင်းရန် ဖန်တီးထားသောမူဝါဒများနှင့် အခြေခံဥပဒေများသည့် လက်တွေ့တွင်မူ သေးငယ်သောမြေအသုံးပြုသူများ၏ တောင်းဆိုမှုများသည် ပိုမို၍ အင်အားကြီးသော စီးပွားရေးလုပ်ငန်းများ၏ လက်အောက်တွင်သာရှိသည်။"[၇၈]



ပုံ(၁၄) – ရတနာကီရီ ပြည်နယ်၊ လောင်ခွန်ကျေးရွာရှိ တမ်ပုန်း ရပ်ရွာလူထုအဖွဲ့တစ်ခု။ သီဟို နှင့် ရာဘာစိုက်ခင်းများအား အခြေချနယ်နိမိတ်အထိ တိုးချဲ့ထားခြင်း။

တစ်ချိန်ထဲမှာပင် ဌာနေတိုင်းရင်းသားများ၏ အစုအဖွဲ့များ အများပိုင်မြေများအား ခေါင်းစဉ်တပ်ခြင်းမှာ အလွန်ရှုပ်ထွေးသော လျှောက်ထားခြင်းဆိုင်ရာနည်းလမ်းများကြောင့် အလွန်ပင် နှေးကွေးနေပါသည်။ ပထမတွင် ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့လူထုအဖွဲ့အစည်းအား ခွဲခြားသတ်မှတ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာမှ အသိအမှတ်ပြုရန်လိုအပ်ပါသည်၊ ဒုတိယတွင် ၎င်းတို့အစုအဖွဲ့များမှာ တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရပါသည်၊ ဆက်လက်၍ တတိယပိုင်းတွင် မြေယာစီမံခန့်ခွဲရေး၊ မြို့ပြစီမံကိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေခေါင်းစဉ်တပ်ခြင်းအား ဆက်လက်ဆောင်ရွက်ရန်အတွက်ဖြစ်သည်။ ဤတွင် မြေတိုင်းတာခြင်းများအပါအဝင်၊ အများပြည်သူအား အသိပေးခြင်းနှင့် မြေအားခေါင်းစဉ်ထုတ်ပေးခြင်း အစရှိသည်တို့ပါဝင်သည်။[၇၉]



ပုံ(၁၅) – တမ်ပုန်းရပ်ရွာလူထုအဖွဲ့၏ ခေါင်းဆောင် လောင်ကရိန်းမှ ၎င်းတို့၏အစုအဖွဲ့အား တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သော ကျေးရွာနယ်နမိတ်မြေပုံအား ပြသနေစဉ်။

ဗျူရိုကရေစီဆန်သော နည်းလမ်းများနှင့် နည်းပညာအခက်အခဲများကြောင့် ယနေ့အထိတိုင် မည်သည့်အစုအဖွဲ့များကမျှ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ပြီးစီးအောင် ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ "အောင်မြင်မှုသည် လူထုအဖွဲ့အစည်းများ၏ ခိုင်မာမှု၊ နယ်မြေခံအာဏာရှိသူများ၊ အလှူရှင်နှင့် NGOများ၏ အထောက်အပံ့ပေးမှုများနှင့် မိတ်ဖက်များ၏ လှုပ်ရှားမှုများမှ အကျိုးသက်ရောက်မှုရှိခြင်းများအပေါ်တွင် မူတည်ပါသည်။"[၈၀] အချို့သော လူထုအဖွဲ့အစည်းများအတွက် ယင်းကိစ္စသည် အလွန်ပင်ခက်ခဲလွန်းနေသောကြောင့် လက်လျှော့လိုက်ကြသူများလည်းရှိပါသည်။ ရှုပ်ထွေးသော လုပ်ငန်းစဉ်၏ ရလဒ်အနေဖြင့် တစ်ကြောင်း၊ ဌာနေတိုင်းရင်းသားများ၏ မြေများအား ခေါင်းစဉ်တပ်ရန်အတွက် နိုင်ငံရေးစိတ်ဓါတ်မရှိခြင်းဖြင့် တစ်ကြောင်း ၂၄ ဖွဲ့သော ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများသာ အများပိုင်မြေ ခေါင်းစဉ်အား ၂၀၁၉ခုနှစ် မေလတွင်ရရှိခဲ့ကြသည်။ "သို့ပါသော်လည်း မြေယာစီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် မြို့ပြစီမံကိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၂၃ခုနှစ်သည် ဌာနေတိုင်းရင်းသားများ၏ မြေများအား မှတ်ပုံတင်ခြင်းအပါအဝင် နိုင်ငံနှင့် အဝှမ်းမြေမှတ်ပုံတင်ခြင်းအားလုံးကို ဆောင်ရွက်ရန်အတွက် နောက်ဆုံးနှစ်အဖြစ် သတ်မှတ်လိုက်ပါသည်။"[၈၁] လက်ရှိတွင်ရှိနေသော အချက်အလက်များပေါ်မူတည်၍ တရားဝင်မြေပိုင်ဆိုင်ခွင့်ခေါင်းစဉ်အား အကာအကွယ်အပြည့်အဝ ရရှိရန်အတွက်

“အနည်းဆုံး နှစ်ပေါင်း ၁၅-၂၀ နှစ်အထိ ကြာမြင့်နိုင်သည့် အနေအထားတွင်ရှိသည်”[၈၂] ဟူ၍ တွက်ချက်ခန့်မှန်းရပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဌာနေတိုင်းရင်းသားအစုအဖွဲ့များ စုစုပေါင်း (၄၄၅) ဖွဲ့ဝန်းကျင်ခန့်ရှိပါသည်။[၈၃] လက်ရှိအချိန်ထိတိုင် အောင်မူ အစိုးရမှ ဌာနေတိုင်းရင်းသားများ၏ မြေများအား ခေါင်းစဉ်တပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် လေးပင်စွာ ဆောင်ရွက်နေခြင်းကြောင့် ယင်းခန့်မှန်းချက်အတိုင်း ဖြစ်နိုင်ရန်မှာလည်း သံသယဖြစ်ဖွယ်ရှိနေပါသည်။

## မြေယာဥပဒေ နှင့် အမိန့်စာခွဲအကြားရှိ ညီညွတ်မျှတမှုမရှိသော ဥပဒေရေးရာများ

ဌာနေတိုင်းရင်းသားများ၏ အများပိုင်မြေများအား မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များမှာ ၂၀၀၁ခုနှစ် မြေယာဥပဒေနှင့် အမိန့်စာခွဲ ၈၃တို့အကြား ကွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရပါသည်။ ယင်းသို့ဖြင့် ဌာနေတိုင်းရင်းသားများ၏ အများပိုင်မြေများ နှင့် နိုင်ငံတော်ပိုင်မြေများအကြား မြေနေရာပိုင်ဆိုင်မှုများမှာ ရှင်းရှင်းလင်းလင်းမရှိတော့သည်ကို တွေ့ရပါသည်။ မြေယာဥပဒေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအတွက် လိုအပ်သော ထိန်းသိမ်းမြေများအား ဌာနေတိုင်းရင်းသားများ၏ မြေများအဖြစ် အသိအမှတ်ပြုထားပြီး၊ အမိန့်စာခွဲ ပုဒ်မ၆တွင်မူ ယင်းမြေများနှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာမြေများ၊ သင်္ချိုင်းမြေများနှင့်အတူ ယင်းအား နိုင်ငံ၏ ပြည်သူပိုင်အဖြစ် ဖော်ပြထားသည်။[၈၄]

ဌာနေတိုင်းရင်းသားများ၏ မြေအချို့အား နိုင်ငံတော်မှ ၎င်းတို့၏အပိုင်ဖြစ်သည်ဟုကြေညာခြင်းနှင့် ခေါင်းစဉ်တစ်ခုရှိပြီးသော ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ စုပေါင်းပိုင်ဆိုင်မှုများနှင့်ပတ်သက်သော မရေရာမှုများကိုလည်း မြေဥပဒေ ပုဒ်မ ၂၆ တွင် တွေ့နိုင်ပါသည်။ တစ်ဖက်တွင်လည်း ယင်းမှရှင်းရှင်းလင်းလင်းဖော်ပြထားသည်မှာ “စုပေါင်းပိုင်ဆိုင်မှုများတွင်လည်း အခွင့်အရေးများနှင့် အကာအကွယ်များကို ပုဂ္ဂလိကပိုင်ရှင်များကဲ့သို့ပင် ခံစားခွင့်ရှိသည်။” ဟုဖြစ်ပြီး အခြားတစ်ဘက်တွင်လည်း “ဒေသခံအစုအဖွဲ့သည် နိုင်ငံ၏ ပြည်သူပိုင်ဖြစ်သော မည်သည့်စုပေါင်းပိုင်ဆိုင်ခွင့်ကိုမဆို အခြား မည်သူတစ်ဦးတစ်ယောက်ထံ သို့မဟုတ် အဖွဲ့တစ်ဖွဲ့ထံသို့ လွှဲပြောင်းပိုင်ခွင့်မရှိပါ။” ဟူ၍ဖော်ပြထားပါသည်။

## ရှင်းလင်းမှုမရှိသော ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများ

ဥပဒေတွင်ပါဝင်သောအသုံးအနှုန်းများမှာ စနစ်တကျအဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိပါ။ ဥပမာပြရန် အခြားအချက်များစွာရှိသော်လည်း ၎င်းတို့မှ တစ်ချက်သည် ပုဒ်မ-၂၅အရသည် ရပ်ရွာလူထု၏ ဓလေ့ထုံးတမ်း အများပိုင်မြေအခွင့်အရေးအား တရားဝင်အသိအမှတ်မပြုမီ “စီမံခန့်ခွဲရေးဆိုင်ရာ အာဏာရှိသူ” မှ ယင်းမြေများအား ရှေ့ဦးစွာအသိအမှတ်ပြုရမည်ဖြစ်သည်။ ဤနေရာတွင် ပိုမိုတိကျသောအသုံးအနှုန်းများဖြစ်သော “ရပ်ရွာလူထုခေါင်းဆောင်” သို့မဟုတ် “ခရိုင်အုပ်ချုပ်ရေးမှူး” အစရှိသဖြင့် ရှေ့ဦးအသိအမှတ်ပြုရမည့် အာဏာရှိသူအဆင့်အား ရှင်းရှင်းလင်းလင်း ဖြစ်စေရန် လိုအပ်ပါသည်။ အလားတူပင် ‘အခွင့်အာဏာရှိသူ/အခွင့်အာဏာအပ်နှင်းခြင်းခံရသူ’နှင့် “ဒေသအာဏာပိုင်”ဟူသော အသုံးအနှုန်းများကိုလည်း အဓိပ္ပါယ် သတ်မှတ်သင့်ပါသည်။

## အစုအဖွဲ့/အဖွဲ့အစည်းနှင့်ဆိုင်သည့် အသုံးအနှုန်းနှင့် ဆိုင်သောပြဿနာ

“အများပိုင်မြေခေါင်းစဉ်”အောက်ရှိ“အများပိုင်”ဟူသောအသုံးအနှုန်းသည် ကမ္ဘောဒီးယားနိုင်ငံတွင်မူပြဿနာတစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကွန်မြူနစ်ကာလ(ခမာနီ)အကြမ်းဖက်မှု အတိတ်အတွေ့အကြုံများအရ လူအများတို့အား အစွန်းရောက်ကွန်မြူနစ်ဝါဒအား (ပိုင်ဆိုင်မှုများအားလုံးကို အများပြည်သူပိုင်အဖြစ်) အတင်းသွပ်သွင်းခြင်း ခံခဲ့ရသောကြောင့်ဖြစ်သည်။ ထို့အပြင်သာမကဘဲ ဌာနေတိုင်းရင်းသားများ၏ မြေအသုံးပြုမှု နှင့် လုပ်ပိုင်ခွင့်များသည် အများပိုင်များမဟုတ်တော့ပါ။ သို့ပါသော်လည်း အများပိုင်မြေအဖြစ် သတ်မှတ်ခေါင်းစဉ်တပ်ခြင်းသည် ယင်းမြေအုပ်ချုပ်ခွင့်အား နိုင်ငံမှ ဆောင်ရွက်ခြင်းထက် မိမိတို့လူအများ၏လက်ထဲတွင် အုပ်ချုပ်ခွင့်အား ကိုင်ဆောင်ထားခြင်းဖြစ်ကြောင်းကို အနည်းငယ်သော ဌာနေတိုင်းရင်းသားအစုအဖွဲ့များကသာ သိရှိကြပါသည်။

## “ရိုးရာ” ၏ အဓိပ္ပါယ်အပေါ်တွင် လုံခြုံမှုမရှိဟု ခံစားရခြင်း နှင့် ရှုပ်ထွေးနေခြင်းများ

ပုဒ်မ–၂၃၊ ဌာနေတိုင်းရင်းသားအစုအဖွဲ့များအား ဖော်ထုတ်သတ်မှတ်ခြင်းတွင် အဖွဲ့တစ်ဖွဲ့အနေဖြင့် “ရိုးရာဘဝနေထိုင်မှုပုံစံ” တစ်ခုရှိပြီး “စုပေါင်းအသုံးပြုခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းစည်းကမ်းများအတိုင်း ၎င်းတို့ပိုင်ဆိုင်ထားသောမြေများတွင် စိုက်ပျိုးနေသူများ”ဟုပါဝင်ပြီး ၎င်းတို့၏ တောင်းဆိုမှုများအတွက် ၎င်းတို့သည် ဌာနေတိုင်းရင်းသားများဖြစ်ကြောင်းနှင့် “ရိုးရာဘဝနေထိုင်မှုပုံစံ” တစ်ခုရှိကြောင်း သက်သေပြရန် လိုအပ်ပါသည်ဟူသော အချက်သည် အချို့သောဌာနေတိုင်းရင်းသား အကြားတွင် ရှုပ်ထွေးမှုနှင့် မလုံခြုံမှုများကို ခံစားရစေပါသည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းမရှိသော သို့မဟုတ် ၎င်းတို့တွင် “ရိုးရာဘဝနေထိုင်မှုပုံစံများ” မရှိတော့ပါဟူ၍ ခံစားရသော အစုအဖွဲ့များအနေဖြင့် လျှောက်ထားရန်အတွက်ကိုပင် စဉ်းစားမည်မဟုတ်တော့ပါ။ ကံကောင်းထောက်မစွာဖြင့် အစိုးရသည် “ရိုးရာ”နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသောဥပဒေများအား အမှန်တကယ်အရေးယူ ဆောင်ရွက်ခြင်းမရှိသေးပါ။



ပုံ(၁၆) – ရတနာကီရီ ပြည်နယ်၊ ကရောင်အစုအဖွဲ့တစ်ခုဖြစ်သော ကရာလားရွာသူ/ရွာသားများ ရွှေ့ပြောင်းတောင်ယာတွင် ဆူးထိုးစိုက်ပျိုးထားသော စပါးပင်များအား ရိတ်သိမ်းနေပုံ။ ဤဓါတ်ပုံသည် ၁၉၉၈ ခုနှစ်မှ ပုံဖြစ်သည်။ ယနေ့တွင် ကရောင်တော်တော်များများနှင့် အခြား ဌာနေတိုင်းရင်းသားများသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းများမပြုလုပ်တော့ပါ။

## အများပိုင်ဆိုင်ခြင်းခေါင်းစဉ်အား အစုအဖွဲ့တစ်ခုချင်းစီလိုက်အတွက်သာ ကန့်သတ်ခြင်းသည် ဌာနေတိုင်းရင်းသားများ၏ ပိုင်နက်နယ်မြေများအား အစိတ်စိတ်ကွဲပြားသွားစေသည်

အများပိုင်မြေခေါင်းစဉ်အား ကျေးရွာတစ်ခုချင်းစီအလိုက်သာ ခွင့်ပြုပေးထားပြီး အထက်တွင်ဖော်ပြထားသကဲ့သို့ ကန့်သတ်ထားသော မြေအမျိုးအစားများကိုသာ အသုံးပြုခွင့်ရှိသည်။ ကျေးရွာများအားလုံးစုပေါင်းပြီး သို့မဟုတ် ကျေးရွာအားလုံးမှ ဌာနေတိုင်းရင်းသားတစ်စုတည်းအနေဖြင့် ပိုမိုကျယ်ဝန်းသောဧရိယာအတွက် လျှောက်ထားရန်မှာ မဖြစ်နိုင်ပါ။ ကြုံတွေ့ခဲ့ရသည့်အရာတစ်ခုအား ဥပမာပေးရမည်ဆိုပါလျှင် ကျေးရွာ(၇)ရွာသာရှိသော ကချော့ ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်း

တို့၏ကျေးရွာများအတွက် စုပေါင်းပြီး ကချေ့ဌာနေတိုင်းရင်းသားများ၏ အများပိုင်မြေတစ်ခုအဖြစ် လျှောက်ထားလိုခဲ့ပါသည် သို့ပါသော်လည်း ၎င်းတို့အနေဖြင့် ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။[၈၇] မြေများအား အစုအဖွဲ့တစ်ခုချင်းစီအလိုက်သာ ခေါင်းစဉ်တပ်ခြင်း၏ ရလဒ်အနေဖြင့် မြေအမျိုးအစားအမျိုးမျိုးအတွက် လုံလောက်သော မြေနေရာမရှိခြင်းနှင့် အထက်တွင် ဆွေးခဲ့သည့်အတိုင်း ဥပေဒအရ သတ်မှတ်ခွဲခြမ်းစိတ်ဖျာခြင်းဆိုင်ရာများ၊ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာနယ်နမိတ်များမှာ စိတ်ပိုင်းခွဲခြားခြင်းများခံလိုက်ရပါသည်။ မြေခေါင်းစဉ်တပ်ခြင်းလုပ်ငန်းစဉ်မှာ အလွန်ပင်အချိန်ယူနေရခြင်း အကြောင်းအရင်းတစ်ခုမှာ အများပိုင်မြေခေါင်းစဉ်တပ်ခြင်းအား ကျေးရွာတစ်ခုချင်းစီအလိုက် ဆောင်ရွက်နေရသောကြောင့် ဖြစ်သည်။

## ဌာနေတိုင်းရင်းသား မဟုတ်သော အစုအဖွဲ့များသည် အများပိုင်မြေများအတွက် အကျုံးမဝင်ပါ။

၂၀၁၁ ခုနှစ် မြေဥပဒေအရ ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၌ အများပိုင်မြေအဖြစ် ခေါင်းစဉ်တပ်ခြင်းကို ပိတ်ပင်ထားသည်။ ဆိုလိုသည်မှာ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများ၊ စားကျက်မြေများနှင့် တောင်ယာစိုက်ပျိုးမြေများ စသည်ဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ စုပေါင်းအသုံးပြုခွင့် အခွင့်အရေးသောမြေများရှိသည့် ခမာနှင့် လာအို ရပ်ရွာလူထုအစုအဖွဲ့များမှာမူ ယင်းခေါင်းစဉ်အား လျှောက်ထားခွင့်မရှိပါဟု ဆိုလိုခြင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားများမှာလည်း ၎င်းတို့သည် ဌာနေတိုင်းရင်းသားဖြစ်ကြောင်းကို သက်သေပြရန်လိုအပ်ပါသည်။ ထို့နောက် မည်သူမည်ဝါသည် ဌာနေတိုင်းရင်းသားများဖြစ်ခြင်း၊ မဖြစ်ခြင်းအား ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတစ်ခုတည်းကသာ ဆုံးဖြတ်သည်။ ၎င်းတို့၏ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းအသက်ရှင်ရပ်တည်ပုံများ ပျောက်ဆုံးသွားကြသော ဌာနေတိုင်းရင်းသားများအစုအဖွဲ့များ အနေဖြင့် ၎င်းတို့သည် ဌာနေတိုင်းရင်းသားများအဖြစ် အကျုံးမဝင်သောကြောင့် လျှောက်ထား၍ မရနိုင်ပါဟု မှတ်ယူကြသည်။

## အစုအဖွဲ့အစည်းများအား တရားဝင်တည်ထောင်ရခြင်းပြဿနာ

အများပိုင်မြေခေါင်းစဉ်အားရရှိရန် တိုင်းရင်းသားအစုအဖွဲ့များသည် တရားဝင်အဖွဲ့များအဖြစ် အသိအမှတ်ပြုရန်လိုအပ်သည်ဖြစ်၍ ရပ်ရွာလူထုအား တရားဝင်အစုအဖွဲ့များအဖြစ် ဖွဲ့စည်းရန် တိုက်တွန်းခြင်းခံခဲ့ရပြီး ထိုသို့ဆောင်ရွက်ပြီးမှသာ တရားဝင်အစုအဖွဲ့များအနေဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ယင်းတွင် ဒေသခံအစုအဖွဲ့များအား အုပ်ချုပ်ရန်စနစ်ကို ဥပဒေလိုအပ်ချက်များနှင့်အညီ ဖန်တီးထားပြီး ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်များအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ပါ။ ထို့ကြောင့် နောက်ပိုင်းတွင် ယင်းတို့သည် နည်းပါးပျောက်ကွယ်ရန် အလားအလာရှိနေပါသည်။ အတိတ်ကာလများတွင် ဌာနေတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုသည် ရေးသားထားသော ဥပဒေများကို အခြေမခံပါ သို့ပါသော်လည်း အများပိုင်မြေခေါင်းစဉ်တပ်ခြင်းတွင် ဥပဒေများအား ရေးသားထားရပြီး အုပ်ချုပ်ရေးပုံစံအဆင့်ဆင့်ကိုလည်း ချမှတ်ထားရပါသည်။ ယင်းတို့သည်လည်း ဌာနေတိုင်းရင်းသားတို့၏ မူရင်းအစုအဖွဲ့အုပ်ချုပ်မှုဆိုင်ရာပုံစံများနှင့် အလွန်ခြားနားနေပြီး များသောအားဖြင့်လည်း ချောမွတ်ပြေပြစ်ခြင်းမရှိပါ။

## သစ်တောဥပဒေ၏ ပြဿနာများ

ဌာနေတိုင်းရင်းသားများ သစ်တောမြေများအား ပိုင်ဆိုင်ခွင့်အား မြေဥပဒေတွင် ကာကွယ်ပေးထားခြင်းမရှိဘဲ အနည်းငယ်သော အခွင့်အရေးတစ်ချို့ကိုသာ ၂၀၀၂ခုနှစ် သစ်တောဥပဒေတွင် ခွင့်ပြုထားသည်။ ပုဒ်မ–၂ “ဓလေ့ထုံးတမ်း သစ်တောထွက်ပစ္စည်းများအား အသုံးပြုခွင့်နှင့် ဒေသခံအစုအဖွဲ့များအတွက် by–productရှိသည်မှာ သေချာစေရန်”နှင့် ပုဒ်မ–၄၀ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် စားကျက်မြေ၊ ဒေသတွင်းလိုအပ်ချက်အတွက် သစ်အသုံးပြုခြင်းများအတွက် “ရိုးရာအသုံးပြုသူ အခွင့်အရေးများ”အား အသိအမှတ်ပြုထားပါသည်။ ၂၀၀၃ခုနှစ် ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အမိန့်စာခွဲအရ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများအား ဒေသခံအစုအဖွဲ့များအတွက် ခွင့်ပြုထားကြောင်းဖော်ပြထားပါသည်။ သို့သော်လည်း ယင်းတို့သည် အမြဲခွင့်ပြုထားခြင်းမဟုတ်ဘဲ အခြေအနေများအပေါ်တွင် မူတည်ပြီး နှစ်ပေါင်း ၁၅ နှစ် အထိသာ (သက်တမ်းတိုးနိုင်ပါသော်လည်း) ယာယီခွင့်ပြုထားခြင်းဖြစ်သည်။ လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်များသည် ရှည်လျားရှုပ်

ထွေးလွှန်းပြီး အဆင့်(၈)ဆင့်အထိ ဆောင်ရွက်ရန်လိုအပ်ပါသည်။[၈၉] ရိုးရာမြေအသုံးပြုမှုနှင့် ပတ်သက်၍ သစ်တောဥပဒေ အထွေထွေပြဋ္ဌာန်းချက်များအတွင်း သစ်တောဧရိယာအတွင်းနှင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောအပြင်ဘက်အထိပါ အကျိုး သက်ရောက်မှုရှိသောဥပဒေအား မည်သည့်အချိန်အခါကမျှ အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းမရှိပါ။ ဒေသခံ အစုအဖွဲ့ပိုင် သစ်တောမြေများကို အရွယ်အစားကျဉ်းမြောင်းပြီး ပျက်စီးလုနီးပါးသစ်တောများအား ချပေးလေ့ရှိပြီး၊ ကုမ္ပဏီများကိုမူ သစ် လုပ်ငန်းဆောင်ရွက်ရန်နှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျယ်ဝန်းပြီး ကောင်းမွန်သော သစ်တော များကို ချပေးလေ့ရှိသည်။[၉၀]

## အမိန့်–၀၁နှင့်ပတ်သက်သော ပြဿနာများ

၂၀၁၂ခုနှစ်တွင် စတင်ခဲ့သော မြေခေါင်းစဉ်တပ်ခြင်းအစီအစဉ်၏ရည်ရွယ်ချက်မှာ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ဖြစ်ပွား ခဲ့သော အကြီးအကျယ်အဓမ္မမြေသိမ်းယူမှုများကြောင့် တိုးပွားလာသောမတင်းတိန်မှုများအတွက် ရာထောင်ချီသော မိသား စုများအား စိတ်ချရသော လုပ်ပိုင်ခွင့်များ ထောက်ပံပေးခြင်းဖြင့် ဖြေရှင်းရန်ဖြစ်သည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ မြေဧရိယာများ၊ သစ်တောလုပ်ငန်းမြေများနှင့် အခြားနိုင်ငံတော်ပိုင်မြေများတွင် နေထိုင်လျက်ရှိကြသော သူများအတွက် အထူးရည်ရွယ်ခြင်းဖြစ်သည်။[၉၁] အမိန့်–၀၁ မူရင်းအရ စုပေါင်းပစ္စည်းပိုင်ဆိုင်ခြင်းခေါင်းစဉ်ကို ဌာနေတိုင်းရင်းသားအစုအဖွဲ့ များအား ချပေးခြင်းနှင့်ဆိုင်သော လမ်းညွှန်ချက်များပါဝင်ပါသည်။ သို့ပါသော်လည်း ယင်းအပိုင်းသည် အချိန်ကုန်၍ အကျိုး ဆက်အနေဖြင့် တစ်ဦးချင်းစီနှင့်ဆိုင်သော ပုဂ္ဂလိက ခေါင်းစဉ်များအဖြစ်သာ လျှောက်ထားနိုင်ပါတော့သည်။

ဌာနေတိုင်းရင်းသားများအတွက် ပြဋ္ဌာန်းထားသော အများပိုင်မြေခေါင်းစဉ်အပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့်မတူဘဲ အမိန့်–၀၁ အား လျှင်လျှင်မြန်မြန် ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဇွန်လ နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း စုစုပေါင်းမြေ ၁.၂ သန်း ဟက်တာအတွက် ခေါင်းစဉ် ၆၁၀,၀၀၀ ဝန်းကျင်ခန့်ထုတ်ပေးခဲ့ပါသည်။[၉၂] သို့ပါသော်လည်း အမိန့်–၀၁ အားကောင်အထည်ဖော်ဆောင်ခြင်းသည် အချို့သောအကြောင်းအရင်းများကြောင့် အငြင်းပွား စရာ ရှိနေပါသည်။

## တစ်စိတ်တစ်ပိုင်း မြေခေါင်းစဉ်တပ်ခြင်း

ရပ်ရွာအစုအဖွဲ့များနှင့် မြေလုပ်ငန်းရှင်အများအကြား မြေယာပဋိပက္ခများအား ဖြေရှင်းရန် ရည်ရွယ်သော်လည်း အမိန့်–၀၁ သည် အငြင်းပွားမြေအများအပြားအပေါ်တွင်မူ လွှမ်းခြုံနိုင်ခြင်းမရှိပါ။ ရပ်ရွာအစုအဖွဲ့များ နှင့် စစ်တပ်မှ အရာရှိများ၊ နိုင်ငံရေး ခရိုနီများနှင့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းများကဲ့သို့ အဆက်အသွယ်ကောင်းသော၊ အင်အားကြီးသောသူများအကြားတွင် ရှိသော ပဋိပက္ခများအား ဖြေရှင်းရန်အတွက်လည်း လုပ်ဆောင်နေခြင်းမရှိပါ။[၉၄] အမိန့်–၀၁ အောက်အကျုံးဝင်သော ဧရိယာ များတွင် မြေပိုင်ရှင်များသည် ၎င်းတို့မြေအချို့အတွက် ခေါင်းစဉ်တပ်ခြင်းအား ရရှိခဲ့ပါသည် သို့ပါသော်လည်းများသောအား ဖြင့် ၎င်းတို့မြေများ၏ တစ်ချို့တစ်ဝက်ကိုသာ ထည့်သွင်းခြင်းခံခဲ့ရပါသည်။ လေ့လာချက်တစ်ခုအရ တွေ့ဆုံမေးမြန်းခဲ့သော သူများအတွင်းမှာ ၇၅% ရာခိုင်နှုန်းသော သူများသည် မိမိတို့၏ တိုင်းတာခဲ့သောမြေများအားလုံးအတွက် ခေါင်းစဉ်မရရှိ ကြောင်းတွေ့ရှိရပြီး ၅၀% ရာခိုင်နှုန်းသော သူများသည် ၎င်းတို့၏ မြေများအားလုံးကိုပင် တိုင်းတာခဲ့ခြင်းမရှိပါဟု ဖြေကြား ထားသည်ကို တွေ့ရှိရပါသည်။[၉၅] အမိန့်–၀၁ အား ဌာနေတိုင်းရင်းသားအစုအဖွဲ့များအတွင်း အကောင်အထည်ဖော်ဆောင် ရွက်ခြင်းမှာ အခက်အခဲဆုံးဖြစ်ကြောင်းကို နောက်စာပုဒ်တွင်ဖော်ပြပေးထားပါသည်။

## ရပ်ရွာအစုအဖွဲ့များအတွင်း ကွဲပြားခြင်းနှင့် ဒေသခံအစုအဖွဲ့ပိုင်မြေများအား အစိတ်စိတ်ကွဲပြားစေခြင်း

အမိန့်–၀၁အောက် ဌာနေတိုင်းရင်းသားအစုအဖွဲ့များအတွင်း မြေတိုင်းခြင်းအားလုပ်ဆောင်ရာ၌ သက်ဆိုင်သောအိမ်ထောင် ဦးစီးမှ ၎င်းတို့အနေဖြင့် “ဒေခံအစုအဖွဲ့မှ ထွက်ခွာကြောင်း” ကြေညာချက်တွင် လက်မှတ်ထိုး၍ ၎င်းတို့တောင်းဆိုထားသော ဓလေ့ထုံးတမ်းဆိုင်ရာမြေများအား လက်လွှတ်မှသာ မြေတိုင်းခြင်းအားဆောင်ရွက်ပေးပါသည်။[၉၆] အများပိုင်ဆိုင်ခြင်းခေါင်း

စဉ်အားလျှောက်ထားခဲ့သော ဒေသခံအစုအဖွဲ့များအတွင်းတွင်လည်း အဖွဲ့ဝင်များသည် စုပေါင်းတောင်းဆိုခြင်းအား ပြန်လည် ရုပ်သိမ်းခဲ့ရပြီး အများပိုင်ဆိုင်ခြင်းခေါင်းစဉ်တပ်ထားသော မြေများအတွက် ၎င်းတို့၏ မြေများအားဖယ်နှုတ်ပစ်ခြင်း ခံခဲ့ရ သည်။ ယင်းဖြစ်ရပ်ကြောင့် အစုအဖွဲ့များအတွင်းတွင် ကွဲပြားလာကြပြီး ဌာနေတိုင်းရင်းသား အစုအဖွဲ့များ၏ မြေပိုင်ဆိုင်မှု များမှာ အစိတ်စိတ်ကွဲပြားသွားခဲ့သည်။[၉၇] "ဒေသခံ အစုအဖွဲ့မှ ထွက်ခွာခြင်း" ၏အကြောင်းအရင်းများနှင့် ပတ်သက်၍ ကော လဟာလများမှာ အများပိုင်ဆိုင်ခြင်းခေါင်းစဉ်မှာ အားနည်းနေခဲ့သောကြောင့် ကုမ္ပဏီများအနေဖြင့် ယင်းမြေများအား လျော် ကြေးပေးရန်မလိုအပ်ဘဲ အလွယ်တစ်ကူ သိမ်းပိုက်နိုင်သည်[၉၈] ဖြစ်ပြီး ၎င်းတို့သည် မြေများအားရောင်းချနိုင်ခြင်းရှိတော့မည် မဟုတ်ပါ၊ ဆက်လက်ပြီး ၎င်းတို့သည် ယင်းမြေများအား အပေါင်ခံပစ္စည်းအဖြစ် အသုံးချပြီး ဘဏ်ချေးငွေမရရှိနိုင်မည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။[၉၉] ယင်းအဆိုမှာ မှန်ကန်ခြင်းမရှိပါ။ ကမ္ဘောဒီယားနိုင်ငံတွင်ရှိသော ဘဏ်အချို့သည် စုပေါင်းပိုင်ဆိုင် ခြင်း ခေါင်းစဉ်တပ်ထားသော မြေများအား အပေါင်အဖြစ်ထားရှိရန်ခွင့်ပြုကြပါသည်။[၁၀၀] အမှန်တစ်ကယ်တွင် အမိန့်-၀၁ အား အကောင်အထည်ဖော်စဉ်ကာလအတွင်း မိသားစုများအား တစ်ဦးတစ်ယောက်ပိုင်မြေခေါင်းစဉ်အား လက်ခံရန်အတွက် ဖိအားပေးမှုများရှိခဲ့သည်။ အများပိုင်မြေခေါင်းစဉ်သည် လုံခြုံမှုမရှိပါဟူသော ပုံစံဖြင့်ဖော်ပြခဲ့ပြီး ၎င်းတို့အား ရွေးချယ်စရာ အနေဖြင့် တစ်ဦးတစ်ယောက်ချင်းမြေပိုင်ဆိုင်ခွင့်များအား အသိအမှတ်ပြုခံခြင်း သို့မဟုတ် မည်သည့်အခွင့်အရေးမျှမရရှိနိုင် ခြင်း အစရှိသည့်ပုံစံများဖြင့် ဖော်ပြခဲ့သောကြောင့်ဖြစ်သည်။



ပုံ(၁၇) – အမိန့်-၀၁ အား အကောင်အထည်ဖော်ခဲ့ပြီး အရှုပ်အထွေးများစွာရှိခဲ့သော ရတနာကီရီပြည်နယ်၊ တိုင်အာကျေးရွာရှိ တမ်ပေါင်းဒေသခံအစုအဖွဲ့။

## မြေလပ်များ၊ ဘာသာရေးဆိုင်ရာ သစ်တောမြေများ နှင့် သချိုင်းသစ်တောမြေ ပိုင်ဆိုင်ခွင့်များအား ဆုံးရှုံးခြင်း

အမိန့်-၀၁အောက်တွင်မြေတိုင်းဆင်းနေကြသော ကျောင်းသားများသည် သစ်ပင်ကြီးများရှိနေသော မြေများကိုပါ ထည့်သွင်းရန် ငြင်းဆိုကြသည်။ အကြောင်းအရင်းမှာ ၎င်းတို့သည် လက်ရှိတွင် အသုံးမပြုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မြေလပ်များသည် အများပိုင်ဆိုင်ခြင်းခေါင်းစဉ်တွင် ပါဝင်နိုင်ပါသော်လည်း တစ်ဦးချင်းပိုင်မြေများခေါင်းစဉ်အောက်တွင် အကျုံးမဝင်ပါ။[၁၀၂] အလားတူပင် ဘာသာရေးဆိုင်ရာသစ်တောမြေများနှင့် သချိုင်းသစ်တောမြေများသည် အမိန့်-၀၁ အောက်တွင်အကျုံးမဝင်ပါ။ ဆက်လက်ပြီး ယေဘုယျအားဖြင့် အချို့သောနေရာများမှ အင်တာဗျူးခံရသော ရွာသူ၊ရွာသားများ၏ အဆိုအရ အမိန့်-၀၁ ထွက်လာပြီးကတည်းက သစ်တောများအား အသုံးပြုရန်အတွက် ပိုမိုတင်းကြပ်လာပါသည်ဟု ပြောဆိုကြပါသည်။

## မြင့်တက်လာသော မြေဆုံးရှုံးမှုများ၊ ယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အန္တရာယ်များ

အများပိုင်ဆိုင်ခြင်းခေါင်းစဉ်အောက်တွင်ရှိသော မြေများသည် ခွဲခြားပိုင်းဖြတ်ရောင်းချခြင်း ပြုလုပ်၍ မရပါ။ တစ်ဦးတစ်ယောက်ပိုင် ပုဂ္ဂလိကမြေများမှာမူ ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍ လွတ်လပ်စွာအသုံးပြုနိုင်သည်။ တစ်ဦးတစ်ယောက်ပိုင်မြေများအဖြစ် ကိုင်ဆောင်ထားခြင်းသည် အကြွေးများကြောင့်သော်လည်းကောင်း၊ ငွေရရှိရန်အတွက်ဖြင့်သာ မြေအားရောင်းချခြင်းကြောင့်သော်လည်းကောင်း မြေအား ဆုံးရှုံးနိုင်ခြေရှိသည်ဟု အမိန့်-၀၁ အတိုင်းလိုက်လံဆောင်ရွက်ရန်ငြင်းဆိုပြီး ၎င်းတို့၏ အများပိုင်မြေတောင်းဆိုခြင်းကိုသာ ဆွဲကိုင်ထားခဲ့သော ဒေသခံအစုအဖွဲ့ဝင်များမှ ပြောကြားကြပါသည်။ မိုင်းနန်၏ လေ့လာချက်များအရ[၁၀၅] “ဒေသခံအစုအဖွဲ့ဗဟိုပြု”ပိုဖြစ်သော ဘူနွန်လူမျိုးအတွက် မြေရောင်းချခြင်းများသည် အလွယ်တစ်ကူ ငွေရရှိရန်နည်းလမ်းတစ်ခုဖြစ်သည်ဆိုသည်ထက် ဆင်းရဲမွဲတေမှုသို့ဦးတည်သော လမ်းကြောင်းတစ်ခုအဖြစ်သာ မြင်ကြသည်” ဟု ဖော်ပြထားပါသည်။ ပို၍ “ရိုးရာ”အား အလေးထားသော ဘူနွန် များအတွက်မှာမူ မြေယာဟူသည်မှာ ၎င်းတို့၏ အမှတ်အသား နှင့် နောင်အနာဂတ် အသက်မွေးဝမ်းကြောင်းအတွက် အခြေခံကျသောအရာဖြစ်သူဟု မှတ်သားထင်မြင်ကြသည်။ မြေယာကိစ္စများတွင် ပါဝင်ပတ်သက်ရန်အတွက်မှာမူ ၎င်းတို့အတွက်ကိုယ့်ကျင့် တရားနှင့်ဆိုင်သော ပြဿနာတစ်ခုဖြစ်သည်။ ထို့အပြင် အများပိုင်ဆိုင်မြေခေါင်းစဉ်သည် ၎င်းတို့၏ မြေများနှင့် ယဉ်ကျေးမှုများအား တိုက်စားခံရခြင်းအား ကူညီကာကွယ်ပေးနိုင်သည်ကိုလည်း သိရှိကြသည်။

ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်အစီအစဉ်များသည် မျိုးစုံသော ခွင့်ပြုချက်များ၊ အသုံးပြုခြင်းနှင့် ဒေသခံအစုအဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှုအခွင့်အရေးများ အဓိပ္ပါယ်သတ်မှတ်ခြင်းများအတွက် များသောအားဖြင့် ရှုပ်ထွေးနေပါသည်။ အများပိုင်မြေများအပေါ်တွင် ခွင့်ပြုချက်၊ အသုံးပြုခွင့်များနှင့် သစ်တောများသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် မရှိမဖြစ်အရေးပါသည်။ ထို့ကြောင့် အမိန့်-၀၁ အောက်တွင်ရှိသော တစ်ဦးတစ်ယောက်ပိုင် ပုဂ္ဂလိကမြေခေါင်းစဉ်၏ နောက်ထပ် ပြဿနာတစ်ခုမှာ “၎င်းသည် ရှုပ်ထွေးသော ဒေသခံမြေအသုံးပြုမှုပုံစံများနှင့် စီမံခန့်ခွဲမှုများအား အနောက်တိုင်းပိုင်ဆိုင်မှုဆိုင်ရာ အယူအဆသဘောတရားများပုံစံဖြင့် လွယ်ကူရိုးရှင်းစွာဖော်ပြထားသည်။ […]ယင်းကြောင့် မြေအသုံးပြုသူအများအပြားနှင့် ၎င်းတို့၏ အခွင့်အရေးများသည် ပုဂ္ဂလိကပိုင်အဖွဲ့အစည်းတစ်ခုတည်း၏ ဖယ်ရှားပစ်ခြင်းကိုခံခဲ့ရသည်။ […] ဘုံအရင်းအမြစ်များအား လိုအပ်၍ ထိခိုက်လွယ်ပြီး ဖယ်ကျဉ်ထားခြင်းခံရသည့် ကမ္ဘောဒီးယားလူမျိုးများ၏ လုံခြုံစွာအသုံးပြုခွင့်များမှာ ပုဂ္ဂလိကပိုင် မြေခေါင်းစဉ်တပ်ခြင်း၊ စီပွားရေးလုပ်ငန်းများအတွက် ပြန်လည်နေရာချထားခြင်းနှင့် မြေဈေးကွက်များ၏ မျက်ကွယ်ပြုခြင်းခံခဲ့ရသည်။ […] မျှဝေအသုံးပြုမှုအား ခွင့်ပြုခြင်းအားဖြင့် ဓလေ့ထုံးတမ်း အစီအစဉ်များသည် အရင်းအမြစ်များအား ဒီဂရီအတိုင်းအတာတစ်ခုအထိ ညီမျှသော အသုံးပြုခွင့်ကိုရရှိစေရန် ပံပိုးပေးသည်။ အရင်းအမြစ်လိုအပ်သူများအား ယင်းအရင်းအမြစ်များကို အသုံးမပြုရန် ပိတ်ပင်ခြင်းဖြင့် မြေယာမဲ့မှု၊ မြေယာအပိုင်စီးမှုများနှင့် မြေယာမလုံခြုံမှုများ ဖြစ်ပေါ်စေပါသည်။

## ဖိလစ်ပိုင်

၂၀၁၀ခုနှစ် လူဦးရေသန်းခေါင်းစာရင်းတွင် တိုင်းရင်းသားလူမျိုးကွဲများဟု အသုံးပြုထားသော်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ဌာနေတိုင်းရင်းသားလူဦးရေအား အများပြည်သူထံ တရားဝင်ထုတ်ပြန်ထားခြင်းမရှိပါ။ ဌာနေတိုင်းရင်းသားများ အရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၁၀% နှင့် ၂၀% ရာခိုင်နှုန်း သို့မဟုတ် ၁၀ သန်း မှ ၂၀ သန်းအထိ ရှိပါသည်ဟု ခန့်မှန်းရပါသည်။ ၎င်းတို့သည် မြောက်ဘက် လူဇွန်ကျွန်းရှိ ကော်ဒီယာတောင်များနှင့် တောင်ဘက်ရှိ မင်ဒါနိုကျွန်းတွင် ပျံ့နှံနေထိုင်ကြသည်။ ပလာဝမ်နှင့် မင်ဒိုရိုကျွန်း၊ ဗီဆာရာစ်ကျွန်းများနှင့် လူဇွန်ဒေသအနှံ့အပြားတွင်လည်း အနည်းငယ် နေထိုင်ကြပါသည်။



ပုံ(၁၈) – ရိုးရာပွဲတစ်ခုအား တက်ရောက်လာသော ကော်ဒီယာအပိုင်းမှ ကန်ကနာရီအမျိုးသားများ

ဖိလစ်ပိုင်နိုင်ငံ၏ ၁၉၈၇ခုနှစ် အခြေခံဖွဲ့စည်းပုံတွင် ဌာနေတိုင်းရင်းသားများ၊ ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေများ၊ ဌာနေတိုင်းရင်းသားရိုးရာ အဖွဲ့အစည်းများနှင့် အလေ့အထများအား အသိအမှတ်ပြုထားပါသည်။ ၁၉၉၇ခုနှစ်တွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာအက်ဥပဒေ(IPRA)ဟု လူအများသိရှိကြသော နိုင်ငံတော်အက်ဥပဒေ ၈၃၇၁အားပြဋ္ဌာန်းခဲ့ပါသည်။ ယင်းအား ဌာနေတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အစည်းများ သို့မဟုတ် ဌာနေတိုင်းရင်းသားများ (ICC/IP)ဟူ၍ IPRA အတွင်း ရည်ညွှန်းထားသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရန်အတွက် တိုးတက်ကောင်းမွန်ဆုံးသသော အမျိုးသားဥပဒေများအတွင်းမှ တစ်ခုအဖြစ် ရှုမြင်ကြသည်။ ယင်းသည် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းသောဖွံ့ဖြိုးမှု ရရှိပိုင်ခွင့်နှင့် ၎င်းတို့အပေါ်သက်ရောက်နိုင်သော မည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကိုမဆို လွတ်လပ်သော၊ ကြိုတင်အသိပေးခွင့်ပြုချက်များအပါအဝင် အမွေဆက်ခံခွင့်ကိုပါအသိအမှတ်ပြုထားပါသည်။ယင်းသည်ဌာနေတိုင်းရင်းသားများ၏ဘိုးဘွားပိုင်နယ်မြေများ (သတ္တုနှင့် အခြားအဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ခွင့်အပါအဝင်) များကိုပါ အသိအမှတ်ပြုထားပြီး ဥပဒေတွင် ဘိုးဘွားပိုင်မြေများအား တိတိကျကျတိုင်းထွာသတ်မှတ်ခြင်းနှင့် ခေါင်းစဉ်တပ်ခြင်းဆိုင်ရာ ယန္တရားများကိုလည်း ဖော်ဆောင်ထားပါသည်။ IPRA သည် ၎င်း၏ အကောင်

အထည်ဖော်ဆောင်ရွက်ရေး အေဂျင်စီအဖြစ် ဌာနေတိုင်းရင်းသားများဆိုင်ရာ အမျိုးသားကော်မရှင်ရုံး(NCIP)ကိုလည်း ဖွင့်လှစ်ခဲ့ပါသည်။

NCIP၏ အဓိကတာဝန်များအတွင်းမှ တစ်ခုသည် ဘိုးဘွားပိုင်မြေများအားနယ်နမိတ် တိတိကျကျသတ်မှတ်ရန်နှင့် စုပေါင်းမြေရပိုင်ခွင့်အတွက် ဘိုးဘွားပိုင်နယ်မြေလက်မှတ်များ(CADT)အား ထုတ်ပေးခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ချင်း၊ မိသားစုလိုက် သို့မဟုတ် မျိုးနွယ်စုအလိုက် အတွက် ဘိုးဘွားပိုင်မြေလက်မှတ်များ (CALT) ထုတ်ပေးခြင်းဖြစ်သည်။ CLAT အားတောင်းဆိုမှု နှင့် ထုတ်ပေးမှုများမှာ လူဖွန်မြောက်ပိုင်း ကော်ဒီယာဒေသတွင် အများဆုံးဖြစ်သည်။ နိုင်ငံ၏ အခြားသောနေရာအနည်းအကျဉ်းတွင်သာ CADT အား ကြိုက်နှစ်သက်ကြသည်။ ယင်း ဒေသအလိုက်မတူညီကွဲပြားမှုများသည် ပစ္စည်းဥစ္စာများ ဆက်စပ်မှု၊ စီမံလုပ်ပိုင်ခွင့်အစီအစဉ်များနှင့် ဒေသအရပ်ရပ်တွင် ပြန့်နှံ့နေသော လူမှုအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကွဲပြားမှုများအား ထင်ပေါ်လာစေရန် ဖြစ်သည်။

၂၀၁၅ ခုနှစ်အထိ NCIP သည် CADT 158 ခု နှင့် CALT 258 ခုအထိ ထုတ်ပေးခဲ့သည်။ စုစုပေါင်းအကျယ်အဝန်း ၄.၃ သန်းဟက်တာကျော် သို့မဟုတ် ဖိလစ်ပိုင်နိုင်ငံ မြေစုစုပေါင်း၏ ၁၄% ရာခိုင်နှုန်းအထိဖြစ်သည်။ လျှောက်လွှာ ၅၅၇ ခုမှာမူ လျှောက်ထားဆဲအဖြစ် စောင့်ဆိုင်းနေဆဲဖြစ်သည်။[၁၁၀]



ပုံ(၁၉) – ပွဲတော်တစ်ခုတွင် မူဒစ်ဆာလက်အမျိုးသား နှင့် အမျိုးသမီးများ ရိုးရာအဝတ်တန်ဆာများ ဝတ်ဆင်ထားပုံ။ မူဒစ်ဆာလက်လူမျိုးများသည် မင်ဒါနိုတွင် ဘိုးဘွားပိုင်နယ်မြေခေါင်းစဉ်အား ပထမဦးဆုံးရရှိခဲ့သည့် ဌာနေတိုင်းရင်းသားများအတွင်းမှ တစ်ဖွဲ့အပါအဝင်ဖြစ်သည်။

IPRA သည် ဘိုးဘွားပိုင်နယ်မြေပိုင်ဆိုင်ခွင့်အား ဇာတိမြေခေါင်းစဉ်ဖြင့် အသိအမှတ်ပြုထားသည်။[၁၁၁] ယင်းအား ရည်ညွှန်းအဓိပ္ပါယ်ဖွင့်ဆိုရာတွင်[၁၁၂]

> သိမ်းပိုက်ခြင်းမခံရမှီကပင် မှတ်မိနိုင်သမျှICCs/IPsများ၏ ကိုယ်ပိုင်ပိုင်ဆိုင်မှုများအောက်တွင်ရှိခဲ့သော မြေယာများနှင့် နယ်မြေများပိုင်ဆိုင်ခွင့်များ၊ မည်သည့်အချိန်ကမျှ ပြည်သူပိုင် မဖြစ်ခဲ့သော မြေယာများနှင့် နယ်မြေများပိုင်ဆိုင်ခွင့်များအား စပိန်လူမျိုးများသိမ်းပိုက်ခဲ့စဉ်ကာလများမတိုင်ခင်ကပင် ရှိခဲ့သည့် အလေ့အထများအတိုင်း သေချာစွာမှတ်ယူရမည်။

IPRA သည် ဘိုးဘွားပိုင်နယ်မြေများအား ဇာတိမြေခေါင်းစဉ်အဖြစ်နှင့် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်မြေများအဖြစ် အသိအမှတ်ပြုလိုက်သောကြောင့် ယင်းသည် ဘိုးဘွားပိုင်မြေများမှာ မည်သည့်အချိန်ကမျှ ပြည်သူပိုင်မြေနှင့် နိုင်ငံပိုင်ပစ္စည်း မဖြစ်ခဲ့ပါဟု အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။ ဘိုးဘွားပိုင်နယ်မြေတစ်ခုသည် ပြည်သူပိုင်မြေများနှင့် ပိုင်ရှင်ပြောင်းလဲနိုင်သောမြေများ (ဆိုလိုသည်မှာ နိုင်ငံတော်ပိုင်မြေများ)အား သာမန်ပြောင်းလဲလိုက်ခြင်းဖြင့် ဖန်တီးထားခြင်းမဟုတ်ပါ။ ယင်းအား ဘိုးဘွားပိုင်နယ်မြေခေါင်းစဉ်အား ထုတ်ပေးခြင်းဖြင့် ယင်းမြေများ၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများနှင့် ဌာနေတိုင်းရင်းသားတစ်ဖွဲ့၏ ပိုင်ဆိုင်မှုမြေဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လက်ခံ၍ တရားဝင်အသိအမှတ်ပြုပြီးမှသာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဘိုးဘွားပိုင်နယ်မြေအခွင့်အရေးများသည် ပြည့်စုံသည့် နယ်နမိတ်ပိုင်ဆိုင်ခွင့်များဖြစ်သည်။ IPRA ၏အကောင်အထည်ဖော်ဆောင်ခြင်း စည်းမျဉ်း စည်းကမ်းများအရ[၁၃၄]

> ဘိုးဘွားပိုင်နယ်မြေ/မြေများဟုဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်သာမကဘဲ ICCs/IPs များ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဆက်နွယ်မှုများအပါအဝင် ၎င်းတို့၏ ပိုင်ဆိုင်မှုအဖြစ်ကြေညာပြီး နေထိုင်အသုံးပြုလျက်ရှိသော ဝန်းကျင်တစ်ခုလုံးပါဝင်သည်ဟူသည့် နယ်နမိတ်သဘောတရားများပါဝင်သည်။ ဘိုးဘွားပိုင်နယ်မြေများတွင် မြေများ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းဘေးဒေသများ၊ သတ္တုနှင့် သဘာဝအရင်းအမြစ်များ ပါဝင်ကြသည်။

ဘိုးဘွားပိုင်မြေပိုင်ဆိုင်မှုများအတွင်းတွင် ပိုင်ဆိုင်မှုအခွင့်အရေးများ၊ မြေယာဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်များအား ရှာဖွေအသုံးပြုခွင့် (၎င်းတို့၏ ရှာဖွေတူးဖော်ခြင်းများအတွက် လိုက်နာရမည့် စည်းကမ်းချက်များနှင့် သဘောတူညီချက်များအား ညှိနှိုင်းပိုင်ခွင့်များပါဝင်သည်။)၊ ၎င်းတို့၏ နယ်နမိတ်အတွင်း နေထိုင်ခွင့်၊ ရွှေ့ပြောင်းနေထိုင်ခွင့်၊ ရွှေ့ပြောင်းဝင်လာကြသူများအား ကြည့်ကြပ်ပိုင်ခွင့်၊ သန့်ရှင်းပြီး စိတ်ချရသော လေနှင့် ရေ ရရှိပိုင်ခွင့်၊ ထိန်းသိမ်းရေးမြေများထားရှိနိုင်ခွင့်နှင့် ပဋိပက္ခများအား ၎င်းတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေအတိုင်း ဖြေရှင်းပိုင်ခွင့်များ ပါဝင်ပါသည်။[၁၃၅]

ဌာနေတိုင်းရင်းသားများဘိုးဘွားပိုင်မြေများအတွင်းရှိ မည်သည့် သဘာဝအရင်းအမြစ်ကိုမဆို ရိတ်သိမ်းခြင်း၊ တူးဖော်ထုတ်ယူခြင်း၊ ဖွံ့ဖြိုးရေး သို့မဟုတ် အသုံးပြုခြင်းများအတွက် ဌာနေတိုင်းရင်းသားများတွင် ဦးစားပေးအခွင့်အရေးရှိသည်ဟု IPRA တွင် ရှင်းလင်းစွာဖော်ပြထားပါသည်။



ပုံ(၂၀) – မင်ဒါနိုကျွန်း ရှိ စူဘာနမ် လူမျိုးများ၏ ရိုးရာခေါင်းဆောင် တီမွေဘာရာလီရီ နှင့် NCIP ၏ ဘိုးဘွားပိုင်နယ်မြေများရုံးမှ ဒါရိုက်တာဟောင်း မရနာ အယ်ခါးအိုဂက်စ်တို့မှာ ၂၀၀၈ ခုနှစ်တွင် လက်ဘာဂန် ရှိ စူဘာနမ် များအား CADT ထုတ်ပေးခဲ့ခြင်းအား ပြသနေပုံ။

FPICရပိုင်ခွင့်များနှင့်အတူ CADTများနှင့် CALTများသည် ဌာနေတိုင်းရင်းသားအစုအဖွဲ့မျာအား ၎င်းတို့၏ မြေများနှင့် အရင်းအမြစ်များအား ၎င်းတို့ရပိုင်ခွင့်ရှိကြောင်း ဖော်ပြကြေညာရန်နှင့် ခုခံကာကွယ်ရန် တရားဝင်တန်ဆာပလာများအဖြစ် အထောက်အကူပေးသည်။ CADTအနေဖြင့် မလိုလားသော ကြားဖြတ်ဝင်ရောက်မှုများအား အမြဲတမ်း အပြည့်အဝကာကွယ်ပေးနိုင်ခြင်း မရှိပါသော်လည်း "၎င်းသည် ရင်နှီးမြှုပ်နှံမှု ဝင်ရောက်လုပ်ဆောင်နိုင်မှုပုံစံများကို ရင်းနှီးမြှုပ်နှံသူများနှင့် ဌာနေတိုင်းရင်းသားအစုအဖွဲ့များအကြား ညှိနှိုင်းရာတွင် ဌာနေတိုင်းရင်းသားများ၏ ညှိနှိုင်းနိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်သည်။ အဆိုးရွားဆုံးအခြေအနေမျိုးများတွင်ပင်မှု ၎င်းတို့၏ ကိုယ်ပိုင်ပြန်လည်အခြေချ နေထိုင်ခြင်းနှင့် လျော်ကြေးပေးလျှော်မှုများကိုပင် ညှိနှိုင်းနိုင်သည်။"[၁၁၇] CADTရှိထားခြင်းသည် ရပ်ရွာအစုအဖွဲ့များမှ ကာကွယ်ရေးဧရိယာ အာဏာပိုင်များနှင့် ညှိနှိုင်းခြင်းများ ဆောင်ရွက်သည့်အခါ ၎င်းတို့အား ပို၍အားသာစေသည်။ ရွှေ့ပြောင်းနေထိုင်သူများနှင့် ကိုင်တွယ်ဖြေရှင်းရသည့်ဖြစ်ရပ်များတွင်လည်း မိမိတို့ကိုယ်ကို ပိုမိုယုံကြည်မှုရှိစေသည်။[၁၁၈] သို့ပါသော်လည်း CADTတစ်ခုသည် ဌာနေတိုင်းရင်းသားတို့ ရင်ဆိုင်နေရသော ပြဿနာများအားလုံးကို မဖြေရှင်းပေးပါ။ ၎င်းတို့သည် ဆင်ခြင်ရင်ဆိုင်သင့်သော စိန်ခေါ်မှုများနှင့် ကြုံတွေ့နေသည်ဟု Wenk ဟူသော ပညာရှင်တစ်ဦးမှ လျောက်ပတ်သလို အကျဉ်းချုံ့ ထားသည်–

ခေါင်းစဉ်တပ်ခြင်း၏ ကြီးမားသောအောင်မြင်မှုကြီးပြီးမှ အမှန်တစ်ကယ်အလုပ်စပါသည်ဟု ပြောရလောက်အောင်ပင် ခေါင်းစဉ်ကိုင်ဆောင်ထားသူများအနေဖြင့် ကြီးမားသော အစိတ်အပိုင်းများစွာကို ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြရသည်။ မြေနယ်နမိတ်စီမံခန့်ခွဲခြင်းမှာ ပဋိပက္ခများဖြစ်နေသော တောင်းဆိုမှုများသည် ပြည့်နှက်နေပြီး အလွန်ပင်ရှုပ်ထွေးနေခဲ့ပါသည်။ CADT ကိုင်ဆောင်ထားသူများသည်မြေအားပြင်ပမှစိတ်ဝင်စားနေသူများနှင့်လည်းရင်ဆိုင်ရသည်၊အတွင်းတွင်နေထိုင်နေကြသူများကိုလည်း ဖြေရှင်းပေးရသည်၊ မြေအပြိုင်တောင်းဆိုမှုများနှင့် တစ်ဦးတစ်ယောက်စီအတွက် ပြန်လည်နေရာချထားပေးရေးများနှင့်လည်းကြုံရသည်၊ အာဏာအား လက်လွှဲမပေးလိုသော ဒေသခံအစိုးရယူနစ်များဖြင့်လည်းကောင်း၊ အနီးနားပတ်ဝန်းကျင်အဖွဲ့များမှ မြေအပြိုင်တောင်းဆိုမှုများဖြင့်လည်းကောင်း၊ ဒေသခံအစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့်လည်းကောင်း၊ ၎င်းတို့အတွက် အလုပ်လုပ်ပေးနေသော ရှေ့နေများနှင့် ဆန့်ကျင်နေသော ရှေ့နေများဖြင့်လည်းကောင်း၊ ၎င်းတို့၏ ကိုယ်ပိုင်စီမံခန့်ခွဲရေးအဖွဲ့အတွင်းမှာပင် ပြဿနာရှာတတ်သော ခေါင်းဆောင်များဖြင့်လည်းကောင်း၊ အကြီးမားဆုံးအဖြစ် သဘာဝအရင်းအမြစ်ဆိုင်ရာ မေးခွန်းများ၊ စီးပွားရေးဆိုင်ရာ ပြဿနာများ၊ အလုပ်လက်မဲ့များနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် အခြားများစွာသော ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

CADT ကိုင်ဆိုင်ထားသူများ၏ ရင်ဆိုင်ရသောစိန်ခေါ်မှုများသည် IPRAကိုယ်တိုင်နှင့် ၎င်းအားအကောင်ထည်ဖော်ဆောင်ခဲ့ခြင်းဆိုင်ရာ အခြေခံအားနည်းချက်များကြောင့်ဖြစ်သည်။ ရှာဖွေတွေ့ရှိခဲ့သည့် အချို့သောအဓိက ပြဿနာများအား နောက်ဆက်တွဲစာပုဒ်များတွင် အကျဉ်းချုံ့ဖော်ပြထားသည်။

## အခွင့်အရေးနှင့်တကွ မရှိမဖြစ် တာဝန်ဝတ္တရားများ

IPRAတွင် ဖော်ပြထားသော ဘိုးဘွားပိုင်နယ်မြေပိုင်ဆိုင်ခွင့်များနှင့်အတူ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများလည်း ရှိပါသည်။ ယင်းအား အခန်း–၃၊ အပိုင်း–၉ "ဘိုးဘွားပိုင်နယ်မြေပိုင်ဆိုင်ခွင့်များ" တွင် ဖော်ပြထားပါသည်။ "ထိန်းသိမ်းရန်၊ ပြန်လည်ဖြည့်သွင်းရန်၊ ညီမျှသော ဂေဟစနစ်တစ်ခုဖြစ်ရန်ပြုပြင်ထိန်းသိမ်းရန်"နှင့် "ကွက်လပ်မြေနေရာများတွင် သစ်တောများပြန်လည်ထူထောင်ခြင်းနှင့် အခြားဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စီမံကိန်းများအား တက်တက်ကြွကြွဖြင့် စတင်ပြီး တာဝန်ယူလက်ခံပြီး ပါဝင်ဆောင်ရွက်ရမည်။" ဟူသည့် တာဝန်ဝတ္တရားများလည်း ပါဝင်ပါသည်။ "ရိုးရာအတိုင်း ဝင်ရောက်နေထိုင်နေသော၊ ပိုင်ဆိုင်ထားသော သို့မဟုတ် အသုံးပြုခဲ့သော မြေနှင့် နယ်နမိတ်များအား ဖွံ့ဖြိုးရေးများဆောင်ရွက်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် အသုံးပြုခွင့်" သည် "နယ်နမိတ်အတွင်းရှိ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲခွင့်၊ ထိန်းသိမ်းထားခွင့်နှင့် အနာဂတ်အမျိုးဆက်များအတွက် တာဝန်ဝတ္တရားများအတိုင်း ထိန်းသိမ်းစောင့်ရှောက်ခွင့်"[၁၂၀] များနှင့် ချိတ်ဆက်နေပါသည်။ အလားတူပင် "ဧရိယာအတွင်းမှ သဘာဝအရင်းအမြစ်များရှာဖွေတူးဖော်ခြင်းနှင့် ပတ်သက်သော လိုက်နာရမည့် စည်းကမ်းချက်များနှင့် သဘောတူညီချက်များကို ညှိနှိုင်းခွင့်"ကိုလည်း "အမျိုးသားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများနှင့်အညီ ဂေဟဗေဒအား ထိခိုက်မှုမရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးအစီအမံများအတွက် ရည်ရွယ်၍"[၁၂၁] ခွင့်ပြုပေးခြင်း

ဖြစ်သည်။ ဤသို့ဖြင့် ဆိုလိုသည်မှာ CADT ရရှိပြီးသော ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏မြေများနှင့် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ ၎င်းတို့စိတ်တိုင်းကျ ပြုလုပ်ခွင့်မရှိဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံများတိုင်း ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ထို့ကြောင့် IPRAသည် “သဘာဝအရင်းအမြစ်များ လျော့နည်းလာခြင်းအတွက် ဒေသခံပြည်သူများမှ အမှန်တစ်ကယ် တာဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းနှစ်ရပ်စလုံးအား ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများအား တာဝန်ပေးအပ်ထားသည်။”[၁၁၂]

## ဥပဒေ နှင့် တောင်းဆိုမှုများ၊ ဗျူရိုကရေစီ ယန္တရားနှင့် နိုင်ငံ၏ ထိန်းချုပ်ခွင့်အား ဖြည့်စည်းအပြီးသတ်ခြင်း

IPRAသည် ဌာနေတိုင်းရင်းသားများအစုအဖွဲ့များအနေဖြင့် ကြိုတင်ဝင်ရောက်နေထိုင်ပြီးဖြစ်ကြောင်း သက်သေပြရန်အတွက် CADTလာရောက်လျှောက်ထားကြသော ယင်းဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ တာဝန်အဖြစ် သတ်မှတ်ထားသည်။ ဤဖြစ်ရပ်နှင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်ခြင်းဆိုင်ရာအဆင့်ဆင့်သည် အလွန်ဗျူရိုကရေစီကျပြီး ရှုပ်ထွေးကာ အကုန်အကျများလွန်းပါသည်။ ထို့အပြင် အငြင်းပွားစရာများဖြစ်နေသော အစိုးရ၏ မူဝါဒများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များသည်လည်း CADTတစ်ခု သို့မဟုတ် CALTတစ်ခု ထုတ်ပေးရာတွက် နှောင့်နှေးစေပါသည်။ ဆက်လက်ပြီး မတူညီသော ဥပဒေများဖြစ်သော အမျိုးသားပေါင်းစည်းသဘာဝထိန်းသိမ်းရေးနယ်မြေစနစ်များ(NIPAS)ဥပဒေ၊ ၁၉၉၅ ခုနှစ် သတ္တုတူးဖော်ရေး အက်ဥပဒေ သို့မဟုတ် မြေယာပြုပြင်ပြောင်းလဲရေးဥပဒေများသည် မြေများအား တရားစီရင်ရေးတွင် IPRAနှင့် နှစ်ဘက်ထပ်နေသောကြောင့် အငြင်းပွားစရာများဖြစ်နေပါသည်။[၁၂၄]

အပိုင်း–၅၂ ဈ/၁အရ NCIP၏ အသိပေးကြေညာချက်မှတစ်ဆင့် IPRA မှ ယင်းအားဖော်ပြထားသည်တွင် ဘိုးဘွားပိုင်နယ်မြေတစ်ခုဖြစ်သော ဧရိယာတစ်ခုတွင် အခြားအေဂျင်စီများ၏ (အစိုးရဌာနဆိုင်ရာများ) (အချို့မှာ – စိုက်ပျိုးရေးပြုပြင်ပြောင်းလဲမှုဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များ ဦးစီးဌာန၊ ပြည်ထဲရေးနှင့် ဒေသန္တရအစိုးရဌာန၊ အမျိုးသားဖွံ့ဖြိုးမှုဆိုင်ရာကော်ပိုရေးရှင်း အစရှိသည်ဖြင့်။) ဒေသမြေနှင့် ပတ်သက်သော အခြေခံတရားစီရင်ရေးဆိုင်ရာအဆိုများအားလုံးကို ယင်းဘိုးဘွားပိုင်နယ်မြေအတွင်းတွင် ဖျက်သိမ်းလိုက်သည်။ ဆိုလိုသည်မှာ ဥပမာအားပေးရပါလျှင် ဘိုးဘွားပိုင်နယ်မြေများအဖြစ် ခေါင်းစဉ်တပ်ထားသော ပုဂ္ဂလိကပိုင်မြေများသည် ပြည်သူပိုင်သစ်တောမြေအဖြစ်နှင့် သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များဌာနတို့၏ အစိတ်အပိုင်းတစ်ခုနေဖြင့်မဟုတ်တော့ဘဲ ယင်းမြေများနှင့်ပတ်သက်ပြီး ဥပဒေအရလုပ်ဆောင်ခွင့်များ မရှိတော့ပါ။ သို့ပါသော်လည်း ယင်းသည် ဧရိယာအတွင်းရှိ အရင်းအမြစ်များအပေါ်တွင် ကြီးကြပ်ပိုင်ခွင့်အာဏာကို ဆက်လက်ထိန်းသိမ်းထားသည်။

ပြဿနာအများဆုံးဖြစ်စေသော အပိုင်းမှာ အပိုင်း–၅၆ ဖြစ်သည်။ “ယင်းတွင်ဖော်ပြထားသည်မှာ “ဘိုးဘွားပိုင်နယ်မြေများအတွင်း ရှိရင်းစွဲနှင့်/ သို့မဟုတ် ရှိနှင့်နေခဲ့ပြီးသော ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်များသည် ဤအက်ဥပဒေသက်ရောက်မှုအား အသိအမှတ်ပြု၍ လေးစားရမည်။” ထို့ကြောင့် ဌာနေတိုင်းရင်းသားများ၏ ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်များသည် အခြားရှိရင်းစွဲ အခွင့်အရေးများနှင့် ၎င်းတို့၏ ခေါင်းစဉ်တင်ရန်လျှောက်ထားချက်များအား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည့် နိုင်ငံတော်၏ အာဏာအောက်တွင်သာရှိသည်။ IPRAသည် ဘိုးဘွားပိုင်နယ်မြေများအား ဇာတိပကတိခေါင်းစဉ်များအဖြစ် အသိအမှတ်ပြုသော်လည်း (ထို့ကြောင့် ပြည်သူပိုင်မြေမဟုတ်ပါ) အချက်ကြောင့် “ရှိနှင့်ပြီးသော (ကိုလိုနီခေတ်မတိုင်မီ၊ ရှေးအချိန်က) ဌာနေတိုင်းရင်းသားအဖွဲ့များ၏ ဇာတိပကတိခေါင်းစဉ်အခွင့်အရေးများသည် ရှိနှင့်ပြီးသော (IPRA မတိုင်မီ) အခြားအမျိုးမျိုးသက်ဆိုင်သူများ၏ အခွင့်အရေးများအောက်တွင်သာရှိသည်ဟု ဆိုပါသဖြင့် ဖိလစ်ပိုင်နိုင်ငံအစိုးရအနေဖြင့် ဘိုးဘွားပိုင်နယ်မြေပြဿနာအား ကြိုးစားအားထုတ်မှုအပြည့်အဝမရှိဘဲ ချဉ်းကပ်ခဲ့ကြောင်းကို မြင်သာစေသည်။”[၁၂၅] IPRA အတွင်းရှိသော တစ်ပါးသူ၄ါအဖွဲ့အစည်းများ၏အခွင့်အရေးများအား အသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်းသည် “ဌာနေတိုင်းရင်းသားများအား ဖိနှိပ်ရန်အတွက် နောက်ထပ်အက်ဥပဒေတစ်ခုဟု နားလည်ရပြီး စပိန်ခေတ်ကတည်းကပင် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်ထားသော မြေများအား ဆုံးရှုံးသွားစေရန်အတွက် မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ရန်သာဖြစ်ပါသည်။”[၁၂၆]

နောက်ဆုံးတွင် ရှုပ်ထွေးသောစည်းမျဉ်းများနှင့် လိုအပ်ချက်များ၊ နှစ်ဘက်ထပ်နေသော ဥပဒေများနှင့် ဗျူရိုကရေစီကျသော ခေါင်းစဉ်တပ်ရန်လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအားဖြင့်နိုင်ငံတော်သည် “ဌာနေတိုင်းရင်းသားများအနေဖြင့်

ရှေးအချိန်များကတည်းက ၎င်းတို့ကိုယ်၌မှလည်းကောင်း၊ ၎င်းတို့၏ ဘိုးဘွားများမှတစ်ဆင့်သော်လည်းကောင်း အများပိုင် သို့မဟုတ် တစ်ဦးတစ်ယောက်ပိုင်အဖြစ် ICCs/IPs တို့မှ ပိုင်ဆိုင်မှုအဆိုအား ကိုင်ဆောင်ထားသော၊ ဝင်ရောက်နေထိုက်လျက်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော"[၁၂၇] IPRAမှ အသိအမှတ်ပြုထားပြီးဖြစ်သော ဌာနေတိုင်းရင်းသားများ၏ နယ်နမိတ်များအပေါ်တွင် ထိန်းချုပ်ခွင့်အား ကိုင်ဆွဲထားသည် (သို့မဟုတ် ပြန်လည်ရယူသည်)။ ဂတ်မေတန်[၁၂၈]၏ နိဂုံးချုပ်အရ–

> ခေါင်းစဉ်တပ်ခြင်းနှင့် ယင်းအပေါ်တွင်ခံစားရသော စိတ်လုံခြုံမှုအရ များသောအားဖြင့် ၎င်းအား အကျိုးအမြတ်တစ်ခုအနေဖြင့် သတ်မှတ်ဖော်ပြကြပြီး ယင်းမှာ ဖိလစ်ပိုင်နိုင်ငံ ဌာနေတိုင်းရင်းသားများအဖွဲ့များ၏ သီးခြား အတွေ့အကြုံများကြောင့်လည်း ဖြစ်နိုင်ပါသည်။ ၎င်း၏ အဖိုးအခများအတွက် ပေးဆပ်ရခြင်းကိုမူ အာရုံစိုက်မှု အင်မတန်နည်းကြသည်။ လုပ်ပိုင်ခွင့်များအား ညီညွတ်မျှတစေခြင်း၊ မြေနှင့် အရင်းအမြစ်များအား ရောင်းကုန်များအဖြစ် သွပ်သွင်းခြင်း၊ ဗျူရိုကရေစီဘဝများနှင့် နောက်ဆုံး နိုင်ငံ၏ ယန္တရားအောက်သို့ သွပ်သွင်းခံရခြင်း အစရှိသည်တို့ဖြစ်ကြသည်။

## အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးစိတ်ဓါတ်မရှိခြင်း

ယေဘုယျအားဖြင့် IPRAကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံရေးစိတ်ဓါတ်မရှိခြင်းနှင့် နိုင်ငံတော်နှင့် ဒေသခံအစိုးရ၏ နိုင်ငံရေးအထောက်အပံ့နည်းပါးခြင်းတို့ဖြစ်သည်။ ဌာနေတိုင်းရင်းသားများ အရေးအတွက်ဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း လွှမ်းမိုးမှုရှိပြီး တစ်ဆက်တည်းမှာဘဲ ဒေသခံအစိုးရနှင့် NCIPရုံးများကပါ အကူအညီအထောက်အပံများ ပိုမိုရရှိကြသည့် ကော်ဒီယာဒေသတွင် အောင်မြင်မှုပိုများသည်။[၁၂၉] ယေဘုယျအားဖြင့် နိုင်ငံရေးစိတ်ဓါတ်မရှိသောကြောင့် NCPIတွင် ငွေကြေးအထောက်အပံ့နှင့် ဝန်ထမ်းအင်အား မလုံလောက်မှုများစွာကို ကြုံတွေ့ရပြီး များသောအားဖြင့် ၎င်း၏ ဝန်ထမ်းများမှာလည်း လုပ်ငန်းများအား ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော စွမ်းရည်မရှိပါ။[၁၃၀] ထို့အပြင် အချို့သော NCIPဝန်ထမ်းများသည် အထောက်အကူမပေးသည့်အပြင် ဌာနေတိုင်းရင်းသားများအား ဖိနှိပ်ကာ မတူမတန်သလို ဆက်ဆံတတ်ကြပါသည်။[၁၃၁] အတွေ့အကြုံများ၏ ဖော်ပြချက်အရ ရှင်းလင်းမှုမရှိဘဲ နှစ်ဘက်ထပ်နေသော ပြဌာန်းချက်များကြောင့် ဌာနများအချင်းချင်း အငြင်းပွားစရာဖြစ်ရပ်များတွင် NCPAသည် "အာဏာသက်ရောက်နိုင်ခြင်းမရှိတော့ဘဲ ဘေးဖယ်ထားခြင်းခံလိုက်ရသည်။ ယင်းကဲ့သို့ ဘေးဖယ်ထားခြင်းခံရပြီး အာဏာသက်ရောက်နိုင်ခြင်းမရှိ နည်းလမ်းများဖြင့် ဌာနေတိုင်းရင်းသားများအား အလုပ်ကြွေးပြုရန် ပြဌာန်းထားပါသည်။ ယင်းသို့ဖိနှိပ်ဘေးဖယ်ခြင်းခံထားရသော NCIPအနေဖြင့် ၎င်းအား မှီခိုအားထားနေရသူများအတွက် ထိထိရောက်ရောက် အလုပ်အကြွေးပြုနိုင်မည်မဟုတ်ပါ။"[၁၃၂]

အမှန်တွင် IPRAအတွင်းပါရှိသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများသည် "အစိုးရနှင့် အာဏာရှိသူများ၏ အကျိုးအား ဆန့်ကျင်ရန်ဆောင်ရွက်လို့ရနေသည်ကို" အစိုးရအနေဖြင့် စတင်သိရှိသည့်အချိန်မှစ၍ မိမိတို့အား ကာကွယ်ရန်အတွက် ဥပဒေတွင်း "အခွင့်အရေးများ၏ အဓိပ္ပါယ်နှင့် လွှမ်းခြုံနိုင်မှုအကျယ်အဝန်းအား စတင်ကန့်သတ်ခဲ့ကြခြင်းဖြစ်သည်။"[၁၃၃] ယင်းဖြစ်ရပ်သည် ၂၀ဝ၀ခုနှစ်တွင်ချမှတ်ခဲ့သော နိုင်ငံတော်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်ဟူ၍လည်း ပြောဆိုကြသည်။ ယင်းတွင် ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုများသည် ရှင်းလင်းစွာ အသိအမှတ်ပြုခံခဲ့ရသည်၊ သို့သော် ၎င်းတို့မြေအတွင်းရှိ သဘာဝအရင်းအမြစ်များကိုမူ ရယူပိုင်ဆိုင်ခွင့်မရှိပါ။[၁၃၄] ယင်းသည် IPRAနှင့်၊ အကောင်အထည်ဖော်ဆောင်ရေး စည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်ဖက်ဖြစ်နေပါသည်။[၁၃၅] ရှာဖွေတွေ့ရှိခဲ့ရသော ဌာနေတိုင်းရင်းသားများ၏ မိမိတို့မြေများအားထိန်းချုပ်ခွင့်ကို အားနည်းစေသည့် အဓိကအချက်မှာ IPRAတွင် ပါဝင်သော လွတ်လပ်သော၊ ကြိုတင်အသိပေးခွင့်ပြုချက်တောင်းခံခြင်းနှင့် ပတ်သက်သော အစိုးရမှ ပြဌာန်းချက်များအား လျော့ရဲထားခြင်းဖြစ်သည်။

> IPRA အား "ပြင်ဆင်ပြီး" ဖြစ်ကြောင်းသွေးဆောင်ပြီး နိဂုံးချုပ်ကြိုးပမ်းထားသည်။ သို့သော် ယင်းအား ဖတ်ကြည့်မည်ဆိုပါလျှင် – "ဌာနေတိုင်းရင်းသားများဆိုင်ရာ ဥပဒေပြုရေး အမျိုးသားကော်မရှင်၊ ၎င်းအတွက်နှင့် အခြားရည်ရွယ်ချက်များအတွက် ဘဏ္ဍာရေးဆိုင်ရာခွဲဝေခြင်း။" "အသိအမှတ်ပြုရန်၊ ကာကွယ်ရန်နှင့် ဌာနေတိုင်းရင်းသားများ ယဉ်ကျေးမှုကော်မတီ/လူမျိုးများ၏ အခွင့်အရေးများအားမြှင့်တင်ရန်" ဟူသော စကားလုံးအသုံးအနှုန်းမှာ မည်သို့မည်ပုံဖြစ်သွားပါသနည်း။ ယင်းနောက်ဆုံးဖော်ပြချက်များသည် စာများဖြစ်သလို၊ ဥပဒေ၏ အတွင်းနှလုံးသား နှင့် ဝိညာဉ်လည်းဖြစ်သည်။




ပုံ(၂၁) – အရှေ့ဘက် မင်ဒိုရို၊ ကာလပန် တွင်ရှိသော NCIPA ဒေသရုံးခွဲ/ပြည်နယ်ရုံး။ ဝန်ထမ်းနှင့် ငွေကြေးအရင်းအမြစ်များမရှိခြင်းသည် NCIP လုပ်ငန်းများ၏ ထိရောက်မှုအား ကန့်သတ်ထားပါသည်။

## ကျူးကျော်ဝင်ရောက်ခြင်းအား အပြည့်အဝကာကွယ်နိုင်မှုမရှိခြင်းနှင့် မေးခွန်းထုတ်စရာကောင်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်

CADTတစ်ခုတည်းမှ ကျူးကျော်ခြင်းများအား ကာကွယ်ရန်အတွက် အာမခံချက်မပေးနိုင်ပါ။ လူဇုန်မြောက်ပိုင်းတွင် ဘတ်ကာလော့ များနှင့် လက်တွဲအလုပ်လုပ်စဉ်အချိန်က ရမ်း[၃၈] ၏ ရှာဖွေတွေ့ရှိခဲ့ခြင်းများအရ–

> ခေါင်းစဉ်တစ်ခုသည် စက္ကူစတစ်စသာဖြစ်သည်ဆိုသည်မှာ တစ်ကယ်အဖြစ်မှန်တစ်ခုဖြစ်သည်။ ၎င်းအနေဖြင့် ရှိရင်းစွဲအာဏာအချိုးမညီမျှမှုများကို ပြောင်းလဲနိုင်ခြင်းမရှိသလို ဌာနေတိုင်းရင်းသားများကိုလည်း အခွင့်အာဏာပေးနိုင်ခြင်းမရှိပါ၊ အလားတူပင် ၎င်းတို့၏ မြေနယ်နိမိတ်များကို ကျူးကျော်ဝင်ရောက်ခြင်းမှလည်း ကာကွယ်ပေးနိုင်ခြင်းမရှိပါ။ ခေါင်းစဉ်တစ်ခုသည် တရားဥပဒေအရလွှမ်းခြုံလိုက်သည့် အချိန်အမှတ်စ၍ ယင်းစိန်ခေါ်မှု အသစ်များဖြင့် ကြုံတွေ့ရခြင်းဖြစ်သည်။

ဆက်လက်ပြီး ရပ်တန်[၃၉]မှ အမှတ်မထင် သိရှိလိုက်ရသည်မှာ “CADT သည် ဌာနေတိုင်းရင်းသားပိုင်မြေများအား ကာကွယ်ရန်ထက် များသောအားဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဌာနေတိုင်းရင်းသားမြေများအား ဝင်ရောက်ခွင့်ရရှိရန်ကူညီပေးသော ယာဉ်တစ်စီးဖြစ်လာပါသည်။” CADTတစ်ခုသည် ရင်းနှီးမြှုပ်နှံသူများ၏အကျိုးအတွက် ဆွဲဆောင်နိုင်ပါသည်။ CADT လျှောက်ထားခြင်းအတွက် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ သို့မဟုတ် နိုင်ငံရေးသမားများသည် ရပ်ရွာအစုအဖွဲ့များအား ၎င်းတို့မှ အကူအညီပေးရန် လာရောက်ကမ်းလှမ်းနိုင်သည်။ ထို့နောက် ဌာနေတိုင်းရင်သားများအား ၎င်းတို့၏ အကျိုးအမြတ်အတွက် ပြန်လည်အသုံးချရန် ရပ်ရွာအစုအဖွဲ့ သို့မဟုတ် ဌာနေတိုင်းရင်းသားတို့၏ခေါင်းဆောင်အချို့နှင့် အပေးအယူပြုလုပ်ခြင်းများ သို့မဟုတ် ၎င်းတို့အကူအညီပေးထားခြင်းအား ပြန်လည်ရယူခြင်းအနေဖြင့် မြေနှင့် အရင်းအမြစ်များအား ဝင်ရောက်အသုံးပြုခွင့်များကို ရယူကြသည်။ ဆင်းရဲမွဲတေမှုနှင့် စာတတ်မြောက်နှုန်းနည်းနေခြင်းသည် ဝင်ငွေများ၊ ရေ၊ လမ်း၊ ကျန်းမာရေးဝန်ဆောင်မှုများ

အစရှိသည်တို့အား ထောက်ပံ့ပေးမည်ဟူသော ကုမ္ပဏီမှပေးသော ကတိကဝတ်များနှင့် ပတ်သက်၍ ဌာနေတိုင်းရင်းသားများအား အလွယ်တကူယုံကြည်နားယောင်ကြသည်။ ပြင်ပလူများမှ ဌာနေတိုင်းရင်းသားများ၏ နယ်မြေများအတွင်း ဝင်ရောက်လာခြင်းအတွက် ပြဋ္ဌာန်းထားသော FPICလုပ်ငန်းစဉ်များမှာ NCIPအရာရှိများ၏ မကြာခဏဆိုသလို ကုမ္ပဏီများအကျိုးအတွက် အသုံးချခြင်းခံရလေ့ရှိသည်။[၁၄၀] "ပိုင်ဆိုင်မှုများအား ဥပဒေဖြင့် တရားဝင်အသိအမှတ်ပြုခြင်းသည် နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများအတွက် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာအား အလိုလျောက်ရရှိပြီးဖြစ်သည်"[၁၄၁] ဟု ယူဆပြီး "မြေခေါင်းစဉ်တပ်ခြင်းသည် သမိုင်းကာလများကတည်းကပင် နိုင်ငံရေး သို့မဟုတ် စီးပွားရေးအတွက် တိုင်းပြည်၏ အချုပ်ခြာအာဏာနှင့် စီမံခန့်အုပ်ချုပ်ရေးအား တိုးချဲ့ရန်အတွက် ယန္တရားတစ်ခုဖြစ်ခဲ့ခြင်းအား။"[၁၄၂] အရေးမယူသည့်အတွက် ဂတ်မေတန်ကဲ့သို့သော စာရေးဆရာများက ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ဆိုင်ရာ ယန္တရားများမှာ ကောင်းမွန်ပြည့်စုံလွန်းသည့်အတွက် ပြဿနာဖြစ်ရခြင်းသာဖြစ်သည်ဟူ၍ မှတ်ယူနိဂုံးချုပ်ကြသည်။ ဆက်လက်ပြီး ၎င်းမှ ဖော်ပြထားသည်မှာ ဘိုးဘွားပိုင်မြေများတွင်သာ အလွန်အာရုံစိုက်နေကြပြီး "ကြီးမားပြီး ပို၍အခြေခံကျသော ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများအား လစ်လျူရှုနေပါသည်။"[၁၄၃] NCPI မှ "CLAT နှင့် CADTများအား တတ်နိုင်သမျှများများထုတ်ပေးနိုင်ရန်" ကြိုးစားနေသော်လည်း ၎င်းတို့သည် "မိမိတို့ထုတ်ပေးခဲ့သသော CADTများအား နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ ဒေသတွင်းအရင်းအမြစ်များအား ထိန်းချုပ်ရန် ယန္တရားများအနေဖြင့် အသုံးချခြင်းခံရချိန်တွင် ယင်း CADT များကို ကျောထောက်နောက်ခံပေးရန် အကြီးအကျယ် ငြင်းဆိုခဲ့သည်။"[၁၄၄]

## ဥပဒေရေးရာပုဂ္ဂိုလ်များ၊ ပြင်ပမှ ကြိုးကိုင်အသုံးချခြင်း၊ အဖွဲ့အတွင်း ကွဲထွက်နေခြင်းများနှင့် အထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက်အသုံးချခြင်းဆိုင်ရာ ပြဿနာများ။

ဌာနေတိုင်းရင်းသားအစုအဖွဲ့များနှင့် လူမျိုးများသည် တရားဝင် ခေါင်းစဉ်ကိုင်ဆောင်ထားကြသူများအဖြစ် အသိအမှတ်ပြုခြင်းခံထားရသည်။ IPRAမှ ဖော်ပြထားသည်မှာ CADTတစ်ခုသည် "ICCs/IPsများ၏ သတ်မှတ်ဖော်ထုတ်ပြီး တိတိကျကျ သတ်မှတ်ထားသော နယ်နိမိတ်များနှင့် သက်ဆိုင်သော ခေါင်းစဉ်အား အသိအမှတ်ပြုရမည်ဖြစ်သည်။"[၁၄၅] ထို့နောက် ယင်းသည်လည်း IPRA၏ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ရပါမည်။[၁၄၆]

> တိတိကျကျနေရာတစ်ခုတွင်ရှိသော ICCs/IPsများ၏ အဓိကအဖွဲ့ဝင်များသည် အသိအမှတ်ပြုပြီးဖြစ်သော ၎င်းတို့၏ ကိုယ်ပိုင်ခေါင်းဆောင်များ/ အကြီးအကဲများကောင်စီအားဖြတ်၍ ၎င်းတို့၏ ဘိုးဘွားပိုင်နယ်မြေများအတွက် အထောက်အထားများ၊ တိတိကျကျနေရာသတ်မှတ်ခြင်းနှင့် ဖော်ထုတ်ခွဲခြားခြင်းအတွက် ပြည်နယ်ရုံးမှတစ်ဆင့် NCIPနှင့်အတူ အသနားခံစာတစ်ခုကို တင်နိုင်ပါသည်။ အခြားမည်သည့်အဖွဲ့အစည်းကမျှ ဖော်ပြခဲ့သည့်အသနားခံစာအား လျှောက်ထားခြင်းမပြုရန်နှင့် ယင်းအသနားခံစာမှာ မှန်ကန်သည်ဖြစ်ကြောင်းသေချာစေရန်အတွက် အလားတူလျှောက်လွှာတစ်စောင်အား သက်ဆိုင်သည့် ICCs/IPs အကြီးအကဲများကောင်စီ သို့မဟုတ် လူအများယုံကြည်အသိအမှတ်ပြုကြသော ဦးဆောင်သည့်အဖွဲ့၏ အဖွဲ့ဝင်များအားလုံးမှ လက်မှတ်ထိုးရမည်ဖြစ်သည်။

လက်တွေ့တွင် CADTအား ကိုင်ဆောင်ထားသည့်အဖွဲ့များ သို့မဟုတ် ဒေသခံအစုအဖွဲ့များသည် များသောအားဖြင့် ဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများ၊ ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့ သို့မဟုတ် ဖောင်ဒေရှင်းတစ်ခုတို့ ဖြစ်ကြသည်။ ၎င်းတို့အများစုမှာ ဖိလစ်ပိုင်နိုင်ငံ၏ လုံခြုံရေးနှင့် လဲလှယ်ရေး ကော်မရှင်(SEC)တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည်။ ယင်းသို့ဆောင်ရွက်ထားခြင်းဖြင့် အခြားအကျိုးများစွာအတွင်းမှ ၎င်းတို့အား ၎င်းတို့၏အဖွဲ့အစည်းအမည်ဖြင့် ဘဏ်စာရင်းဖွင့်ထားနိုင်သည်၊ စီးပွားရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်သည် သို့မဟုတ် တရားရုံးတွင် အမှုများဖွင့်ထားနိုင်သည်။[၁၄၇] သို့ပါသော်လည်း မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်ခြင်းအကြောင်းများမှာ –

> ယုံကြည်ထိုက်သော၊ ကတိတည်သော၊ အဖွဲ့အစည်းဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အရည်အချင်းများ၏ အမှတ်အသားကြောင့်သာဖြစ်သည်ဟူ၍ နားလည်ရပါသည်။ အဆိုပြုခြင်းလက်မှတ်နှင့် ခေါင်းစဉ်အသီးသီးအား လျှောက်ထားခြင်းတွင် SECမှတ်ပုံတင်ရန်အတွက် IRPAနှင့် ၎င်းအရင်ရှိခဲ့သော DOA2နှစ်ခုစလုံးသည် IPOs အား တရားဝင်မလိုအပ်သော်လည်း အများအပြားသောအဖွဲ့များသည် ယင်းသို့ဆောင်ရွက်ရန် မဖြစ်မနေလုံးဝလုံးအပ်သည်ဟု ဖိအားပေး

ခြင်းခံနေရပါသည်။ အကယ်၍ ၎င်းတို့အနေဖြင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါက ၎င်းတို့၏ ဘဏ္ဍာရေး၊ ဥပဒေရေးရာများနှင့် စီးပွားရေးလိုအပ်ချက်များအရ ၎င်းတို့အနေဖြင့် ရှေ့ဆက်တိုးနိုင်မည်မဟုတ်ပါ။




ပုံ(၂၂) – မူဒစ်ဆာလပ်–မနိုဘို လူမျိုးစုကောင်စီ ညွန့်ပေါင်းအဖွဲ့၏ ဘိုးဘွားပိုင်နယ်မြေရုံး (FEMMATRICS)။ ထိုရုံးအား ဘိုးဘွားပိုင်နယ်မြေ၏ အစိတ်အပိုင်းတစ်ချို့အား သီးနှံ–စက်မှု စိုက်ပျိုးရေးအတွက် ငှားရမ်းလိုသော ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ဘိုးဘွားပိုင်နယ်မြေများသည် သာမန်အားဖြင့် အနည်းဆုံး ရပ်ရွာအစုအဖွဲ့များနှင့် ဖွဲ့စည်းထားပါသည်။ အချို့သော အခြေအနေများတွင်မူ နယ်မြေတစ်ခုလုံးမှာ ဌာနေတိုင်းရင်းသားများ၏ မြေများဖြစ်ကြသည်။ သို့ပါသော်လည်း ဓလေ့ထုံးတမ်း ဌာနေတိုင်းရင်းသားများ၏ အုပ်ချုပ်မှုအစီအမံများသည် (အထူးသဖြင့် မြေနှင့် အရင်းအမြစ်များဖြင့် ပတ်သက်၍) များသောအားဖြင့် ကျေးရွာတစ်ရွာ သို့မဟုတ် မိသားစုဆွေမျိုးများအဆင့်အထိသာ သတ်မှတ်ပေးထားသည်။ ပိုကြီးသောအဖွဲ့များ သို့မဟုတ် မျိုးနွယ်စုတစ်ခုလုံး သို့မဟုတ် လူအများအားလုံးကို ကိုယ်စားပြုရန် ဖန်တီးထားသော အဖွဲ့အစည်းများမှာ အထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက်အသုံးချခြင်းကို ပိုမိုခံစားကြရသည်။

ထို့မျှမက ဌာနေတိုင်းရင်းသားများ၏ မြေလုပ်ပိုင်ခွင့်ဆိုင်ရာ အစီအမံများသည် အလွန်ရှုပ်ထွေးသည်ဖြစ်၍ ၎င်းတို့အပေါ်တွင် မကြာခဏ ခန့်မှန်းချမှတ်ထားသော အများပိုင်မြေများဆိုင်ရာ လုပ်ပိုင်ခွင့်များမှာများသောအားဖြင့် လက်တွေ့မြေပြင်အခြေအနေများနှင့် ကိုက်ညီလေ့မရှိပါ။ ၎င်းနှင့်ပတ်သက်၍ "ယင်းရှုပ်ထွေးသော ဒေသဆိုင်ရာ အစစ်အမှန်များအား ရိုးရှင်းစွာဆောင်ရွက်ခြင်းကပင် ကြီးမားသော ဘိုးဘွားပိုင်နယ်မြေများအား ခေါင်းစဉ်တပ်ခြင်းအား ဖြစ်ပေါ်လာအောင်ပြုလုပ်ပေးသည်ဖြစ်ပြီး ၎င်းကပင် ခေါင်းစဉ်များတပ်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူများနှင့် အပေးအယူပြုလုပ်ရန် ခွင့်ပြုထားသည်။" ဟူ၍ ပြောဆိုကြသည်။ ဥပမာအားဖြင့် မတစ်ဆာလေ့ လူမျိုးများ၏ ဘိုးဘွားပိုင်နယ်မြေဆိုင်ရာ CADTအား ကိုင်ဆောင်ထားသည့် တရားဝင်မှတ်ပုံတင်ထားသော လူမျိုးစုရေးရာ ညွန့်ပေါင်းအဖွဲ့ FEMMATRIC အား ကိုးကား၍ ဝင့်ခ်ဲဘ၂၀၁၅မှ ယင်းကဲ့သို့ ရိုးရှင်းလွယ်ကူစေရန်ပြုလုပ်ထားသော ဥပဒေရေးရာယူဆချက်များမှ မှတ်ယူနိဂုံးချုပ်ခြင်းသည် "ယင်းအဖွဲ့အစည်းတစ်ခုသည် လူအများအားလုံးတို့ကိုယ်စား ပြောကြားပြီး၊ ၎င်းတို့အားလုံးကို ကိုယ်စားပြုသည်၊ သင့်တင့်သည့်အတိုင်းပြုမူပြီး မည်သည့်

ဝင်ငွေကိုမဆို ညီမျှစွာပေးဝေနိုင်သည် သို့မဟုတ် ပေးဝေလိမ့်မည်ဆိုသည်မှာ အဆုံးအစွန်ထိ နုံအခြင်းသာဖြစ်သည်” ဟု ပြောကြားထားပါသည်။

IRAPသည် ခေါင်းဆောင်များနှင့် အကြီးအကဲများအား အရေးပါသောအခန်းကဏ္ဍတစ်ခုအား ပေးထားပါသည်။ ယင်းအားကိုယ်ပိုင်ပုံစံရှိသည့် ခေါင်းဆောင်များမှ ၎င်းတို့၏အကျိုးအတွက် အလုပ်အကြွေးပြုသောအဖွဲ့အစည်းတစ်ခုအဖြစ် အစပျိုးရန် သို့မဟုတ် အသုံးချရန်အတွက် ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း သို့မဟုတ် ၎င်းတို့၏ အမည်များအား CADTကိုင်ဆောင်ထားသူများအဖြစ် တိုက်ရိုက်မှတ်ပုံတင်ရန်အတွက် ဖမ်းဆုပ်ထားကြသည်။ ဌာနေတိုင်းရင်းသားပိုင်မြေဧရိယာများအား ပြင်ပလူများမှ ဝင်ရောက်နိုင်ရေးနည်းဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကုမ္ပဏီများနှင့် နိုင်ငံရေးလှုပ်ရှားသူများအား ခေါင်းဆောင်များအတွင်း ပူပေါင်းဖွဲ့စည်းထားခြင်း သို့မဟုတ် ၎င်းတို့မှ “ဖန်တီးထားကြသည်” ယင်းမှာလည်း များသောအားဖြင့် NCIP အရာရှိများ၏ အကူအညီဖြင့်သာဖြစ်သည်။ ပြင်ပမှ တိုက်ရိုက်အသုံးချမှုများ ရှိမနေဘူးဆိုပါလျှင်ပင် IPRA သည် “နိုင်ငံ၏အာဏာပိုင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား ညှိနှိုင်းမှုများပြုလုပ်နိုင်သောစွမ်းရည်ရှိသည့် ခေါင်းဆောင်များနှင့် တည်ထောင်ထားသော ဌာနေတိုင်းရင်းသားရိုးရာခေါင်းဆောင်များဖြင့် မကြာအဏာ အငြင်းပွားမှုများရှိတတ်သော” ခေါင်းဆောင်များကိုသာ မြှင့်တင်ပေးနေသည်ကို တွေ့ရှိရပါသည်။

ဒေခံအထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက် အသုံးချခြင်းသည် ဘိုးဘွားပိုင်မြေများစီမံခန့်ခွဲရေးနှင့် FPIC၏ ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းရေးများတွင် အကျိုးသက်ရောက်မှုများရှိသည်။[152] အဆက်အသွယ်ကောင်းပြီး အာဏာရှိသောခေါင်းဆောင်များ သို့မဟုတ် ခေါင်းဆောင်များဟုဆိုသော လူတစ်ဦးတစ်ယောက်ချင်းစီတို့သည် ဒေသခံအစုအဖွဲ့များမှပိုင်သော မြေများအား ၎င်းတို့၏အမည်များဖြင့် CADTကိုင်ဆောင်သူများအဖြစ် မှတ်ပုံတင်ကာ ထိထိမိမိ သိမ်းယူလိုက်ကြပါတော့သည်။[153] မင်ဒါနိုအနောက်ပိုင်း ဘန်ဝေမှ ဂတ်မင်တန်[154]သည် ၎င်း၏လေ့လာချက်တွင် နိဂုံးချုပ်ထားသည်မှာ–

> ကျွန်ုပ်၏အတွေးအမြင်တွင် နယ်နမိတ်တစ်ခုလုံးအား ခေါင်းစဉ်တစ်ခုတည်းဖြင့် လွှမ်းခြုံထားခြင်းသည် ခြိမ်းခြောက်နေခြင်းသာဖြစ်သည်။ ယင်းနယ်နမိတ်အတွင်းရှိ အပိုင်းငယ်များ (မိသားစုများ၊ တစ်ဦးတစ်ယောက်စီ၊ C.Eများ အစရှိသဖြင့် နယ်နမိတ်၏တစ်စိတ်တစ်ပိုင်းဖြစ်ကြသော)မှာ ယင်းခေါင်းစဉ်တစ်ခုအောက်တွင် အလိုမတူဘဲ ဆွဲထည့်ထားခြင်းဖြင့် အရေးမကြီးသလိုပျောက်ကွယ်သွားနိုင်သည်။ မြေနှင့် အရင်းအမြစ်များဆိုင်ရာဆုံးဖြတ်ချက်အတွက် ပူးပေါင်းပိုင်ဆိုင်ကြသူများအချင်းချင်း ညှိနှိုင်းကြပြီး ၎င်းတို့အတွင်းမှာ သေနတ်များနှင့် လူအင်အားများရှိသော သူတစ်ဦးမှ ယင်းအင်အားကို အသုံးချရန်လည်း ဝန်မလေးပါလျှင် ဤကဲသို့ညှိနှိုင်းမှုမျိုးသည် ဘယ်လောက်အထိ မျှတမှုရှိပါသလဲ။ ဥပဒေမှ အာမခံချက်များပေးထားသော်လည်း လူတစ်ဦးတစ်ယောက်သည် ၎င်းနှင့်အတူ ဘိုဘွားပိုင်နယ်မြေများအား စုပေါင်းပိုင်ဆောင်ကြသောသူများအား လွှမ်းမိုးနိုင်ရန် အာဏာအလုံအလောက်ရှိမည်ဆိုပါလျှင် ယင်းဘိုးဘွားပိုင်နယ်မြေများအား လူတစ်ဦးတစ်မည်ဖြင့်သာ ပိုင်ဆိုင်ကြောင်း ခေါင်းစဉ်တပ်နိုင်သည်။

## ထည့်သွင်းခြင်း နှင့် ဖယ်ထုတ်ခြင်းဆိုင်ရာ ပြဿနာများ

ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏မြေနယ်နမိတ်များအား ပြန်လည်ထိန်းချုပ်ခွင့်ရရှိ သောအခါတွင် အခြားသူများအား ၎င်းတို့၏မြေများနှင့် အရင်းအမြစ်များအား လက်လှမ်းဝင်ရောက်နိုင်ခြင်းမှ ဖယ်ထုတ်ထားနိုင်ပါသည်။ IPRAတွင် ရှင်းလင်းစွာဖော်ပြထားသည်မှာ ဘိုးဘွားပိုင်မြေပိုင်ဆိုင်ခွင့်တွင် ၎င်းတို့၏ မြေများအတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် အဖွဲ့အစည်းများကို ကြီးကြပ်ပိုင်ခွင့်လည်းပါဝင်သည်။[155] သို့သော်လည်း အတွေ့အကြုံများအရ အထူးသဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်သူအရေအတွက် သိသိသာသာရှိသော ဘိုးဘွားပိုင်နယ်မြေများတွင် “၎င်းတို့အား နယ်မြေအတွင်းမှ ရုပ်ပိုင်းဆိုင်ရာထည့်မတွက်ခြင်းနှင့် အုပ်ချုပ်ရေးအဖွဲ့များအတွင်းမှ ဖယ်ရှားထားခြင်းသည် လက်တွေ့နှင့် အကျင့်သိက္ခာပိုင်းဆိုင်ရာများအတွက်ပါ ဖြေတစ်ခုမဟုတ်ပါ။”[156] ဌာနေတိုင်းရင်းသားများကိုယ်တိုင်လည်း “ရပိုင်ခွင့်စံနှုန်းများအား အသုံးပြုပြီး မြေလျှောက်ထားခြင်းဆိုင်ရာ အခြားပြိုင်ဘက်ဌာနေတိုင်းရင်းသားများ၏”[157] အပြင်လူများအဖြစ် သတ်မှတ်ခံရနိုင်သည့် အခြေအနေများလည်း ရှိပါသည်။ အချို့သော ဖြစ်ရပ်များတွင်မူ နယ်မြေအတွင်းပါဝင်လိုသူများအား ထည့်သွင်းခြင်းမခံရဘဲ မပါဝင်လိုသူများကိုလည်း ထည့်သွင်းထားသည့် ဖြစ်ရပ်များလည်းရှိသည်။[158]




ပုံ(၂၃) – မင်ဒါနိုကျွန်း ဘုဟစ်များ၏ ဘိုးဘွားပိုင်မြေနယ်နမိတ်အစပ်တွင်ရှိသော ဆိုင်းဘုတ် (အမှတ်အသားသင်ပုန်း)။ ဘုဟစ် များသည် တရားမဝင်သစ်လုပ်ငန်းများ နှင့် နေထိုင်ကြသူများ၏ ကျူးကျော်မှုများအား ခုခံကာကွယ်ရာတွင် အခက်အခဲများစွာရှိနေပါသည်။

## ရှေ့ဆက်ခရီး – မြန်မာနိုင်ငံ၏ အမျိုးသားမြေဥပဒေတွင် အဓိက ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများ

ဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် ဤ အစီရင်ခံစာတွင် တင်ပြခဲ့သော ဖြစ်စဉ်များအရ မြန်မာနိုင်ငံ၏ မြေယာ၊ သစ်တော နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တည်ဆဲဥပဒေများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား ကာကွယ်ပေးခြင်းမရှိပါ။ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်စာချုပ်အား အတည်ပြုခြင်းနှင့် UNDRIP အား ထောက်ခံမဲပေးခဲ့ခြင်းဖြင့် မြန်မာနိုင်ငံသည် ယင်းတို့အား လိုက်နာရန် ဝတ္တရားများကို လက်ခံခဲ့သည်။ ယင်းအား အမျိုးသားမြေအသုံးပြုမှု မူဝါဒ၏ အပိုင်း–၈ တိုင်းရင်းသားများ၏ မြေအသုံးပြုခွင့်များ တွင် ဖော်ပြထားပါသည်။ လက်ရှိတွင် မူကြမ်းရေးဆွဲနေသာ မြေဥပဒေအသစ်သည် NLUP မှ ချပေးထားသော ပြဋ္ဌာန်းချက်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်ရန် အခွင့်အရေးတစ်ခုဖြစ်သည်။ ကမ္ဘောဒီယား နှင့် ဖိလစ်ပိုင် နိုင်ငံများ၏ ဌာနေတိုင်းရင်းသားများမြေယာအခွင့်အရေးများအပေါ်ရှိ အမျိုးသားဥပဒေများအား ပြန်လည်သုံးသပ်ခြင်းအတွေ့အကြုံမှ မြန်မာနိုင်ငံ၏ အနာဂတ်အမျိုးသား မြေဥပဒေတွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား မည်သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့် ပတ်သက်၍ ပြန်လည်ဆန်းစစ်ခြင်းနှင့် ဆွေးနွေးခြင်းများတွင် အထောက်အပံ့ပေးနိုင်သော သင်ခန်းစာ အချက်အလက်များရရှိခဲ့ပါသည်။ ဌာနေတိုင်းရင်းသားများ၏ မြေဥပဒေများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များအား မူကြမ်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အဓိကကျသော ပြဿနာများအား အောက်ဖော်ပြပါစာပိုဒ်များတွင် အကျဉ်းချုံ့ ဖော်ပြထားပါသည်။

### ရှိရင်းစွဲ အခွင့်အရေးများအား အသိအမှတ်ပြုခြင်း

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ နေမြေများတွင် ကိုလိုနီခေတ်မတိုင်မီနှင့် နိုင်ငံတစ်ခုအဖြစ် မတည်ထောင်မည်ကာလများကတည်းကပင် နေထိုင်ရာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများ ၎င်းတို့၏မြေများ၊ နယ်နိမိတ်နှင့် အရင်းအမြစ်များအား ပိုင်ဆိုင်ခွင့်များသည် ၎င်းတို့၏ ရှိရင်းစွဲ အခွင့်အရေး (ဇာတိမြေခေါင်းစဉ်ရှိ ဥပဒေသဘောတရားများအား ပြန်လည်သုံးသပ်ထင်ဟပ်ထားသည်။) များဖြစ်သည်။ ၎င်းတို့အား အသိအမှတ်ပြုထားခြင်းသည် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများအား ကာကွယ်ပေးသော ဥပဒေအားလုံး၏ အခြေခံဖြစ်သင့်သည်။

### ICESCR နှင့် UNDRIP တို့အား ကိုးကားချက်

မြန်မာနိုင်ငံအနေဖြင့် ICESCRအား အတည်ပြုခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံတွင် UNDRIPအား လက်ခံကျင့်သုံးရန်အတွက် ထောက်ခံမဲပေးခဲ့ပါသည်။ ယင်းတို့နှစ်ခုစလုံးသည် ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိတ်နှင့် အရင်းအမြစ် ရပိုင်ခွင့်များအတွက် အရေးကြီးသော နိုင်ငံတကာ ဥပဒေယန္တရားများဖြစ်ကြပြီး နိုင်ငံ၏အမျိုးသားဥပဒေအတွက် လမ်းညွှန်မှုလည်း ဖြစ်သည်။ နိုင်ငံ၏ အမျိုးသားမြေဥပဒေကိုလည်း ယင်းဥပဒေယန္တရားနှစ်ခုအား ရှင်းလင်းစွာကိုးကားသင့်ပါသည်။

### ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၏ ရှုပ်ထွေးမှုအား အသိအမှတ်ပြုခြင်း

ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များသည် ရှုပ်ထွေးပြီး အဆင့်ဆင့်ပါဝင်ပါသည်။ ယင်းတို့တွင် ဝင်ရောက်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ယူခြင်း (အရင်းအမြစ်များအား အသုံးပြုခြင်း)၊ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ မတူညီသောမြေအမျိုးအစားများအပေါ်တွင် အခွင့်အရေးများ လွှဲပြောင်းခြင်း များအပါအဝင် စိုက်ပျိုးမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းဘေးဒေသများ၊ သတ္တုနှင့် အခြား သဘာဝအရင်းအမြစ်များအတွက် စည်းမျဉ်းစည်းကမ်းများလည်း ပါဝင်ကြသည်။

မြေဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ မြေနှင့် အရင်းအမြစ်များအား ၎င်းတို့၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များအတိုင်း အုပ်ချုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုရန်လိုအပ်ပါသည်။

## မြေယာပိုင်ခွင့်များအား အပြည့်အဝ ကာကွယ်ခြင်း

ဌာနေတိုင်းရင်းသားများ၏ ၎င်းတို့၏မြေ၊ နယ်နိမိတ်များနှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေများအား အုပ်ချုပ်လုပ်ပိုင်ခွင့်များဆိုင်ရာ ၎င်းတို့၏ ရှိရင်းစွဲဥပဒေများအား အောက်ပါအတိုင်း ဥပဒေပြုပြီး အသိအမှတ်ပြုကာကွယ်ပေးသင့်ပါသည်။

- ၎င်းတို့၏ စိုက်ပျိုးမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းဘေးဒေသများ၊ သတ္တုများနှင့် အခြားသဘာဝအရင်းအမြစ်များအပါအဝင် မြေအမျိုးအစားများအားလုံးပါဝင်ပြီး နယ်နမိတ်များအားလုံးအတွက် ပိုင်ဆိုင်မှုအခွင့်အရေးများ။
- ၎င်းတို့၏ ကိုယ်ပိုင်ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များအားအခြေခံ၍ ၎င်းတို့၏မြေများအား စီမံခန့်ခွဲပိုင်ခွင့်နှင့် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်များ။
- ပြင်ပလူများဝင်ရောက်ခြင်းအား ကြီးကြပ်ပိုင်ခွင့်။
- ၎င်းတို့၏ နယ်နမိတ်အတွက် သဘာဝအရင်းအမြစ်များ ရှာဖွေတူးဖော်ခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းများအား ကြီးကြပ်ပိုင်ခွင့် (ခွင့်ပြုခွင့် သို့မဟုတ် ပိတ်ပင်ခြင်း)နှင့် လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခြေအနေများအား ညှိနှိုင်းပိုင်ခွင့်။
- ဌာနေတိုင်းရင်းသားများ၏ မြေများအတွင်း ဝင်ရောက်လာသော မည်သည့်ကြားဖြတ်ဝင်ရောက်ခြင်းများအတွက် ကိုမဆို လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်းများ ရရှိပိုင်ခွင့်။

## မြေအမျိုးအစားများ ပြန်လည်ခွဲခြားခြင်း၊ ပူးပေါင်းစီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဌာနေတိုင်းရင်းသားများ၎င်းတို့၏ မြေ၊ နယ်နိမိတ် နှင့် အရင်းအမြစ်များ အပေါ်ရှိရှိရင်းစွဲ (ဓာတ်ခေါင်းစဉ်) အခွင့်အရေးများအား အသိအမှတ်ပြုခြင်းသည် ဌာနေတိုင်ရင်းသားမြေများမှာ အများပိုင်နယ်မြေများ၏ တစ်စိတ်တစ်ပိုင်းမဟုတ်ကြောင်းပြောကြားခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရ၏ ဇုန်သတ်မှတ်ခြင်းများ နှင့် မြေအမျိုးအစားခွဲခြားခြင်းများသည် ဌာနေတိုင်းရင်းသားများပိုင်ဆိုင်သော ယင်းဧရိယာများအား သက်ရောက်မှုမရှိစေရပါ။ ဆက်လက်၍ ယင်းမြေများအပေါ်တွင် တောင်းဆိုသော အစိုးရအဖွဲ့ဝင်ဌာနများ နှင့် ပုဂ္ဂလိကပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြားမည်သည့် ဥပဒေဆိုင်ရာ ကြေညာချက်မျိုးမဆို အကျုံးမဝင်ကြောင်းသတ်မှတ်သင့်ပါသည်။ ဌာနေတိုင်းရင်းသားများပိုင်သော နယ်နိမိတ်များအား အုပ်ချုပ်ခြင်းအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုအောက်တွင်သာရှိသင့်ပြီး ယခင်အချိန်များကဲ့သို့ မြေအမျိုးအစားကွဲပြားမှုအလိုက် အစိုးရဌာနများကွဲပြားသွားခြင်းမဖြစ်သင့်ပါ။

ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရေးဥပဒေ၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝအရင်းအမြစ် များအားရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်းဆိုင်ရာဥပဒေများကဲ့သို့သော အချို့ဥပဒေများမှာမူ ယင်းဧရိယာများအပေါ်တွင် အကျိုးသက်ရောက်မှုရှိစေနိုင်ပါသည်။ ယင်းဥပဒေများသည်လည်း နိုင်ငံတော်ဆင့်ဥပဒေများနှင့် ဌာနေတိုင်းရင်းသားများ၏ မြေအုပ်ချုပ်မှုဆိုင်ရာ ဥပဒေများဖြင့်လည်း ညီညွတ်မှုတမှုရှိရပါမည်။ အချို့သောဇုန်သတ်မှတ်ခြင်းများအား ဥပမာ– သစ်တောမြေနှင့် ကာကွယ်ရေးဧရိယာသည် ဌာနေတိုင်းရင်းသားများ၏ မြေအုပ်ချုပ်မှုစနစ်အောက်တွင်ရှိသင့်ပြီး သစ်တောဦးစီးဌာန၊ ယင်းဧရိယာများအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စီမံခန့်ခွဲမှုအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကဲ့သို့သော အစိုးရဖွဲ့ဝင်ဌာနများ ပူးပေါင်းစီမံခန့်ခွဲမှုများလည်း ဆောင်ရွက်နိုင်ပါသည်။

## ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် သက်သေပြရန်တာဝန်

ဌာနေတိုင်းရင်းသားများ၏ ဧရိယာများတွင် ၎င်းတို့၏မြေများအပေါ်ရှိ ၎င်းတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုခြင်းသည် ပုံမှန်ယူဆချက် နှင့် မြေယာခွဲခြားသတ်မှတ်ရေးအတွက် စတင်ရာအမှတ် ဖြစ်သင့်သည်။ ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များသည် သက်သေပြနိုင်ခြင်းမတိုင်မီအထိ ပုံမှန်အမျိုးအစား ဖြစ်သင့်ပြီး သက်သေပြရန်တာဝန်မှာလည်း ယင်းအခွင့်အရေးများအား လာရောက်ယှဉ်ပြိုင်သောသူများ၏ တာဝန်သာဖြစ်သင့်ပါသည်။

## မြေပြင်အခြေအနေတွင် အခြေအနေများကွဲပြားနေခြင်းအား ဖော်ထုတ်ဖြေရှင်းခြင်း

ဌာနေတိုင်းရင်းသားများ၏ ဧရိယာများတွင် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်စနစ်ကွဲပြားမှုများသည် မြေပြင်တွင် အခြေအနေကွဲပြားမှုများနှင့် တစ်စိတ်တစ်ပိုင်းချိတ်ဆက်နေပါသည်။ ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များပိုင်ဆိုင်ခွင့်အပေါ်တွင် ပြဌာန်းချက်များထုတ်ပြန်ရန်အတွက် အမျိုးသားမြေဥပဒေသည် ယင်းမတူညီမှုများအား ထည့်သွင်းအရေးယူသင့်ပါသည်။ အောက်ပါမြေနေရာများတွင်ရှိသော ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များနှင့်ပတ်သက်၍ အခြေအနေများကို ခွဲခြားထားသင့်ပါသည်။

၁။ လက်ရှိတိုင်းရင်သားပြည်နယ်များ၊ ဆိုလိုသည်မှာ– ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်

၂။ တိုင်ရင်းသားပြည်နယ်များအတွင်းနှင့် တိုင်းရင်းသားမဟုတ်သော ဒေသများရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ။ ဆိုလိုသည်မှာ– ပလောင်၊ ပအို့နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် ရှမ်းပြည်နယ်ရှိ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၃။ အခြားဒေသရှိ တိုင်းရင်းသားမဟုတ်သောဒေသများ

ထို့အပြင်သာမကဘဲ ဥပဒေသည် အောက်ပါတို့ကိုလည်း အရေးယူဆောင်ရွက်သင့်ပါသည်။

၄။ ကွဲပြားသည့် စံနှုန်းများ/စကေးများဖြင့် အသိအမှတ်ပြုခြင်း။ ဆိုလိုသည်မှာ အောက်ပါအခွင့်အရေးများအပေါ်တွင် အသိအမှတ်ပြုခြင်း

(a) ကြီးမားကျယ်ဝန်းသော ဌာနေတိုင်းရင်းသား နယ်နမိတ်များ။ (ဥပမာ– တိုင်းရင်းသားတစ်ဖွဲ့လုံး သို့မဟုတ် တိုင်းရင်းသား–အခွဲများ/၎င်းတို့၏မျိုးနွယ်စုကွဲများ အားလုံးပါဝင်သော နယ်နမိတ်များ)

(b) သေးငယ်ကျဉ်းမြောင်းသော ဌာနေတိုင်းရင်းသားနယ်နမိတ်များ။ (တိုင်းရင်းသားမျိုးနွယ်စုငယ်များ သို့မဟုတ် တိုင်းရင်းသား–အခွဲများ/၎င်းတို့၏မျိုးနွယ်စုကွဲများ၏ နယ်နမိတ်များသာ ပါဝင်သော)

(c) ကျေးရွာအုပ်စုများ

(d) ကျေးရွာများ တစ်ရွာချင်းစီအလိုက်

(e) ကျေးရွာများ၏ အစိတ်အပိုင်းများ (ဥပမာ–ကျေးရွာတစ်ရွာမှာ မျိုးနွယ်စုငယ်တစ်စု၏ မြေ)

၅။ အမှန်တွင် ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအခွင့်အရေးအား နယ်နမိတ်တစ်ဆက်တည်းဖြစ်နေသော/ နယ်နမိတ်ခြင်းထိဆက်နေသော ဧရိယာများအပေါ်တွင် အမြဲတမ်းတောင်းဆို၍ မရနိုင်ပါ။ သို့ပါသော်လည်း တစ်ဖက်မှ မြေပိုင်ဆိုင်သူများနှင့် ပူးပေါင်းကာ/ယှဉ်တွဲကာ တောင်းဆိုနိုင်သည်။

၆။ တစ်ကယ်တော့ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများသည် ဘိုးဘွားပိုင်များနှင့်ဆက်စပ်သော မြေများပေါ်တွင် အမြဲတမ်း အခြေပြုခြင်းမဟုတ်ပါ။ အများပိုင်မြေများအဖြစ် လတ်တလောတည်ထောင်ထားသော နေရာဒေသများတွင်လည်း တည်ရှိပါသည်။

၇။ နေရာဒေသတစ်ခုအတွက် အပြည့်အဝ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများသာမက အခြားဌာနေတိုင်းရင်းသားအဖွဲ့တစ်ဖွဲ့မှ ဓလေ့ထုံးတမ်းဆိုင်ရာဝင်ရောက်ခွင့် ရှိသော နေရာဒေသ များလည်းရှိပါသည်။

မတူညီသော အခြေအနေများနှင့် ကွဲပြားသသောအဆိုများကို ဖော်ထုတ်ဖြေရှင်းရန်အတွက် အမျိုးသားမြေဥပဒေမှ မတူညီသောယန္တရားများကို ဖော်ဆောင်ထားရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ မြေဧရိယာတစ်ခု၏ ဘိုးဘွားပိုင် ဆက်နွယ်မှုများ၊ ဓလေ့ထုံးတမ်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် အသုံးပြုမှုများ။ အခြားအချက်များစွာအတွင်းမှ ယင်းယန္တရားများတွင် အောက်ပါအချက်များလည်း ပါဝင်မည်။

၁။ မြေ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များပေါ်ရှိ တိုင်းရင်းသားပြည်နယ်များ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာကို အသိအမှတ်ပြုရန်။ ဆိုလိုသည်မှာ မြေနှင့် အရင်းအမြစ်များအပေါ်တွင် ပြည်နယ်အဆင့် ဥပဒေပြုနိုင်သော အခွင့်အာဏာကို ဆိုလိုပါသည်။

၂။ မြေ၊ နယ်နမိတ်နှင့် အရင်းအမြစ်များအပေါ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးဇုန်များနှင့် ဒေသများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာကို အသိအမှတ်ပြုရန်။ ဆိုလိုသည်မှာ ယင်းနေရာဒေသများတွင်ရှိသော မြေနှင့် အရင်းအမြစ်များပေါ်တွင် ဥပဒေပြုနိုင်သော အခွင့်အာဏာကို ဆိုလိုပါသည်။

၃။ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်စနစ်များ ကျင့်သုံးလျက်ရှိသော တိုင်းရင်းသား ပြည်နယ်များနှင့် တိုင်းရင်းသားပြည်နယ်မဟုတ်သော ပြည်နယ်များရှိ ဌာနေတိုင်းရင်းသားဇုန်များ သို့မဟုတ် နယ်နမိတ်များအား အသိအမှတ်ပြုခြင်း။ အခြားဥပဒေများ၏ တရားစီရင်ပိုင်ခွင့်အောက်အတွင်ရှိသော ယင်းဇုန်အချို့မှာမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များအဖြစ် အသိအမှတ်ပြုစေလိုခြင်းများလည်း ရှိနိုင်ပါသည်။ ပြည်ထောင်စုနှင့် နိုင်ငံတော်/ဒေသအလိုက် စည်းမျဉ်းဥပဒေများအောက်တွင် ယင်းဇုန်များ သို့မဟုတ် နယ်နမိတ်များသည် ၎င်းတို့၏ ပိုင်နက်နယ်နမိတ်အတွင်းတွင်ရှိသော မြေများအား အပြည့်အဝပိုင်ဆိုင်မှုရှိသင့်ပြီး ယင်းပိုင်နက်နယ်နမိတ်အတွင်းရှိ မြေနှင့် အရင်းအမြစ်များကို အပြည့်အဝအုပ်ချုပ်ပိုင်ခွင့်ရှိသင့်ပါသည်။

၄။ မတူညီသော စံနှုန်း/ စကေးများ ရှိသော ဌာနေတိုင်းရင်းသားလူထုအဖွဲ့များ၏ စုပေါင်းမြေရပိုင်ခွင့်များအား ခေါင်းစဉ်တပ်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်း။ ပြည်ထောင်စုနှင့် နိုင်ငံတော်/ဒေသအလိုက် စည်းမျဉ်းဥပဒေများအောက်တွင် အခွင့်အရေးများအား ကိုင်ဆောင်ထားသော အဖွဲ့အစည်း (ဒေသခံအစုအဖွဲ့၊ ကုမ္ပဏီအဖွဲ့များ၊ ဒေသခံအစုအဖွဲ့၏ တစ်စိတ်တစ်ပိုင်း၊ မျိုးနွယ်စုများ/ မိသားစုများ) သည် ၎င်းတို့၏ နယ်နမိတ်အတွင်းတွင်ရှိသော မြေများအတွက် အပြည့်အဝပိုင်ဆိုင်မှုနှင့်၊ ယင်းမြေနှင့် အရင်းအမြစ်များအား အပြည့်အဝ အုပ်ချုပ်ပိုင်ခွင့် ရှိသင့်ပါသည်။

၅။ Recognဒေသခံအစုအဖွဲ့တစ်ဖွဲ့၏ သို့မဟုတ် ဒေသခံအစုအဖွဲ့အများ၏ ဘုံပိုင်ဆိုင်သော မြေများကိုသာ ခေါင်းစဉ်တပ်ခြင်းနှင့် အသိအမှတ်ပြုခြင်း။ (တစ်ဦးတစ်တစ်ယောက်ပိုင်အဖြစ် ခေါင်းစဉ်တပ်ခြင်းခံရနိုင်သော သို့မဟုတ် ခေါင်းစဉ်တပ်ခံရမည်ဖြစ်သော မြေများအား ချန်လှပ်ထား၍)

၆။ ပြည်ထောင်စုနှင့် နိုင်ငံတော်/ဒေသအလိုက် စည်းမျဉ်းဥပဒေများအောက်တွင် သက်ဆိုင်သော အခွင့်အရေးများအား ကိုင်ဆောင်ထားသည့် အဖွဲ့အစည်းသည် ယင်းဘုံပိုင်ဆိုင်သော မြေများအား အပြည့်အဝပိုင်ဆိုင်ခွင့်နှင့် ထိုနေရာတွင်ရှိသော မြေနှင့် အရင်းအမြစ်များအား အပြည်အဝအုပ်ချုပ်ပိုင်ခွင့်များရှိသင့်ပါသည်။

၇။ ဒေသခံအစုအဖွဲ့တစ်ခု၏ ပိုင်ဆိုင်မှုဖြစ်သော နယ်နမိတ်ပြင်ပတွင်ရှိသည့် အချို့နေရာဒေသများ သို့မဟုတ် အရင်းအမြစ်များအား ဝင်ရောက်အသုံးပြုခွင့် (ဥပမာ-မြစ်ချောင်းအင်းအိုင်များ၊ ငါးနှင့် အခြားရေနေအရင်းအမြစ်များ၊ သစ်တောထွက်အရင်းအမြစ်များ အစရှိသည်ဖြင့်။) ယင်းအရင်းအမြစ်များ တည်ရှိသောနေရာများမှ မြေပိုင်ရှင်များနှင့်အတူ ထိုအရင်းအမြစ်များအား ပူးပေါင်းစီမံခန့်ခွဲပိုင်ခွင့်များနှင့် အခြားသူများမှလာရောက်သိမ်းပိုက်ခြင်း နှင့် ပျက်စီးစေခြင်းများအတွက် ကာကွယ်ပိုင်ခွင့်များလည်းပါဝင်ပါသည်။

### အများပိုင်နှင့် တစ်ဦးတစ်ယောက်ပိုင် အခွင့်အရေးများ – မြေဆုံးရှုံးမှုများနှင့် အပေါင်ပစ္စည်းများ လိုအပ်ချက်

အများပိုင်မြေများအား တောင်းဆိုခြင်းသည် ရှုပ်ထွေးသော ဓလေ့ထုံးတမ်းဆိုင်ရာ မြေအသုံးပြုခြင်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စနစ်များအား လွယ်ကူရိုးရှင်းစေရန် ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု များသောအားဖြင့် ဝေဖန်ခြင်းခံရလေ့ရှိသည်။ အများပိုင်မြေခေါင်းစဉ်များသည် အထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက် အသုံးပြုခြင်းရှိနိုင်ပြီး တစ်ဦးတစ်ယောက်ခြင်းစီနှင့် အိမ်ထောင်စုများအား အပေါင်ပစ္စည်းပေးနိုင်ခြင်းမရှိသည့်အတွက် ချေးငွေများရရှိရန် တတ်စွမ်းနိုင်ခြင်းမရှိတော့သည့် အခြေအနေသို့ရောက်ရှိနိုင်သော အန္တရာယ်များကို သယ်ဆောင်ထားသည်ဟူ၍လည်း ထောက်ပြခံရမှုများလည်း ရှိပါသည်။ အလားတူပင် တစ်ဦးတစ်ယောက်ပိုင်မြေခေါင်းစဉ်များမှာလည်း လျင်မြန်စွာ မြေဆုံးရှုံးမှုများ၊ မြေကိုင်ဆောင်ထားမှုများအား ခွဲဝေခြင်း၊ ယဉ်ကျေးမှုနှင့် လူထုများစည်းလုံးညီညွတ်မှုအား ပျက်ပြားစေခြင်းအစရှိသည်တို့ကို အလျင်အမြန်ဖြစ်ပေါ်စေနေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ယင်းဖြစ်ရပ်များတွင် တစ်ခုခုကမှ ပို၍ကောင်းသည်ဟူသော အဖြေမရှိပါ။ စုပေါင်းပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုအား အသိအမှတ်ပြုခြင်းသည် နယ်နမိတ်အတွင်းရှိ မြေနှင့် အရင်းအမြစ်များအား ၎င်းတို့၏

ဓလေ့ထုံးတမ်းဆိုင်ရာစနစ်များဖြင့်အညီ စုပေါင်း (လူထုအဖွဲ့၊ မျိုးနွယ်စု၊ လူအများ) အုပ်ချုပ်ခြင်းအား ဆိုလိုခြင်းဖြစ်ပြီး ၎င်းသည် တစ်ဦးတစ်ယောက်စီ၏ သို့မဟုတ် မိသားစုများ၏ မြေနှင့် အရင်းအမြစ်များအား ပိုင်ဆိုင်မှု သို့မဟုတ် အသုံးချမှုများ အပါအဝင် အလွှာအဆင့်ဆင့်ရှိသော အခွင့်အရေးများကို အသိအမှတ်ပြုပါသည်။

ချေးငွေရယူရန်အတွက် အပေါင်ပစ္စည်းများလိုအပ်ခြင်းအား တစ်ဦးတစ်ယောက်ပိုင်မြေများ ထုတ်ပေးခြင်းထက် အခြားနည်းလမ်းများဖြင့်လည်း ဖြေရှင်းနိုင်ပါသည်။ ဥပမာအားဖြင့် လယ်သမားတစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန်အာမခံပြီး ပူးတွဲတာဝန်ယူကာ အပြန်အလှန်ကြွေးပေးသော လယ်သမားအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ပါသည်။ (ထိုင်းနိုင်ငံတွင် ပြုလုပ်သကဲ့သို့) သို့မဟုတ် အများပိုင်မြေများအား ဘဏ်များအား အပေါင်ပစ္စည်းအဖြစ် လက်ခံပေးနိုင်ပါသည်။ (ဥပမာ-ကမ္ဘောဒီးယားတွင် ပြုလုပ်ကဲ့သို့) ခရစ်ဒစ်ယူနီယံ မှာလည်း နောက်ထပ်နည်းလမ်းတစ်ခုဖြစ်သည်။ (ဥပမာ- အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမန်တန်တွင် ပြုလုပ်သကဲ့သို့)

တစ်ဦးတစ်ယောက်ပိုင်မြေခေါင်းစဉ်ကိုသာ လိုလားတောင်းဆိုနေကြသော ဌာနေတိုင်းရင်းသားနေရာဒေသများတွင်မူ ၎င်းတို့၏ဆန္ဒကို လေးစားလိုက်နာသင့်သည်။ သို့ပါသော်လည်း ၎င်း၏ အရှေ့ဒေသခံအစုအဖွဲ့၏ နယ်နမိတ်အတွင်းမြေ အုပ်ချုပ်ခွင့်အားဦးစွာ အသိအမှတ်ပြုသင့်သည်။ ထိုသို့ဖြင့် အကြွေးများကြောင့်သော်လည်းကောင်း၊ အခြားပုံစံအမျိုးမျိုးဖြင့် မြေသိမ်းယူခြင်းများအား ကူညီကာကွယ်ပေးနိုင်မည်ဖြစ်သည်။

## မြေယာအခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်

ခွင့်ပြုလက်မှတ် သို့မဟုတ် မြေခေါင်းစဉ်များအား တရားဝင်စာရွက်စာတမ်းများထုတ်ပေးခြင်းမှာ အရေးကြီးပါသည် သို့သော်လည်း ၎င်းမှာ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်များအတွက် လိုအပ်သလောက်လုံလုံလောက်လောက်ကာကွယ်ပေးရန် မတတ်နိုင်ပါ။ ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်စနစ်များမှတစ်ဆင့် မြေများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုကျယ်ပြန့်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူဘောင်အတွင်း သေချာစွာထားရှိသင့်သည်။ ယင်းအချက်မှာလည်း UNDRIP တွင် အသိအမှတ်ပြုထားသော ဌာနေတိုင်းရင်းသားများ၏ အခြေခံအခွင့်အရေးများအတွင်းမှ တစ်ခုဖြစ်သည်။ ယင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား ပိုမိုကျယ်ပြန့်စွာ အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်းအတွက် ဖက်ဒရယ်စနစ်အုပ်ချုပ်မှုတစ်ခု၏ အစိတ်အပိုင်းဖြစ်သောအခြား ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှတစ်ဆင့် အထောက်အပံ့ပေးသင့်သည်။

## ကြားဖြတ်ကာကွယ်မှုပေးရန် လိုအပ်ခြင်း

ဌာနေတိုင်းရင်းသားများ၏ မြေများအား အဓမ္မမြေသိမ်းယူခြင်းများမှ ကာကွယ်ရန် ယင်းတို့အား ဖော်ထုတ်ခွဲခြားခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်စဉ်တွင် ကြားဖြတ်ကာကွယ်မှုများပေးရန် လိုအပ်ပါသည်။ အခြားအချက်များအတွင်းမှ မြေယာလုပ်ငန်းလုပ်ပိုင်ခွင့်များ၊ မြေအသုံးပြုခြင်းများ၊ အငှားချခြင်းနှင့် ပိုင်ဆိုင်မှုလက်မှတ်များ ထုတ်ပေးခြင်းအား ဆိုင်းငံ့ထားရန် အစရှိသည်တို့ပါဝင်သည်။

## အခွင့်အရေးများကိုင်ဆောင်ထားသော အဖွဲ့အစည်း

ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာလူထုများ သို့မဟုတ် ရပ်ရွာလူထု၏ အစိတ်အပိုင်းများ (ဥပမာ-မိသားစုများ၊ မျိုးနွယ်စုများ) သည် အခြားသီးသန့် တရားဝင်ဝိသေသများ (အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ) ဖွဲ့စည်းရန်မလိုအပ်ဘဲ အခွင့်အရေးကိုင်ဆောင်ထားသော တရားဝင်အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုနိုင်ပါသည်။ အကယ်၍ ကုမ္ပဏီအဖွဲ့များ သို့မဟုတ် လူမျိုးစု/ လူအများမှ ပူးပေါင်းအဖွဲ့/ ညွန့်ပေါင်းအဖွဲ့အဖြစ် ဖွဲ့ထားရန်ဆုံးဖြတ်ပါကလည်း ယင်းတို့အား အခွင့်အရေးများကိုင်ဆောင်ထားသော အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုသင့်သည်။

## မြေအုပ်ချုပ်မှု : ဖယ်ဒရယ်စနစ် နှင့် လျှင်မြန်ထိရောက်စေရန် အောက်ခြေမှအုပ်ချုပ်သူများကို လုပ်ပိုင်ခွင့်အာဏာပေးခြင်း (Subsidiarity) ဆိုင်ရာနိယာမ

ဌာနေတိုင်းရင်းသားများ၏ မြေနေရာများတွင် မြေအုပ်ချုပ်မှုအား နိယာမနှစ်ခုဖြစ်သည့် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် လျင်မြန်ထိရောက်စေရန် အောက်ခြေမှအုပ်ချုပ်သူများကို လုပ်ပိုင်ခွင့်အာဏာပေးခြင်း (subsidiarity) ဆိုင်ရာ အခွင့်အရေးများ၏ လမ်းညွှန်မှုအားခံယူသင့်သည်။ ဆိုလိုသည်မှာ မြေယာအုပ်ချုပ်မှုအတွက် အနိမ့်ဆုံးအောက်ခြေအဆင့်မှ စတင်ဆောင်ရွက်သင့်သည်။ တစ်နည်းပြောရလျှင် ရပ်ရွာလူထုများ၊ တိုင်းရင်းသားပြည်နယ်အဆင့်တွင် ဖော်ဆောင်ခဲ့သော စည်းမျဉ်းမူဘောင်များအတွင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များနှင့် ပြည်ထောင်စု (အမျိုးသားမြေဥပဒေ) စသောအဆင့်ဆင့်အားဖြင့်။

မြေများအား ခွဲခြားခြင်း၊ ဇုန်သတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်းဆိုင်ရာ လျှောက်ထားခြင်းများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နယ်နမိတ်များအား တိတိကျကျတိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များသည် ရိုးရှင်းရမည်၊ ဗျူရိုကရေစီမဖြစ်စေရန်နှင့် လူအများပါဝင်မှုရှိရမည်၊ အခွင့်အရေးများ ကိုင်ဆောင်ထားသော အဖွဲ့အစည်း (ဒေသခံအစုအဖွဲ့/ရပ်ရွာလူထု၊ လူမျိုးစု၊ လူအများ၊ ဒေသခံအစုအဖွဲ့/ရပ်ရွာလူထု သို့မဟုတ် လူမျိုးစု ညွန့်ပေါင်းအဖွဲ့များ) နှင့် သက်ဆိုင်ရာ (ဖြစ်နိုင်သမျှ အနိမ့်ဆုံး) အစိုးရအဆင့် (ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်) တွင် အုပ်ချုပ်စီမံရေးရုံးတစ်ခုဖြင့်သာလျှင် ယင်းလုပ်ငန်းစဉ်များအား အတူပူးပေါင်းဆောင်ရွက်ပြီးစီးစေရမည်။

အသိအမှတ်ပြုခြင်းလက်မှတ်များ/ ခေါင်းစဉ်များ ထုတ်ပေးခြင်းလုပ်ရပ်များအား သက်ဆိုင်ရာအာဏာပိုင်များ (တစ်နည်းအားဖြင့် ဖက်ဒရယ်တိုင်းရင်းသားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်)နှင့် အနိမ့်ဆုံးအဆင့်တွင်ရှိသော သက်ဆိုင်သော အစိုးရဌာနများမှတစ်ဆင့် ရိုးရှင်းစွာနှင့် ဗျူရိုကရေစီမဆန်စွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဆက်လက်ပြီး အသိအမှတ်ပြုရမည့် ဌာနေတိုင်းရင်းသားများ၏ မြေနယ်နိမိတ်အရွယ်အစားအပေါ်မူတည်၍ ယင်းနှင့် သက်ဆိုင်သည့် အနိမ့်ဆုံးအဆင့်တွင်ရှိသော သက်ဆိုင်ရာအစိုးရအဖွဲ့များအသီးသီး၏ ပံ့ပိုးကူညီမှုမှတစ်ဆင့် လက်မှတ်ထုတ်ပေးခြင်းများအား ဆောင်ရွက်သင့်သည်။ အသိအမှတ်ပြုလက်မှတ်/ ခေါင်းစဉ်အား တာဝန်ရှိအစိုးရဌာနနှင့် သက်ဆိုင်ရာအခွင့်အရေးကိုင်ဆောင်သော အဖွဲ့အစည်း၏ ကိုယ်စားလှယ်/ ခေါင်းဆောင်နှစ်ဦးစလုံးမှ ပူးတွဲလက်မှတ်ထိုးသင့်ပါသည်။

## အထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက်အသုံးချခြင်းအား ရှောင်ရှားရန်နှင့် သေချာသော တာဝန်ယူမှုရှိရန်အတွက် အပြန်အလှန်ထိန်းကျောင်းခြင်းများ

မြေအုပ်ချုပ်မှုအတွက် အားလုံးပါဝင်ဆုံးဖြတ်နိုင်သော နိယာမ၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်းအား ထိန်းသိမ်းကျင့်သုံးနေသည်များ သေချာစေရန်အတွက် အဆင့်တိုင်းအဆင့်တိုင်းအတွက် ထိန်းကျောင်းပေးမည့်/ စစ်ဆေးပေးမည့် နည်းစနစ်များထည့်သွင်းထားရန် လိုအပ်ပါသည်။ သက်ဆိုင်ရာအစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနေတိုင်းရင်းသားများ၊ မျိုးနွယ်စုများ၊ မျိုးနွယ်စုညွန့်ပေါင်းအဖွဲ့များ/ရပ်ရွာလူထုညွန့်ပေါင်းအဖွဲ့များနှင့် ရပ်ရွာလူထုအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ပူးတွဲ မြေဘုတ်အဖွဲ့/ မြေကောင်စီအား ဖွဲ့စည်းနိုင်ပါသည်။

အထက်တန်းလွှာများ၏ ကိုယ်ကျိုးအတွက် အသုံးပြုခြင်းခံရနိုင်သော အန္တရာယ်ရှိသည့် ကျယ်ပြောသော နယ်နမိတ်များနှင့် ပတ်သက်၍ အောက်ခြေအဆင့်တွင်ရှိသောသူများ၏ အခွင့်အရေးများအား သေချာသောအကာအကွယ်ပေးသည့် ယန္တရားများ သီးသန့်တည်ဆောက်ပေးရန် လိုအပ်ပါသည်။ (တစ်ဦးတစ်ယောက်ချင်းစီ၏၊ မိသားစုများ၏၊ မျိုးနွယ်စုများ၏၊ ရပ်ရွာလူထုအဖွဲ့များ၏ မြေနှင့်ဆိုင်သော အခွင့်အရေးများ) ယင်းမှာ ဥပမာအားဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေအုပ်ချုပ်မှုအပေါ်တွင်ရှိသော အခြေခံဒီမိုကရက်တစ်နိယာမများအတိုင်း သေချာဖော်ဆောင်ထားသော စည်းမျဉ်းစည်းကမ်းများမှတစ်ဆင့် သော်လည်းကောင်း မြေနှင့် အရင်းအမြစ်များနှင့်ပတ်သက်၍ ဓလေ့ထုံးတမ်းဆိုင်ရာ အုပ်ချုပ်မှုစနစ်အတွင်းရှိ ကြီးကြပ်ရေးယန္တရားများမှ တစ်ဆင့်သော်လည်းကောင်း အောင်မြင်စေရန် ဆောင်ရွက်နိုင်ပါသည်။ ဥပမာ- ဓလေ့ထုံးတမ်းဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများအား သီးခြားမြေကောင်စီများဖန်တီးခြင်းဖြင့် ပြည့်စုံစေခြင်း။ ယင်းအစိတ်အပိုင်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုရှိခြင်းနှင့် ကိုယ်စားပြုခြင်းများပါဝင်ရန်အတွက် အာမခံချက်များပေးရန်လည်း လိုအပ်ပါသည်။

## ထည့်သွင်းခြင်းနှင့် ဖယ်ထုတ်ခြင်းဆိုင်ရာ ပြဿနာများ

အလွန်ရှုပ်ထွေးသော တိုင်းရင်းသားမျိုးနွယ်ပုံစံအမျိုးမျိုးရှိသော ဌာနေတိုင်းရင်းသားဒေသများတွင် သေးငယ်သောတိုင်းရင်းသားအဖွဲ့များသည် ပို၍ကြီးသောတိုင်းရင်းသားအဖွဲ့၏ နယ်နမိတ်အတွင်းသို့ ၎င်းတို့၏ ဆန္ဒကိုအတိုင်းမဟုတ်ဘဲ အလိုမတူဆွဲထည့်ခြင်းခံရနိုင်သည့် အန္တရာယ်တစ်ခုလည်း ရှိပါသည်။ ဌာနေတိုင်းရင်းသားများ၏ နယ်နမိတ်များအား သတ်မှတ်ဖော်ထုတ်ခြင်း၊ နယ်နမိတ်သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုခြင်း(ခေါင်းစဉ်တပ်ခြင်း)တွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်းနိယာမအား သေချာစွာထည့်သွင်းခြင်းဖြင့် ယင်းသေးငယ်သော အဖွဲ့များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် FPIC အား တစ်လေးတစ်စားရှိမည်ဖြစ်ပြီး အကယ်၍ ၎င်းတို့မှဆန္ဒရှိမည်ဆိုပါက ၎င်းတို့၏နယ်နမိတ်များအားချန်လှပ်ကာ သီးခြားတစ်နေရာအဖြစ် အသိအမှတ်ပြုခြင်းခံယူနိုင်သည်။ ဌာနေတိုင်းရင်းသားမြေနေရာများရှိ ဌာနေတိုင်းရင်းသားမဟုတ်သောသူများနေဖြင့်လည်း ၎င်းတို့မှ ယင်းမြေများအား လိမ်လည်မမှန်မကန်စွာရယူခဲ့ခြင်းမဟုတ်ပါက ၎င်းတို့၏ မြေနှင့် အရင်းအမြစ်ရပိုင်ခွင့်များကို လေးစားလိုက်နာရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများအား ထိန်သိမ်းလိုက်နာသည့်အနေဖြင့် ၎င်းတို့အား ဌာနေတိုင်းရင်းသားများ၏ မြေအုပ်ချုပ်မှုစနစ်တွင် တရားမျှတသောနည်းလမ်းများဖြင့် ထည့်သွင်းထားသင့်သည်။ ၎င်းတို့သည် မြေကောင်စီကဲ့သို့သော မြေအုပ်ချုပ်မှုဆိုင်ရာအဖွဲ့များတွင် ကိုယ်စားပြုပါဝင်သင့်သည်။

## ဌာနေတိုင်းရင်းသားများ၏ မြေဒေသများတွင်ရှိသော ရှိရင်းစွဲ မြေတောင်းဆိုမှုများ၊ အသုံးပြုခွင့်၊ ငှားရမ်းခြင်း သဘောတူညီမှုများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများ

တစ်ဦးတစ်ယောက်စီနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၏ မြေတောင်းဆိုခြင်း၊ မြေအသုံးပြုပိုင်ခွင့် ခွင့်ပြုလက်မှတ်၊ ငှားရမ်းခြင်း သဘောတူချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ၎င်းတို့အတွက် ထုတ်ပေးခဲ့စဉ်က အခြေအနေပုံစံများဖြင့် ပြန်လည်စစ်ဆေးအကဲဖြတ်ရမည်ဖြစ်သည်။ (ဆိုလိုသည်မှာ- ယင်းမြေနေရာများ အပေါ်ရှိ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးကိုင်ဆောင်ထားသူထံ အသိပေးသဘောတူညီချက်တောင်းခံ ခဲ့ခြင်းရှိ၊ မရှိ) ဆက်လက်၍ ယင်းပြန်လည်စစ်ဆေးအကဲဖြတ်ခြင်းမှ ထွက်ပေါ်လာသောချက်များအားမူတည်၍ ၎င်းတို့အား ဖျက်သိမ်းခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းမှုရယူခြင်းများ ဆောင်ရွက်ရပါမည်။

## ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိတ်နှင့် အရင်းအမြစ်များအပေါ်ရှိ ယခင်အခွင့်အရေးများအား ပြန်လည်နေရာချခြင်း

ဌာနေတိုင်းရင်းသား ရပ်ရွာလူထုများ၊ မိသားစုများနှင့် တစ်ဦးတစ်ယောက်စီမှ လက်နက်ကိုင် ပဋိပက္ခများကြောင့် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း သို့မဟုတ် မြေသိမ်းယူမှုများကြောင့်လည်းကောင်း နေရာရွှေ့ပြောင်းခံခဲ့ရခြင်းများရှိပါက ၎င်းတို့၏ အခွင့်အရေးများအား အပြည့်အဝပြန်လည်ရယူရန် အခွင့်အရေးရှိပါသည် သို့မဟုတ် ထိုသို့မြေနှင့် အရင်းအမြစ်အခွင်အရေးများအား ပြန်လည်ထည့်သွင်းရန် မဖြစ်နိုင်သော ဒေသများတွင် (ဥပမာ – သဘာဝဘေးအန္တရာယ်ကြောင့် မြေယာများသည် နောက်ပိုင်းတွင်လည်း ပြန်လည်အသုံးပြု၍မရနိုင်အောင် ပျက်စီးသွားခြင်း) အသက်မွေးဝမ်းကြောင်းပြုရန်အတွက် အခြားနေရာများကို ပြင်ဆင်ပေးရပါမည်။

## အမျိုးသားအကျိုးစီးပွားတွက် မြေသိမ်းယူခြင်း

ဌာနေတိုင်းရင်းသားများ၏ မြေ၊ နယ်နမိတ်များနှင့် အရင်းအမြစ်များအား မည်သို့သော အမျိုးသား အကျိုးစီးပွားအတွက် သိမ်းယူမှုများအတွက်ကိုမဆို အကျိုးသက်ရောက်သော ရပ်ရွာလူထု၊ မိသားစုများ သို့မဟုတ် တစ်ဦးတစ်ယောက်စီထံမှ ပြည့်ဝသည့် လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီချက် ရယူရမည်ဖြစ်သည်။

## ဥပဒေများအား ညီညွတ်မျှတစေရေးနှင့် အခြားဥပဒေများအတွက် လိုအပ်ချက်

မြေဥပဒေအား စတင်ကျင့်သုံးပြီဆိုပါက အခြားဥပဒေများသည်လည်း ယင်းဥပဒေနှင့်အညီ ညီညွတ်မျှတရမည်ဖြစ်ပြီး ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကဲ့သို့သော ဥပဒေအသစ်များကိုလည်း မဖြစ်မနေ ပြဋ္ဌာန်းရမည်ဖြစ်သည်။

## အသုံးအနှုန်းအများ၏ အဓိပ္ပါယ်များ

ဥပဒေတွင် အသုံးပြုမည့် အဓိက အသုံးအနှုန်းများအား ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားရန် လိုအပ်ပါသည်။ ၎င်းတို့အတွင်းမှာ အချို့များ အောက်ပါအတိုင်းဖြစ်သည်။

- Collective rights စုပေါင်းရပိုင်ခွင့်
- Communal land အများပိုင်မြေ
- Communal rights အများပိုင် အခွင့်အရေး
- Community ဒေသခံအစုအဖွဲ့/အသိုက်အဝန်း/ရပ်ရွာလူထု
- Customary land ဓလေ့ထုံးတမ်းဆိုင်ရာမြေ
- Customary land use/management ဓလေ့ထုံးတမ်းဆိုင်ရာမြေအသုံးပြုမှု/စီမံခန့်ခွဲမှု
- Customary law ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ
- Customary rights holder ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများ ကိုင်ဆောင်ထားသူ
- Customary tenure and customary land rights ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းဆိုင်ရာမြေ အခွင့်အရေးများ
- Legal entity တရားဝင်အဖွဲ့အစည်း
- Rotational taungya (shifting cultivation) အလှည့်ကျတောင်ယာ (ရွှေ့ပြောင်း တောင်ယာ/စိုက်ပျိုးခြင်း)
- Taungya land တောင်ယာမြေ

## မှတ်စုများနှင့် ရည်ညွှန်းကိုးကားစာတမ်းများ

1 Ennion, Jim David 2015. From conflicting to complementing: The formalisation of customary land management Systems governing swidden cultivation in Myanmar. Master of Law thesis. Victoria University Wellington, p. 36. http://www.burmalibrary.org/docs21/Ennion-2015-Formalisation_of_swidden_land_use_rights_in_Myanmar-red.pdf,

2 Ibid.

3 Ibid., p. 38

4 Ibid.

5 Ibid.

6 Ibid., p. 40

7 The law on "Duties and Rights of the Central Committee for the Management of Culturable Fallow Land and Waste Land 1991"

8 Ennion op.cit., p. 41

9 http://thediplomat.com/2012/08/25/land-reform-key-to-burmas-future/

10 Scurrah, Natalia, Kevin Woods and Philip Hirsch. 2015. The Political Economy of Land Governance in Myanmar. Mekong Region Land Governance (MRLG), November 2016, p. 10

11 Allaverdian, Celine, J. Fogerite, N. Scurrah, Si Thu Than Htike 2017. Documenting Customary Tenure in Myanmar A guidebook First edition. MRLG guidebook #1. Vientiane & Yangon: Mekong Region Land Governance, p. 13

12 Public International Law & Policy Group 2017. Analysis if Burma's Farmland Law. Legal Memorandum. FHI 360, p. 8

13 Oberndorf, Robert B. 2012. Legal Review of Recent Enacted Farmland Law and Vacant, Fellow and Virgin Land Management Law. Yangon: Food Security Working Group, page 19

14 Public International Law & Policy Group 2017, op.cit., p. 16

15 Vacant, Fallow and Virgin Lands Management Law, 2018. Chapter I, para. 2(e)

16 Ibid., chapter II, 3.a.(a)

17 Ibid., Chapter IV, clause 10 and 11s

18 Ibid., clause 10

19 Aung Kyaw Naing, Community Forestry Patnership Coordinator at RECOFTC Myanmar, personal communication

20 Allaverdian, Celine, J. Fogerite, N. Scurrah, Si Thu Than Htike 2017. Documenting Customary Tenure in Myanmar A guidebook First edition. MRLG guidebook #1. Vientiane & Yangon: Mekong Region Land Governance, p. 14

21 US$ 325

22 Civil Society Organizations' Statement on the Vacant, Fallow & Virgin Land Management 2018 and related announcement. 16 November 2018. https://progressivevoicemyanmar.org/2018/11/16/civil-society-organizations-statement-on-the-vacant-fallow-virgin-land-management-2018-and-related-announcement/

23 NAMATI 2019. Most Farmers Do Not Know about the Vacant, Fallow and Virgin Land Management Law as the Grace Period to Register Closes. New data from a survey of 290 farmers who depend on land classified as Vacant, Fallow and Virgin Land. Report. https://namati.org/resources/most-farmers-do-not-know-about-the-vacant-fallow-and-virgin-land-management-law-as-the-grace-period-to-register-closes/

24 Ministry of Natural Resources and Environmental Conservation 2019. Notification No. (69/2019). Community Forestry Instructions, article 23 (f).

25 Paragraph 5

26 "A declaration of war on us": The 2018 VFV Law amendment and its impact on ethnic nationalities.

Progressive Voice web-site, poste on 13-12-18, accessed on 18-06-19. https://progressivevoicemyanmar.org/2018/12/13/a-declaration-of-war-on-us-the-2018-vfv-law-amendment-and-its-impact-on-ethnic-nationalities

27 Myanmar Center for Responsible Business website, accessed on 18-06-19. https://www.myanmar-responsiblebusiness.org/pdf/2019-01-10-letter-virgin-vacant-and-fallow-lands-law_en.pdf

28 Forest Law 2018, chapter III, section 6

29 Ibid., chapter XII, section 40

30 Ibid., paragraph 17, "However, if it is for personal use such as domestic use or for use in agricultural or piscatorial use not on a commercial scale, forest produce may be extracted in an amount not exceeding the quantity stipulated by the Ministry, without obtaining a permit."

31 Forest Law 2018, article 7 (a) and (c) respectively

32 Draft Forest Rules 2019, chapter II, section 13 (a)

33 MRLG 2019. Review of the Myanmar Forest Law (2018) and draft Forest Rules: Priorities for protecting and strengthening customary tenure rights (draft, mimeo), p. 6

34 Ministry of Natural Resources and Environmental Conservation 2016. Community Forestry Instructions, para. 24 (h)

35 Ibid., para. 24 (f)

36 The CFI of 1995 states in paragraph 19 (e) "Land allotted for community forest development should not be used for gardening or shifting cultivation purposes, with the exception of agroforestry"

37 Community Forestry Instructions 2016, para 3 (c)

38 Ministry of Natural Resources and Environmental Conservation 2019. Community Forestry Instructions. Notification No. (69/2019) (draft); para 2 (b)

39 Community Forestry Instructions draft 2019, para. 4 (f), in the CFI 2016 in para 5(f)

40 Ibid., para. 11 (b), in the 2016 CFI also 11(b): "Area defined by traditionally or customarily"

41 Chapters IV and XI

42 Chapter IX and XI

43 Article 8 (g)

44 The Republic of the Union of Myanmar 2019. The Land Acquisition, Resettlement and Rehabilitation Law (unofficial translation), chapter I, paragraph 3 (c) (iv)

45 Ibid., article 3 (c) (iv), 6 (d) and (e), 15 (d) and article 50

46 Myanmar Center for Responsible Business 2018. Bilingual Comments on Land Acquisition, Resettlement and Rehabilitation Law (Draft). 17 August 2018. https://www.myanmar-responsiblebusiness.org/pdf/2018-08-17-MCRB-comments-draft-LAA.pdf

47 Land Acquisition, Resettlement and Rehabilitation Law, chapter IV, paragraph 15 (d).

48 Draft Land Acquisition Bill 2017, Article 17 (a)

49 Ibid., Article 20 (b)

50 Ibid., Article 21 (d)

51 Land Acquisition, Resettlement and Rehabilitation Law 2019, Article 18 (a)

52 Ibid., article 41

53 Ibid., article 41 (a)

54 Draft Survey Law 19 May 2019, unofficial English translation for consultation. MS Word document

55 100-household leader is part of the local government administration. Authority is given to village leaders over 100 to 200 households. Villages with more than 200 people have more than one 100-household leader.

56 In 2015 it was renamed to Department of Agriculture, Land Management and Statistics.

57 Since it was taken over by the Department of Agriculture land Management and Statistics

58 Kin Khine Win 2017. What a great news, Myanmar ratified the ICESCR. The Global New Light of Myanmar http://www.globalnewlightofmyanmar.com/great-news-myanmar-ratified-icescr/, post-

ed on 12-10-17, accessed on 05-08-19

59 Liljeblad, Jonathan n.d. Policy Brief: Indigenous Rights within the International Covenant on Economic, Social, & Cultural Rights (ICESCR). Yangon: POINT, p. 2

60 Office of the High Commissioner for Human Rights (OHCHR) 2009. General Comment 21: Right of Everyone to Take Part in Cultural Life, paragraph 36, p. 9https://tbinternet.ohchr.org/_layouts/treatybodyexternal/TBSearch.aspx?TreatyID=9&DocTypeID=11, accessed on 06-08-19

61 Food and Agriculture Organization of the United Nations 2012. Voluntary Guidelines for Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security. Rome: FAO, paragraph 9.4, p. 15

62 The Republic of the Union of Myanmar 2016. National Land Use Policy. January, 2016, Introduction, paragraph 5

63 Ibid., Part (II), chapter (I), paragraph 9.

64 Ibid., para. 64

65 Ibid., para. 69

66 Ibid., para. 68

67 Ibid., para. 69

68 Ibid., para. 74

69 Ibid., para. 77

70 OpenDevelopment Cambodia. Ethnic minorities and indigenous peoples. Posted on 16 July 2016. https://opendevelopmentcambodia.net/topics/ethnic-minorities-and-indigenous-people/

71 The five countries are Cambodia, Japan, Nepal, Philippines and Taiwan. Other countries, like India or Malaysia, have laws protecting some rights of population groups commonly identified, or who identify themselves, as indigenous peoples but are officially using other designations, i.e. Scheduled Tribes in India, Natives in Malaysia

72 Ministry of Land Management, Urban Planning and Construction, Government of Cambodia 2001. Land Law 2001 (unofficial translation), paragraph 26. Retrieved on 28-07-19 at: faolex.fao.org/docs/texts/cam27478.doc

73 Milne, Sarah 2013. Under the leopard's skin: Land commodification and the dilemmas of Indigenous communal title in upland Cambodia. Asia Pacific Viewpoint, Vol. 54, No. 3, December 2013, p. 326

74 Peter Swift, personal communication

75 Ngo, Sothath and Lay, Chantha 2016. The Recognition and Security of Customary Tenure of Indigenous Peoples in Cambodia: a Legal Perspective. MRLG Thematic Study Series #2. Vientiane: MRLG and CIYA, p.

76 Ironside, Jeremy 2017. The Recognition of Customary Tenure in Cambodia. MRLG Thematic Study Series #5. Vientiane: MRLG, p. 14

77 Peter Swifft, personal communication

78 Ibid., p.iv

79 Open Development Cambodia, op.cit.

80 Ironside 2017, op.cit., p. 12

81 Open Development Cambodia, op.cit.

82 Ironside 2017, op.cit., p. 3, quoting Diepart and Sem 2015

83 Open Development Cambodia, op.cit.

84 Ngo and Lay 2016, op.cit., p. 2

85 Ibid., p. 3

86 Peter Swift, personal communication

87 Ibid.

88 Ibid.

89 Ironside, op.cit., p. 14

90 Ibid., p. 15f

91 Grimsditch, Mark and Laura Schoenberger 2015. New Actions and Existing Policies. The Implementation and Impacts of Order 01. Phnom Penh: The NGO Forum on Cambodia, p. 1

92 Open Development. National Land Program Dropped Communal Titles. https://opendevelopment-cambodia.net/tag/order-01/, posted on 6 February 2013, accessed on 02-08-19

93 Grimsditch and Schoenberger 2015, op.cit., p. 3

94 Rural 21. The International Journal for Rural Development. Fast-track land titling under Order 01. https://www.rural21.com/english/a-closer-look-at/kategorie/article/cambodia-land-grabs-and-rural-dispossession-by-government-design-00002055/; accessed on 02-08-19

95 Grimsditch and Schoenberger 2015, op.cit., p. 3

96 Ibid., p. 4

97 See Milne 2013, op.cit.

98 Ibid., p. 332

99 Ibid.

100 Ibid., p. 333

101 Peter Swift, personal communication

102 Milne 2013, p. 333

103 Ibid.

104 Grimsditch and Schoenberger 2015, op.cit., p. 4

105 Milne 2013, op.cit., p. 334

106 Ibid., p. 335

107 Ironside 2017, op.cit., p. 19

108 International Work Group for Indigenous Affairs (IWGIA) 2019. The Indigenous World 2019. Copenhagen: IWGIA, p. 293.

109 Wenk, Irina 2012. Ancestral domain: land titling and the conjuncture of government, rights and territory in central Mindanao. Ph.D. thesis, University of Zurich, Faculty of Arts. Posted at the Zurich Open Repository and Archive, University of Zurich ZORA URL: https://doi.org/10.5167/uzh-76066, p. 132

110 Luithui-Erni, Shimreichon 2019. Asia, in: Indigenous Peoples Major Group for Sustainable Development. Global Report on the Situation of Lands, Territories and Resources of Indigenous Peoples. IPMG, p. 25

111 Republic of the Philippines 1997. Republic Act No. 8371 ("The Indigenous Peoples Rights Act of 1997"). Metro Manila: Congress of the Philippines, Republic of the Philippines, chapter III, section 11.

112 Ibid., chapter II, section 3

113 Wenk 2012, op.cit., p. 12

115 Republic of the Philippines 1997, op.cit., chapter III, section 7

116 Ibid., chapter VIII, section 57).

117 Rutten, Rosanne 2016. Indigenous People and Contested Access to Land in the Philippines and Indonesia. Kasarinlan, Vol. 30 No. 2 and Vol. 31 No. 1, p. 8

118 Ibid.

120 Republic of the Philippines 1997, op.cit., chapter III, section 7(b)

121 Ibid.

122 Wenk 2012, op.cit., p. 138

123 Luithui-Erni, op.cit.

124 Wenk 2012, op.cit., p. 136

125 Ibid., p. 142

126 Ibid., p. 141

127 Republic of the Philippines 1997, op.cit., chapter II, section 3(a)

129 Rutten 2016, op. cit., p.9

130 Padilla 2008, cited in Rutten 2016, op. cit., ibid.

131 Erni 2008, cited in Rutten 2016, op. cit., ibid.

132 Bennagen, Ponciano L. 2007. "Amending" IPRA, Negotiating Autonomy, Upholding the right to Self-determination; in: Gatmaytan (ed.) 2007, op.cit., p. 189

133 Gatmaytan 2007, op.cit., p. 25

134 Ibid., p. 26

135 IPRA chapter II, section 3 (o); Implementing Rules and Regulations Section 2 on Composition of Ancestral Domains/Lands

136 Gatmaytan 2007, op.cit., p. 26

140 See e.g. articles in Gatmaytan (ed.) 2007 op.cit. and Rutten op.cit.

141 Gatmaytan 2007, op.cit., p. 17

142 Ibid.

143 Ibid., p. 18

144 Ibid.

145 Chapter III, section 11

146 Rule VIII, part I, section 2 a)

147 Wenk 2012, op.cit., p. 225

148 Ibid.

149 Ibid., p. 375

151 Rutten 2016, op.cit., p. 11

152 Rutten 2016, op.cit., p. 12

153 See e.g. Gatmaytan (ed.) 2007 op.cit., Gatmaytan, Augusto Jose B. 2013. Indigenous Autonomy Amid Counter-Insurgency: Cultural Citizenship in a Philippine Frontier. PhD thesis, London School of Economics and Political Science

155 Chapter III, section 7 e)

156 Wenk 2012, op.cit., p. 412

157 Rutten 2016, op.cit., p. 13, referring to a paper by Paredes published in the same journal.

158 Wenk 2012, op.cit., p. 246